# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday , 15 September 2016 (၈၆၈၅)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘယ်လ်ဂျီယံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား The 2016 Harvard Humanitarian of the Year ဆု ချီးမြှင့်မည်

စာမျက်နှာ - ၃

# ဇာတိရပ်ရွာ ဒေသများ၌ တာဝန်ထမ်းဆောင်သည့်အခါ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားစေရေး ဆက်လက်ကြိုးစားကြရန် တိုင်းရင်းသား သင်တန်းသား သင်တန်းသူများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် တွေ့ဆုံမှာကြား

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် (၃)နှစ် သင်တန်းအမှတ်စဉ် (၄၅)မှ သင်တန်းသား သင်တန်းသူများအား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ တွေ့ဆုံ၍ သြဝါဒစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များကို တွေ့ဆုံအမှာစကား ပြောကြားခွင့်ရသည့်အတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခင်မင်ရင်းနှီးစွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## တာဝန်ယူမှု တာဝန်ခံမှုရှိသော လူ့အဖွဲ့အစည်းနှင့် တည်ငြိမ်အေးချမ်းသော လူမှုပတ်ဝန်းကျင် တည်ရှိမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင် ပြည့်မီအောင် ဖော်ဆောင်နိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ
၂၀၁၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့
အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

**နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း စစ်မှန်သော ဒီမိုကရေစီအနှစ်သာရများကို ပြည့်ပြည့်ဝဝ ခံစားရရှိနိုင်ပါစေကြောင်းနှင့် ထိုသို့ခံစားနိုင်စေရန်အတွက် နိုင်ငံ၌ ဒီမိုကရေစီ အလေ့အထကောင်းများ ထွန်းကားရှင်သန်ပါစေကြောင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒




ကြေးမုံ

# လယ်သမားငယ်လေးများနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မှု

အာဖရိက မြစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (Alliance for a Green Revolution in Africa- AGRA) သည် အာဖရိကအခြေစိုက် အဖွဲ့အစည်းဖြစ်ပြီး အစိုးရများ၊ လယ်ယာစိုက်ပျိုးရေးသုတေသနဌာနများ၊ လယ်သမားများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အပါအဝင် အရပ်ဘက်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပါသည်။ လယ်သမားငယ်လေးများ၏ ရေရှည်အဆက်မပြတ် တိုးတက်မှုအပေါ် အခြေခံ၍ စားနပ်ရိက္ခာဖူလုံသော အာဖရိက၊ ဖွံ့ဖြိုးတိုးတက်သော အာဖရိက ဖန်တီးရန်ဖြစ်ပါသည်။ မျိုးစေ့မှသည် မြေဆီဩဇာကောင်းမွန်သော လယ်ယာမြေနှင့်ရောင်းချရမည့် ဈေးကွက်အထိ မူဝါဒနှင့် ဘဏ္ဍာရေးကိစ္စရပ်များကို အာဖရိကတိုက်၏ ပကတိအခြေအနေနှင့်လျော်ညီစွာ ပုံဖော်ထုဆစ်၍ ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်ပါသည်။

လက်ရှိ၌ အာဖရိကတိုက်ရှိ လယ်သမားငယ်လေးများ၏ ၂၅ ရာခိုင်နှုန်းသော မျိုးကောင်း မျိုးသန့် မျိုးစေ့များကို ရရှိကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လယ်သမားအားလုံး၏ ၈၀ ရာခိုင်နှုန်းက မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ရရှိကြသည်။ အာဖရိကတိုက် မြစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (AGRA)က အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိသည်။ အာဖရိကမြစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (AGRA)၏ အတွေ့အကြုံအရ မြေဆီဩဇာ ခန်းခြောက်နေသော အာဖရိကလယ်မြေများကို ဓာတ်မြေဩဇာသုံးစွဲမှုနှင့်အတူ တွဲဖက်၍ မြေဆီဩဇာမြင့်မားစေသော နည်းလမ်းတို့ သုံးစွဲခြင်းသည် လယ်ယာမြေအထွက်နှုန်း တိုးတက်ရေးအတွက် မရှိမဖြစ် အရေးပါသည်ကို တွေ့ရှိရသည်။ အာဖရိကပြည်သူတို့၏ ၇၀ ရာခိုင်နှုန်းသည် အသေးစားလယ်ယာမြေလုပ်ငန်းတို့အပေါ် မှီခိုနေသည်ဖြစ်၍ လယ်သမားငယ်တို့၏ အောင်မြင်မှုသည် အာဖရိကတိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အာမခံချက်ပေးလိုက်ခြင်း ဖြစ်သည်။

အာဖရိကမြစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (AGRA)မှ လက်တွေ့ရရှိခဲ့သော သင်ခန်းစာတစ်ရပ်မှာ စီးပွားရေးအကျိုးအမြတ်ဖန်တီးနိုင်ရန် လယ်ကွက်များ ကျယ်ပြန့်ကြီးမားရန်မလိုဟူသော အချက်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မြို့ပြများ၌ အလုပ်အကိုင်ရှာဖွေနိုင်စွမ်းမရှိသော ပြည်သူတို့ကို ကျေးလက်တောရွာများတွင် လယ်သမားငယ်များအဖြစ် လုပ်ကိုင်နိုင်ရန် ဖန်တီးပေးနိုင်ခြင်းသည် တိုင်းပြည်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေခြင်းပင်ဖြစ်သည်။ အာဖရိကမြစိမ်းရောင်တော်လှန်ရေး၏ ထူးခြားချက်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများနှင့်အညီ မြေဆီဩဇာထိန်းသိမ်းခြင်းနှင့် အာဖရိကမျိုးရင်းသီးနှံတို့ကို ထိန်းသိမ်းတိုးပွားစေခြင်းဖြစ်ပါသည်။ အာဖရိကလယ်သမားငယ်လေးများ စားနပ်ရိက္ခာမဖူမလုံဖြစ်နေသည်ကို ပြောင်းပြန်လှန်နိုင်ရန်အတွက် အာဖရိကမြစိမ်းရောင်တော်လှန်ရေးအဖွဲ့ (AGRA)သည် လယ်သမားငယ်လေးများအား မရှိမဖြစ် စိုက်ပျိုးရေးနည်းပညာနှင့် ဗဟုသုတများ ဖြန့်ဝေပေးရေးကို အထူးဂရုပြုဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

အာဖရိကမြစိမ်းရောင်တော်လှန်ရေးအဖွဲ့ (AGRA)၏ အတွေ့အကြုံအရ လယ်ယာမြေပိုင်ဆိုင်ခွင့်သည် လယ်သမားငယ်လေးများက နည်းပညာအပါအဝင် လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ခွန်စိုက်အားစိုက်လုပ်ကိုင်လာရေးအတွက် အဓိကမက်လုံးတစ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။ အာဖရိကမြစိမ်းရောင်တော်လှန်ရေးအဖွဲ့ (AGRA)အောင်မြင်မှုများ၏ အဓိကသော့ချက်သည် အဖွဲ့က လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်သမားများနှင့် လက်ရည်တစ်ပြင်တည်း လက်တွဲလုပ်ကိုင်ခြင်းဖြစ်ပါသည်။ အာဖရိကလယ်သမားငယ်လေးတို့၏ဘဝသည် မြန်မာလယ်သမားများ၏ဘဝနှင့် တူညီမှုများစွာရှိ၍ အာဖရိကမြစိမ်းရောင်တော်လှန်ရေးအဖွဲ့ (AGRA)၏ လုပ်ဆောင်ချက်များကို လေ့လာနမူနာယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တိုးတက်ရေးနှင့် ထိန်းသိမ်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် စက်တင်ဘာ ၁၁ ရက် နံနက် ၇ နာရီတွင် မော်လမြိုင်မြို့ အတ္ထရံတံတားရိပ်သာ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် တွေ့ဆုံပြီး မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် အစီအစဉ်၊ B.O.Tကုမ္ပဏီများမှ ဆောင်ရွက်သော လမ်း၊ တံတားများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေးကိစ္စရပ်များ၊ ငါးနှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် အတ္ထရံတံတားကြံ့ခိုင်မှုနှင့် ဂျိုင်းတံတား(ဇာသပြင်) ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ ဘားအံ-ဇာသပြင်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း လမ်းမတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်ရှိ မြို့နယ်၊ ခရိုင် အထူးအဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်၊ ခရိုင် အထူးအဖွဲ့များမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်သော လမ်း၊ တံတားများ တိုးတက်ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ရန်၊ ပြည်သူများအတွက် ဦးစားပေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် အထူးအလေးထားဆောင်ရွက်ရန်၊ မိမိပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရှိ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး အရာထမ်း၊ အမှုထမ်းများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သံလွင်တံတား(ဘားအံ) ကြံ့ခိုင်မှု၊ ဘားအံ-သထုံ-ကျိုက်ထို-စစ်တောင်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေကို လည်းကောင်း၊ ဒိုက်ဦး-ညောင်ခါးရှည်-စစ်တောင်းလမ်း အခြေအနေနှင့် အဆိုပါ လမ်းပေါ်ရှိ ဝဇီချောင်းတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပသည်။

အခမ်းနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးမျိုးအောင်ဌေးက ဒုတိယသမ္မတမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးတွင် ကြိုးပမ်းအားထုတ်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ၁၀ မိနစ်ခန့် နောက်ခံစကားပြောဖြင့် တင်ပြခြင်းနှင့် တိုင်းဒေသကြီးအဆင့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ INGO နှင့် NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**






# မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာအုပ်စု အထကကျောင်း၌ အသိပညာပေးဟောပြောပွဲကျင်းပ

**မအူပင် စက်တင်ဘာ ၁၄**

စာဖတ်ရှိန်မြှင့်တင်ရေး၊ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေများကို သိရှိလိုက်နာနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွှေတောင်မော်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း သုတရတနာခန်းမဆောင်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မအူပင်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်လွင်၊ အမှတ်(၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မအူပင်) ဒု-ရဲမှူးကျော်စိုးမိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်တို့ ပူးပေါင်းသောအဖွဲ့သည် သက်ဆိုင်ရာဌာန၏ ကဏ္ဍများအလိုက် အသိပညာပေးဟောပြောကြောင်း သိရသည်။

ဟောပြောပွဲသို့ ရွှေတောင်မော် အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၆၀၀ ကျော်တက်ရောက်ပြီး ဟောပြောပွဲအပြီးတွင် ကျောင်းစာကြည့်တိုက်နှင့် ကျေးရွာစာကြည့်တိုက်အတွက် ပြန်/ဆက်ဦးစီးဌာနက သုတ/ရသ စာအုပ်စာစောင်များ လှူဒါန်းသည်။ ယင်းနောက် အသိပညာပေးပြသထားသည့် ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းအား စစ်ဆေး

**သီပေါ စက်တင်ဘာ ၁၄**


သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် မူးလေးကျေးလက်လမ်း (၁/၄၅)မိုင် ကျောက်ချောခင်းခြင်း၊ ပြည်ထောင်စုလမ်းမကြီးမှ ကုန်းသာ မိုးလင်းလမ်း တစ်မိုင် ကျောက်ချောခင်းခြင်းနှင့် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ပန်ညု၊ ပန်မိတ်၊ ကောင်းလန်း၊ နမ့်ပျဉ်၊ ပန်မွမ်း၊ ကောက်တိုင်၊ နမ့်ပုတ်၊ ကောင်းနွတ်၊ နောင်လိုင်၊ နမ့်မွန်း၊ ပန်မြိုင်း၊ ဆောင်ကြဲ၊ လွယ်တောင်းကျေးရွာ ၁၃ ရွာအား ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမျိုးမင်းစိုးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၂ ရက်က လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

**စိုင်း(သီပေါ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၄**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး မစ္စတာ မာ့ခ်မီရှယ်ဆမ် အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ ရောက်ရှိ



**ဝါရှင်တန်ဒီစီ စက်တင်ဘာ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ညနေပိုင်းက လန်ဒန်မြို့မှ ထွက်ခွာခဲ့ရာ ညပိုင်းတွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်လင်း၊ အမေရိကန်သံတမန်ဌာန အကြီးအကဲ Ambassador Peter A. Selfridge၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ဒါးလက်စ် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် နိုင်ငံတော်ဧည့်ဂေဟာ Blair House သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား The 2016 Harvard Humanitarian of the Year ဆု ချီးမြှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား The 2016 Harvard Humanitarian of the Year ဆုကို ဟားဗတ်ဖောင်ဒေးရှင်းမှ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ချီးမြှင့်မည်ဖြစ်သည်။

ဟားဗတ်တက္ကသိုလ်၊ ဟားဗတ်ဖောင်ဒေးရှင်းအနေဖြင့် The Harvard Humanitarian of the Year ဆုကို နှစ်စဉ်ချီးမြှင့်ခြင်းဖြစ်ပြီး လူသားတို့၏ ဘဝနေထိုင်မှုများ တိုးတက်လာစေရန်၊ ကောင်းမြတ်သော ကျင့်ကြံမှုများကို အားကျလေးစားလာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများအား ရွေးချယ်ချီးမြှင့်ပေးသည့်ဆုဖြစ်ကာ မာတင်လူသာကင်းစီနီယာ၊ ဒက်စ်မွန်တူးတူး၊ ဘင်ယာမင်ဟုခ် စသည့် ပုဂ္ဂိုလ်များကို ချီးမြှင့်ခဲ့သည်။

ထို့ပြင် ၂၀၁၃ ခုနှစ်တွင် မာလာလာ၊ ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ ၂၀၁၅ ခုနှစ်တွင် နိုဘယ်လ်ဆုရှင် Kailash Satyarthi တို့ ရရှိခဲ့ကြပြီးဖြစ်သည်။

ယခုနှစ်တွင် မြန်မာနိုင်ငံမှ နိုဘယ်လ်ဆုရှင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

# ပုဂံမနူဟာဘုရားဗုဒ္ဓပူဇနီယပွဲတော်တွင် ရိုးရာအရုပ်သွန်းပွဲဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ညောင်ဦး စက်တင်ဘာ ၁၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ မြင်းကပါရပ်တွင် မနူဟာမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော မနူဟာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်တော်သလင်းလဆန်း ၁၄ ရက်နှင့် တော်သလင်းလပြည့်နေ့တို့တွင် ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း မိရိုးဖလာရိုးရာအရုပ်သွန်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲ၊ ဗလာဇာတ်သဘင်ပွဲများနှင့်အတူ ပွဲဈေးတန်းများခင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် ထူးခြားမှုတစ်ခုဖြစ်သော တော်သလင်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ပွဲတော်အဝင်နေ့တွင် ကျင်းပလေ့ရှိသည့် ရိုးရာအရုပ်သွန်းပွဲကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အထူးစိတ်ဝင်စား၍ လာရောက်လေ့လာကြသည်။ အရုပ်သွန်းပွဲကို ရိုးရာအမွေအနှစ် ထိန်းသိမ်းသည့်အနေဖြင့် အစဉ်အလာမပျက်နှစ်စဉ်ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုလျက်ရှိရာ ဓာတ်ပုံဝါသနာရှင်များ၊ ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့များကလည်း မှတ်တမ်းလာရောက်ရိုက်ကူးကြသည်။ မြင်းကပါရပ်ကွက်အတွင်းရှိ မြို့မ၊ မြို့ရှေ့၊ မြို့ညွန့်၊ စိန်ကုန်း၊ မြို့လယ်၊ ရွှေခြံရပ်များမှ ဒေသခံပြည်သူများက အရုပ်သွန်းပွဲတော်တွင် ဦးစီးပေးပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

"ဒီနှစ်အရုပ်တွေက လူငယ်၊ လူကြီးတွေက အကုန်ချိုးကြတော့ များမယ်လို့တော့ထင်ပါတယ်။ အရုပ်ချိုးတဲ့ ပညာက မိရိုးဖလာ ဖြစ်နေတော့ ကလေးတွေကအစချိုးတတ်တယ်။ အခုကျွန်တော်တို့ချိုးနေတဲ့ အရုပ်က (၂၁)ရာစုပင်လုံညီလာခံကို ဂုဏ်ပြုတဲ့ အနေနဲ့သရုပ်ဖော်ထားတဲ့ ချိုးဖြူငှက်နဲ့ လူရုပ်ပါ။ ၁၅ ရက် လောက်ကြာပါပြီ။ အခုတော့ နောက်ဆုံးအဆင့်အနေနဲ့ ဆေးသုတ် အချောကိုင်နေတာပါ" ဟု မနူဟာဘုန်းတော်ကြီးကျောင်းကိုယ်စားပြု အရုပ်သွန်းမည့်တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ အရုပ်သွန်းပွဲတော်ကို စက်တင်ဘာ ၁၅ ရက်(တော်သလင်းလဆန်း ၁၄ ရက်) မွန်းလွဲ ၂ နာရီမှစတင်၍ ကျင်းပမည်ဖြစ်ကြောင်း၊ တော်သလင်းလပြည့်နေ့တွင် ဘုရားကြီးရင်ပြင်တော်၌ သံဃာတော်များအား ဆွမ်းသပိတ်လုံးဆက်ကပ်လှူဒါန်းပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



မနူဟာဘုရားဗုဒ္ဓပူဇနီယပွဲတော် အရုပ်သွန်းပွဲတွင် ပါဝင်ပြသမည့် (၂၁)ရာစုပင်လုံညီလာခံဂုဏ်ပြုသရုပ်ဖော် ချိုးဖြူငှက်နှင့်လူရုပ်ကို ပြင်ဆင် ဆောင်ရွက်နေကြစဉ်။

# (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပ

**နယူးယောက် စက်တင်ဘာ ၁၄**
(၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်ရုံးတွင် စက်တင်ဘာ ၁၃ ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဆီးရီးယားပြည်တွင်းစစ်၊ စစ်ဘေးရှောင်ဒုက္ခသည်များ အရေးအပါအဝင် ပြုံယမ်း၏ နျူကလီးယားစမ်းသပ်မှုစသည့် ကိစ္စရပ်များကို အဓိကထား ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အစည်းအဝေးသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဖီဂျီသံတမန်ဟောင်း ပီတာသွမ်ဆန်က ညီလာခံသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ၎င်းပြောကြားမည့် မိန့်ခွန်းတွင် လူသားများ၏ အသက်နှင့် စည်းစိမ်ကို ခြောက်လှန့်ဖျက်စီးနေသည့် ခြိမ်းခြောက်မှုများကိုဖြေရှင်းရန် အဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းပြောကြားသွားမည်ဖြစ်ကြောင်း ဆိုသည်။ ဘန်ကီမွန်းသည် ယခုနှစ်ကုန်ပိုင်းတွင် သူ၏ဒုတိယအကြိမ် ငါးနှစ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အမေရိကန်သမ္မတအိုဘားမားနှင့် ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေအပါအဝင် ကမ္ဘာ့ခေါင်းဆောင်များက စက်တင်ဘာ ၂၀ ရက်တွင် ညီလာခံအစည်းအဝေးပွဲ၌ မိန့်ခွန်းများ အသီးသီးပြောကြားကြမည်ဖြစ်သည်။

အမေရိကန်သမ္မတအိုဘားမားက စစ်ဘေးရှောင်ဒုက္ခသည်အရေးနှင့်ပတ်သက်ပြီး သီးခြားထိပ်သီးအစည်းအဝေးပွဲတစ်ရပ် ကျင်းပနိုင်ဖွယ်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဝန်ကြီးအဆင့်အစည်းအဝေးပွဲတွင် ဆီးရီးယားပြည်တွင်းစစ် အပြီးတိုင်အဆုံးသတ်စေရေးအတွက် ဖြေရှင်းရမည့်နည်းလမ်းများကို ရှာဖွေဆွေးနွေးရန် စီစဉ်ထားကြောင်း သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် နောက်ထပ်အဓိကထားဆွေးနွေးမည့် ကိစ္စရပ်တစ်ခုမှာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအရေးပင်ဖြစ်သည်။ ပြုံယမ်းက လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းချက်များကို ချိုးဖောက်ကာ နျူကလီးယားစမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင်ခေါင်းဆောင်များက မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို တညီတညွတ်တည်း လုပ်ဆောင်နိုင်မလားနှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယီရောင်ဟိုက မည်သို့တုံ့ပြန်ဖြေကြားမလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# အမေရိကန်က အစ္စရေးနိုင်ငံအား ကာကွယ်ရေးအသုံးစရိတ် ကန်ဒေါ်လာ ၃၈ ဘီလီယံ ပေးအပ်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၄**
အမေရိကန်ပြည်ထောင်စုသည် အစ္စရေးနိုင်ငံအား လာမည့် ၁၀ နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံအထိ စစ်ရေးအကူအညီပေးအပ်သွားမည်ဖြစ်ကြောင်း၊ စစ်ရေးအကူအညီပေးရေး သဘောတူညီချက်ကို ယခုရက်သတ္တပတ်အတွင်း လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုက အခြားသောနိုင်ငံတစ်နိုင်ငံသို့ ပေးအပ်သည့်စစ်ရေးအကူအညီများအနက် စံချိန်တင်ငွေကြေးပမာဏဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စစ်ရေးအကူအညီပေးအပ်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အမေရိကန်နိုင်ငံခြားရေးဌာနတွင် ပြုလုပ်မည်ဖြစ်ပြီး သမ္မတဘာရက်အိုဘားမား၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဆူဆန်ရိုက်စ်နှင့်အစ္စရေးနိုင်ငံ၏ ခေတ္တအမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ဂျာကော့နာဂဲလ်တို့ တက်ရောက်မည်ဟု မျှော်လင့်ရကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**



# ကမ္ဘာတစ်ဝန်း ယခုနှစ်အတွင်း တိုက်ခတ်သော မုန်တိုင်းများအနက် အင်အားအကြီးဆုံးဖြစ်ဖွယ်ရှိသည့် ဆူပါတိုင်ဖုန်း မီရန်တီ တရုတ်(တိုင်ပေ)တွင် တိုက်ခတ်

**တိုင်ပေ စက်တင်ဘာ ၁၄**
ဆူပါတိုင်ဖုန်းမီရန်တီသည် စက်တင်ဘာ ၁၄ ရက်က တရုတ်(တိုင်ပေ)တွင် တိုက်ခတ်ခဲ့ရာ လူနေအိမ်ခြေ ငါးသိန်းကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရပြီး လူငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ ဆူပါတိုင်ဖုန်းသည် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ တိုက်ခတ်သော မုန်တိုင်းများအနက် အင်အားအကြီးမားဆုံးဖြစ်ဖွယ်ရှိကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပြင်းအား အဆင့်-၅ သတ်မှတ်ထားသည့် တိုင်ဖုန်းမုန်တိုင်းသည် တရုတ်(တိုင်ပေ)တောင်ပိုင်းနှင့်အရှေ့ပိုင်းဒေသတို့ရှိ ကောက်စွမ်းနှင့် ဟွာလီယန်အပါအဝင် မြို့ကြီးအချို့ကို ခြိမ်းခြောက်နေကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း တရုတ်(တိုင်ပေ)ဗဟိုမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

တိုင်ဖုန်းမုန်တိုင်း မီရန်တီသည် တရုတ်(တိုင်ပေ)ကျွန်းနှင့် နီးကပ်လာချိန်တွင် အင်အားပိုမိုပြင်းထန်လာပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၂၇ ကီလိုမီတာ(၁၄၁ မိုင်) အထိရှိကာ တိုင်ပေကျွန်း တောင်ပိုင်းတွင် ပြင်းပြင်းထန်ထန်တိုက်ခတ်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အင်အားပြင်းစွာ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ကြီးမားနိုင်ကြောင်း အရေးပေါ်လုပ်ငန်းများဆိုင်ရာဌာန ပြောရေးဆိုခွင့်ရှိသူ လီဝေဆန်က ပြောကြားသည်။

မုန်တိုင်းတိုက်ခိုက်မှုကြောင့် ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးခြင်းကိုမူ ရှောင်လွှဲရနိုင်မည်မဟုတ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် လူအများ သေကျေပျက်စီးမှု အနည်းဆုံးဖြစ်အောင် ကြိုးပမ်းလျက်ရှိကြောင်း တရုတ်(တိုင်ပေ)တောင်ပိုင်း ကောက်စွမ်းမြို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုဒဏ်ကို ရဲရင့်စွာရင်ဆိုင်နေသည့် တိုင်ပေကယ်ဆယ်ရေးလုပ်သားတစ်ဦးက ပြောကြားသည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ကောက်စွမ်းနှင့် အခြားမြို့များမှ ရထားနှင့်ရေကြောင်း ခရီးစဉ်များကို ရပ်ဆိုင်းထားရပြီး စာသင်ကျောင်းများနှင့် ရုံးဌာနများလည်း ပိတ်ထားရသည်။ လူပေါင်း ၁၅၀၀၀ နီးပါးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အရေးပေါ်လုပ်ငန်းဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

❑

# တီယန်ကောင်-၂ အာကာသသုတေသနယာဉ် တရုတ်နိုင်ငံ လွှတ်တင်ရန်ပြင်ဆင်

**ကျူဝမ် စက်တင်ဘာ ၁၄**
တရုတ်နိုင်ငံသည် တီယန်ကောင်-၂ အမည်ရှိ အာကာသသုတေသနယာဉ်ကို စက်တင်ဘာ ၁၅ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း အာကာသအစီအစဉ်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရအတွင်းရှိ ကျူဝမ်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှနေ၍ တီယန်ကောင်-၂ အာကာသသုတေသနယာဉ်ကို လွှတ်တင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ အနာဂတ်ကာလ အာကာသစခန်းယာဉ်အစီအစဉ်အတွက် နည်းပညာဆိုင်ရာ စမ်းသပ်မှုပြုလုပ်နိုင်ရန် တီယန်ကောင်-၂ အာကာသ သုတေသနယာဉ်ကို လွှတ်တင်မည်ဖြစ်ကြောင်း လူလိုက်ပါသော အာကာသယာဉ်လွှတ်တင်ရေးအစီအစဉ်၏ ဒုတိယညွှန်ကြားရေးမှူး ဝူပင်းက ပြောကြားသည်။

အဆိုပါ အာကာသသုတေသနယာဉ်ကို စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန် ည ၁၀း၀၄ နာရီတွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လောင်းမာ့ချ်-၂ အက်ဖ်တီ-၂ ဒုံးပျံယာဉ်ဖြင့် လွှတ်တင်မည့် သုတေသနယာဉ်သည် တီယန်ကောင်နှင့် အာကာသသုတေသနယာဉ်သည် အာကာသအတွင်းသို့ ရောက်ရှိသည်နှင့်တစ်ပြိုင်နက်တည်း ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၃၈၀ ခန့်အကွာ ကမ္ဘာပတ်လမ်းကြောင်း တစ်ခုအတွင်းသို့ ဝင်ရောက်ရန် စီစဉ်ထားသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ရှင်ကျိုး-၁၁ အာကာသယာဉ်နှင့်အတူ လိုက်ပါမည့်အာကာသယာဉ်မှူးနှစ်ဦးက တီယန်ကောင်-၂ အာကာသသုတေသနယာဉ်အတွင်း ရက်ပေါင်း ၃၀ ကြာမျှ နေထိုင်ကာ စမ်းသပ်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် တရုတ်နိုင်ငံ၏ပထမဆုံးသော ကုန်တင်အာကာသယာဉ်ဖြစ်သည့် တီယန်ကျိူ-၁ အာကာသယာဉ်သည် တီယန်ကောင်-၂ အာကာသယာဉ်နှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**



# ပဲခူးရိုးမ သစ်ထုတ်လုပ်မှုကို (၁၀)နှစ်ရပ်ဆိုင်းပြီး သစ်တောပြုစုထိန်းသိမ်းခြင်း ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်နှင့် တရားမဝင်သစ်ထုတ်ယူမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ ပြည်ပသို့သစ်အလုံးလိုက်တင်ပို့ခြင်းကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်ရပ်ဆိုင်းခဲ့ပါကြောင်း၊ ကျွန်းနှင့် သစ်မာထုတ်လုပ်မှု လုံးဝရပ်နားရေးနှင့် နှစ်စဉ်တောထွက်(AAC)အောက် လျှော့ချထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်လုပ်နိုင်သည့်ပမာဏကိုသာ ချင့်ချိန်ထုတ်လုပ်သွားမည်ဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီများကို ကိုယ်စားထုတ်လုပ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် မြန်မာ့သစ်လုပ်ငန်းမှသာ သစ်ထုတ်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပဲခူးရိုးမ သစ်ထုတ်လုပ်မှုကို (၁၀)နှစ်ရပ်ဆိုင်းပြီး သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးက တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်သယ်ဆောင်မှုများကို စီမံချက်ချမှတ်ဖမ်းဆီးခြင်း၊ သတင်းရယူစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖမ်းဆီးခြင်း၊ ပုံမှန်အစီအစဉ်ဖြင့် ဖမ်းဆီးခြင်းနှင့် ပြည်ပသို့ ခိုးယူသယ်ဆောင်နိုင်သည့် လမ်းကြောင်းများ၌ ပိတ်ဆို့ဖမ်းဆီးခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုံခြုံရေးကန့်သတ်ချက်ရှိသော နယ်စပ်ထွက်ပေါက်များမှ တရားမဝင်သစ်ခိုးယူမှုများနှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်းဖမ်းဆီး ဆောင်ရွက်သွားခြင်းများ ပြုလုပ်သွားမည့်အပြင် လုံခြုံရေး ကန့်သတ်ဧရိယာသို့မရောက်မီ ဆက်စပ်ဌာနများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတာဝန်ယူရသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းပိတ်ဆို့ ဖြတ်တောက်ဖမ်းဆီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သတင်းရရှိရေး၊ ဖော်ထုတ်ဖမ်းဆီးအရေးယူရေး၊ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်နိုင်ရေးနှင့် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာကွယ်တားဆီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နေပူတောင်ဒေသတွင် နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုအပေါ် အခြေခံလျက် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် မာဘယ်(လ်)(အလှဆင်) ကျောက်အကြီးစား ထုတ်လုပ်မှုလုပ်ငန်းကို ၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ပါကြောင်း။

စီမံကိန်းဧရိယာ(၅၈၅ ဒသမ ၇၂)ဧက၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ(၁၈ ဒသမ ၁၄၇)သန်းဖြစ်ပြီး စာချုပ်သက်တမ်းကာလမှာ ၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်မှ ၂၀၃၂ ခုနှစ် မတ်လ ၁၅ ရက်ထိ နှစ်(၂၀)ဖြစ်ပါကြောင်း၊ ပြန်အမ်းရန်မလိုသည့် လက်မှတ်ရေးထိုးမှု ဆုကြေးငွေ အမေရိကန်ဒေါ်လာ(၅၀၀၀၀)ကို နိုင်ငံတော်သို့ ပေးသွင်းပြီးဖြစ်ပါကြောင်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဘဏ်အာမခံ အမေရိကန်ဒေါ်လာ(၂၅၀၀၀၀)ကို ထားရှိပါကြောင်း၊ ပုံသေမြေငှားရမ်းခအတွက် ထူထောင်မှုကာလတစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာအတွက် ငွေကျပ်တစ်ဆယ့်လေးသိန်းနှင့် ထုတ်လုပ်မှုကာလ တစ်နှစ်လျှင် တစ်စတုရန်းကီလိုမီတာအတွက် ကျပ်သိန်းနှစ်ဆယ်ကို ကုမ္ပဏီမှ နှစ်စဉ်ပေးသွင်းစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ယန္တရားများ


ပြည်ထောင်စုဝန်ကြီး
သူရဦးအောင်ကို


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

နှင့် ပစ္စည်းများတင်သွင်းခြင်းတွင် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းပိုင်ပစ္စည်းများဖြစ်လာမည်ဖြစ်ကြောင်း၊ ကုမ္ပဏီတည်ဆောက်ရေးကာလကို ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်ထိသတ်မှတ်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်အထိ တိုးမြှင့်ခွင့်ပြုခဲ့ကာ စီးပွားဖြစ်စတင်သောနေ့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်အဖြစ် အတည်ပြု သတ်မှတ်ခဲ့ပါကြောင်း ဖြေကြားသည်။

မာဘယ်(လ်)အလှဆင်ကျောက်ထုတ်လုပ်မှုလုပ်ငန်းမှ ထွက်ရှိလာသော ဓာတ်သတ္တုခွန် (၃)ရာခိုင်နှုန်းပေးဆောင်စေပြီး ထုတ်လုပ်မှုခွဲဝေခြင်း၌ တစ်ကုဗမီတာရောင်းဈေးနှုန်း အမေရိကန်ဒေါ်လာ ၆၄၉ အောက်ဖြစ်ပါက အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ၂၀ ရာခိုင်နှုန်း၊MYSICO မှ ၈၀ ရာခိုင်နှုန်း၊ တစ်ကုဗမီတာရောင်းဈေးနှုန်း အမေရိကန်ဒေါ်လာ ၆၅၀ နှင့် ၇၄၉ အတွင်းဖြစ်ပါက အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ၂၅ ရာခိုင်နှုန်း၊ MYSICO မှ ၇၅ ရာခိုင်နှုန်း၊ ရောင်းဈေးနှုန်း အမေရိကန်ဒေါ်လာ ၇၅၀ နှင့် အထက်ဖြစ်ပါက အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ ၃၀ ရာခိုင်နှုန်း၊ MYSICO မှ ၇၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်တွင်ဖြစ်ပေါ်နေသည့် ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ (သို့မဟုတ်)ယူရိုငွေဖြင့်သာ ရောင်းချခွင့်ရှိပါကြောင်း၊ လုပ်ကွက်ကြီးကြပ်ရေးကိုယ်စားလှယ်(၁)ဦး အမြဲတမ်းထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းသဘောတူစာချုပ်၌ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများကို လုပ်ငန်းရည်ရွယ်ချက်နှင့်အညီ ခန့်ထားရာ၌ ထုတ်လုပ်မှုကာလ စတင်ဆောင်ရွက်ပြီးနောက် စီမံကိန်း၏ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန် လုပ်ငန်းသက်တမ်းကာလတစ်လျှောက် မြန်မာအလုပ်သမားဦးရေသည် စုစုပေါင်းခန့်ထားသော ဝန်ထမ်းအင်အား၏ (၇၅)ရာခိုင်နှုန်းထက်မနည်း ရှိစေရမည်၊ စီမံကိန်း၏ ပုံမှန်လုပ်ငန်းဆောင်ရွက်ချိန်တွင် ပညာရှင်ဝန်ထမ်း စုစုပေါင်း အင်အား၏ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ အဆိုပြုသည့် မြန်မာနိုင်ငံသားများခန့်ထားရမည်ဟူ၍ ပါရှိပါကြောင်း။

ထုတ်လုပ်မှုတိုးမြှင့်ချိန်တွင် မြန်မာဝန်ထမ်းများ တိုးချဲ့ခန့်ထားပြီး ဒေသခံများကို ဦးစားပေးခန့်ထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် မာဘယ်(လ်)ကျောက်(၆၁၂ ဒသမ ၁၈၄၆) မက်ထရစ်တန်ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် သတ္တုတွင်းဦးစီးဌာနမှ ဓာတ်သတ္တုခွန်(၃)ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ(၃၂၇၈ ဒသမ ၇၈၂)နှင့် ခွဲဝေမှုအချိုး(၂၀)ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ(၂၁၂၀၂ ဒသမ ၈၂)ဒေါ်လာ ရရှိပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **ပုဂ္ဂလိကကုမ္ပဏီများကို သစ်ခုတ်ခွင့်၊ သစ်ထုတ်လုပ်ခွင့်ရပ်ဆိုင်းရန်နှင့် တရားမဝင်သစ်ခိုးထုတ်နေခြင်းကို ထိရောက်စွာအရေးယူရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ် သဉ္ဇီ ကိုင်းကျေးရွာအုပ်စု နေပူတောင်ဒေသ ကွင်းအမှတ်(၅၂)ကြေးတိုင်ပြင်ကွင်း တောရိုင်းမြေ(၅၈၅ ဒသမ ၇၂)ဧကရှိမြေနေရာကို မာဘယ်(လ်)အလှဆင်ကျောက်(အကြီးစား)တူးဖော်ထုတ်လုပ်ခြင်း စီမံကိန်းအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ Simco Song Da Joint-Stoke Co.,Ltd တို့ စာချုပ်ချုပ်ဆိုခဲ့ကြသော စာချုပ်ပါ သဘောတူညီချက်များအား ပြည်သူများသိရှိစေရန် ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်း ရှိ မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ **သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက** ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **ကျောက်တန်းမြို့နယ်အတွင်းရှိ ရှေးဟောင်းသာသနာ့အဆောက်အအုံများနှင့် မြန်မာနိုင်ငံ တစ်ဝန်းရှိ ရှေးဟောင်းဘုရားများကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံစောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်း အဆောက်အအုံသည် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာနှင့် အနုလက်ရာများ မကျန်ရှိခဲ့လျှင် (သို့မဟုတ်)ခေတ်အဆက်ဆက် ပြုပြင်ခြင်းများရှိခဲ့ပါက တိုင်းဒေသကြီးနှင့် ပြည်နယ် (သို့မဟုတ်) ဒေသအဖွဲ့အစည်းများကို သတ်မှတ်ချက်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခွင့်ပြုလျက်ရှိကြောင်း၊ ကျောက်တန်းမြို့နယ်ရှိ နေရာလေးခုအား ရှေးဟောင်းနေရာအဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်း၊ နယ်မြေဒေသအလိုက် ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းစာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဟောင်းဘုရား၊ စေတီနှင့် အဆောက်အအုံများ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားလာပါက ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံပြု အကူအညီပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

# “အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း”အား ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့တွင် **“အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”**အား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်**က အရေးပေါ် အက်ဥပဒေသည် နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ပါကြောင်း၊ အစိုးရမှ ထိထိရောက်ရောက် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အာဏာပေးထားခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်တွင် ယခုအထိ ယမ်းငွေ့များ ဝေနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့ ကောင်းမွန်စွာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အာဏာပေးထားရန် လိုအပ်သည့်အတွက် အရေးပေါ်စီမံမှု အက်ဥပဒေကို ဆက်လက်ထားရှိရန်


ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ
ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်

လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း**က အရေးပေါ်စီမံမှု အက်ဥပဒေကြောင့် အပြစ်မဲ့ပြည်သူတချို့ ဒုက္ခရောက်ခဲ့ကြပါကြောင်း၊ ထိုသို့ဖြစ်ရခြင်းသည် ဥပဒေကို အသုံးပြုဆောင်ရွက်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် ဖြစ်ပါကြောင်း၊ ဥပဒေကို အသုံးပြုသူက လိုသလိုဆောင်ရွက်၍ရနေခြင်းသည် ဤဥပဒေ၏ ကြီးမားသည့် ချို့ယွင်းချက်ဖြစ်ပါကြောင်း။

အရေးပေါ်စီမံမှု အက်ဥပဒေသည် ခေတ်ကာလနှင့် မလျော်ညီတော့သည့်အပြင် သန္ဓေတည်စဉ်ကတည်းက တရားမျှတမှုကင်းမဲ့သည့် ဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံရေးယုံကြည်ချက်ကြောင့် သဘောထားအမျိုးမျိုးရှိနေကြသည့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် အစိုးရအကြားယုံကြည်မှုကို ထိခိုက်စေသည့် ဥပဒေဖြစ်သည့်အတွက် အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသင့်ပါကြောင်း ဆွေးနွေးသည်။

**တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဝင်းသိန်း**က ဤဥပဒေသည် စစ်မက်ဖြစ်ပွားစဉ် ကာလအတွင်း၌ ပေါ်ပေါက်လာသည့် အန္တရာယ်များကို ကာကွယ်ရန် သက်သက်မဟုတ်ဘဲ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေးကိုရှေးရှုပြီး ပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံ အများအပြားတွင် အဖျက်အမှောင့်သမားများသည် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော် လည်းကောင်း နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ဘဝကို ကာကွယ်မှု အပြည့်အဝပေးနိုင်သည့် အရေးပေါ်စီမံမှု အက်ဥပဒေကို ယနေ့မျက်မှောက်ခေတ် ပြည်တွင်း ပြည်ပ အခြေအနေ အရပ်ရပ်ကြောင့် ဆက်လက်ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိပါကြောင်း။


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ
ဒေါ်မြတ်သီတာထွန်း

ထို့ပြင် တည်ဆဲဥပဒေတစ်ရပ်ကို အဆောတလျင် ရုပ်သိမ်းလိုက်ပါက နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ် ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းရန် မသင့်သေးပါကြောင်းနှင့် ဥပဒေကြမ်းတင်သွင်းလာခြင်းကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး**က အရေးပေါ်စီမံမှု အက်ဥပဒေသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းသူပြည်သားများ၏ လုံခြုံရေးကို အခါခပ်သိမ်းရှေးရှုပြီး ၁၉၅၀ ပြည့်နှစ် ပါလီမန်ဒီမိုကရေစီခေတ်က ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပြဋ္ဌာန်းခဲ့သည့် အရေးပေါ်စီမံမှု အက်ဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံတော်လုံခြုံမှု၊ ပြည်သူ့ဘဝလုံခြုံမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို လုံးဝထိခိုက်မှုမရှိစေဘဲ ရာဇသတ်ကြီး ဥပဒေထက် ပိုမိုခိုင်မာပြည့်စုံစေရန် အရေးကြီးသည့် အကြောင်းအရာများကို ရွေးထုတ်ပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း။

၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ပြဋ္ဌာန်းချက်များပါရှိသကဲ့သို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေးစသည့် ပြဋ္ဌာန်းချက်များလည်း ပါရှိပါကြောင်း။

ထို့ပြင် အများပြည်သူနှင့် သက်ဆိုင်သည့်ကိစ္စ၊ အများပြည်သူ ဒုက္ခမဖြစ်စေရန်၊ အသက်မဆုံးရှုံးစေရန်၊ ဘေးအန္တရာယ်မဖြစ်စေရန်စသည့် ပြည်သူများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသာ အထူးအလေးပေး ထည့်သွင်းထားသည့် အထူးဥပဒေတစ်ရပ်လည်းဖြစ်၍ တည်ဆဲဥပဒေတစ်ရပ်ဖြင့် ဆက်လက်ထားရှိသင့်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသည့်အတွက် တည်ဆဲဥပဒေ တစ်ခုဖြစ်သည့် အရေးပေါ်စီမံမှု အက်ဥပဒေသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မည်သည့် ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေသည်ဆိုသည်ကို စိစစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သမျှကိုသာ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းသာ ပြုလုပ်သင့်ကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

❑

# ပင်အိုကုက္ကို

လှထွင့်ဦး

**ကြက်ဖတိန်ညင် တောကိုဝင်**
**မောင်ရင်လာ လေးနဲ့ပစ်။**
**မပစ်ပါနဲ့ မောင်ရင်ရယ်**
**ကြက်တက်စူးလို့ သေပါ့မယ်. . ။**
**ဘယ်ဘက်က စူးစူး**
**ညာဘက်က စူးစူး. . . ။**
**ခွပ်လိုက်ကြစို့ သူငယ်ချင်း**
**အောက်အီးအီးအွတ်. . . ။**

အော်ဟစ်ဆိုသံပြီးသည်နှင့် ဆံထောက်ကလေးနှင့် မိန်းကလေးနှစ်ဦး ကုက္ကိုပင်အိုကြီးအောက် ညီညာသော မြေတလင်းဝယ် အပြိုင်ကြက်ခွပ်တမ်း ဆော့ကစားကြတော့သည်။ ဝိုင်းဝန်းအားပေးတဲ့ အသံများနှင့်အတူ မောသူက ကြက်ခွပ်တာရပ်ပြီး အရှုံးပေးရတော့သည်။ ငယ်စဉ်ဘဝ ကလေးအရွယ်တုန်းက ဆော့ကစားနည်းအမျိုးမျိုးဖြင့် ပျော်ရွှင်စရာများကို ဖြတ်ကျော်ဖူးသည်။ ကိုယ်တိုင်ကစားသလို ကစားသူများကိုလည်း အားပေးရင်း ပျော်ရွှင်ရတာက အပြစ်ကင်းစင်တဲ့ ကလေးဘဝအရွယ်မှာ ဦးနှောက်တို့ လွတ်လပ်စွာတွေးတော၍ နှလုံးသားတို့ နှောင်ကြိုးမဲ့စွာ ဖွံ့ဖြိုးရင်ခုန်ခဲ့ကြလေသည်။

ငယ်စဉ်ကလေးဘဝ ရွာမှာနေစဉ်တုန်းက အသက်(၅၀)ကျော်၊ (၆၀) အရွယ် ဦးကြီးတို့ တိုက်ကြက်ဖကြီးတွေ တယုတယမွေးကြတာတွေ့ဖူးသည်။ ဆံပင် သျှောင်ထုံးနဲ့ ဦးကြီးတစ်ယောက် အနီရင့်ရင့်လား၊ အစိမ်းရောင်လား၊ အပြာရောင်လား၊ အဝါရောင်လား ပြောရခက်သော်လည်း အဆိုပါ အရောင်တို့ အားလုံးပါဝင်သော တိုက်ကြက်ကြီးကို ရင်ဝယ်ပိုက်ကာ ရွာလမ်းမှာ လျှောက်တာမြင်ရင် အပြေးအလွှားသွားပြီး တိုက်ကြက်ကြီးရဲ့ ခန္ဓာပေါ်က အမွေးအတောင်တို့ကို လက်ဖြင့်ပွတ်သပ်ရတာ ပျော်စရာဖြစ်သည်။

ဦးကြီးရဲ့လက်ထဲက ရဲရဲနီအမောက်နဲ့ တိုက်ကြက်ကြီးကတော့ ကျွန်တော့်လက်ကလေးနဲ့ သူ့အမွေးတွေကို ပွတ်သပ်ပေးတာကို မျက်လုံးလေးစင်းကာ ဇိမ်ယူနေလေတော့သည်။

ဦးကြီးရဲ့တိုက်ကြက်ကို အိပ်တန်းသီးသန့်ထားသည်။ နံနက်တိုင်း အစာကြေ၊ မကြေသိရှိရန် စလုတ်ကို ဂရုစိုက်၍ ကြည့်ရှုရသည်။ ကြက်ချေးမာလျှင် ကြက်ကျန်းမာနေသည်ဟု သိရသည်။ ကြက်ကို နံနက်တိုင်း ရေဝဝတိုက်ပေးသည်။ ထို့နောက် ခြေထောက်ကိုဒူးဆစ်အထိ ရေစိမ်ပေးပြီးလျှင် တောင်ပံကို ရေမစိုစေဘဲ ရင်အုပ်နှင့် ပေါင်တံများကို ဆုပ်နယ်ပေးလေ့ရှိတာ တွေ့ဖူးမြင်ဖူးသည်။

ဖျတ်လတ်တက်ကြွလျက် တိုက်ပွဲဝင်ရန်အသင့်ဖြစ်နေသော တိုက်ကြက်ဖကြီးကတော့ ရှက်နေပုံရသည်။ သူ့ဦးခေါင်းထက်မှ အမောက်တို့ရှက်သွေးဖျန်းကာ ရဲရဲနီလေတော့သည်။

ဦးကြီးရဲ့ အိမ်ရှေ့မှာ မြေဇာမြက်နုနုလေးတွေက စိမ်းနုရောင်လွှမ်းနေသည်။ နေကြာရိုင်းအပင်လေးများက ဟိုတစ်စုဒီတစ်စု လေပြည်နုနုနဲ့အတူ ယိမ်းဖွဲ့နေကြသည်။ အတွေ့များသည့် အဝါရောင်လိပ်ပြာငယ်လေးများက နေကြာပွင့်ဝါဝါလေးများဆီသို့ ကူးလူးယှက်နွယ်ကာ ပျံသန်းနေကြသည်။ ဦးကြီးက သူ့ရဲ့ အားကောင်းမောင်းသန် ကြက်ဖကြီးကို ကြိုးဖြင့်တည်းထားသည်မို့ စိမ်းနုရောင် မြက်ခင်း၊ နီညိုစိမ်းတို့ယှက်သန်းနေတဲ့ ကြက်ဖကြီးနဲ့ အဝါရောင်လိပ်ပြာလေးတွေကို တမေ့တမောထိုင်ကြည့်ဖူးသည်။ လိပ်ပြာလေးတွေက တစ်ခါတစ်ရံ အလည်လွန်ပြီး ကျွန်တော့်နားမှာ ပျံဝဲနေတတ်သည်။ ဦးကြီးကတော့ သူ့ရဲ့ တိုက်ကြက်ကြီးကို ကြက်ကောင်းကြိုးမကွာဆိုသည့် စကားအတိုင်း ကြက်မများနှင့်ရောနှောမနေစေရန် ငုတ်စိုက်၍ ကြိုးဖြင့်တည်းထားသည်ဟု ဆိုသည်။

ကြက်ငယ်လေးတွေကတော့ အစာလုရင်း၊ အစာရှာရင်း ရှိတဲ့အင်အား ပိစိလေးဖြင့် ထထခွပ်ကြလေသည်။

တစ်ခါတစ်ရံ ညနေစောင်းကာလတွေမှာ ဦးကြီးတို့ တိုက်ကြက်ဖကြီးတွေ မြေညီညီကွက်လပ်မှာ တိုက်ပွဲဝင်ကြသည်။ ကာလသားတွေ၊ ကလေးငယ်တွေက ဘေးကဆူညံအော်ဟစ်အားပေးကြသည်။ ကြက်များကို ဆိုင်ပေး၍ ကြက်တိုက်ပွဲစလေတော့၏။ ထိုသို့တိုက်ရာတွင် တစ်ကောင်ကောင် ဗိုင်းဗိုင်းလဲလျှင်လည်းကောင်း၊ ပြားပြားဝပ်အရှုံးခံလျှင်လည်းကောင်း၊ စည်းဝိုင်းအပြင်ဘက်သို့ ထွက်ပြေးလျှင်လည်းကောင်း ကြက်ပွဲပြီးလေသည်။ အင်အားချင်းမျှ၊ စွမ်းရည်ချင်းတူသော ကြက်များခွပ်ကြလျှင် တစ်ခါတစ်ရံ နှစ်နာရီနီးပါးကြာတော့သည်။

အချို့ကြက်များသည် ပွဲဦးထွက်စ၌ အသင့်အတင့်မျှသာခွပ်ပြီးလျှင် တစ်ရေ၊ နှစ်ရေထိုးပြီးသောအခါမှ အထူးအခွပ်ကောင်းလာတတ်သည်။

အသံတိတ်ကြည့်ရှုသူများ၊ အော်ဟစ်အားပေးသူများကြားမှာ တိုက်ကြက်နှစ်ကောင်ကတော့ တစ်ကောင်နှင့်တစ်ကောင် အခွင့်ကောင်းစောင့်ကာ ခွပ်ဖို့ချောင်းနေသည်။ နီနေသောအမောက်တို့ ပို၍ရဲရဲနီနေသလို ကျွန်တော် တယုတယပွတ်သပ်ဖူးသော ကြက်လည်ဆံမွေးတို့သည်လည်း မာန်ထကာ ဖွာလန်ကြဲနေလေတော့သည်။ ခုန်ပျံတိုက်ကွက်ဖြင့် "ဖလပ်၊ ဖလပ်"ဟူသော ခွပ်သံတို့ ငြိမ်နေကြသည်။ ယာလည်းညက် ကြက်လည်းမောဟူသည့် ဆိုရိုးစကား တစ်ခုလို တိုက်စွမ်းရည်ညီနေတဲ့ တိုက်ကြက်နှစ်ကောင် မောသွားဟန်ရှိသည်။

ပါးစပ်မှချွဲရည်တို့ တစ်တောက်တောက် ကျလာသည်။ နှုတ်သီးဖြင့် ဆိတ်ကြသည့် အဆင့်ဖြင့်သာ အနိုင်မခံပြန်ဆိတ်ကြလေသည်။ ကြက်ခေါင်းဆိတ်မခံဟုဆိုသော်လည်း ပြန်မဆိတ်နိုင်သည့်ကြက်ကတော့ ရှုံးတော့သည်။

ရွာမှာ စပါးပေါ်ချိန် ဆောင်းကာလများမှာ အပန်းဖြေကြက်ပွဲတွေကို ငယ်စဉ်ကာလက တွေ့ဖူးသည်။ ကျန်သည့်အချိန်များမှာတော့ ပိုင်ရှင်တွေက တယုတယ။ တိုက်ကြက်များရဲ့ မိမိရရခွပ်ပုံတွေက ထိုစဉ်ကလေးဘဝအရွယ်မှာ ရင်ဖိုစရာကောင်းလှသည်။ ခြေခင်းလက်ခင်းသာတဲ့ အချိန်များမှာတော့ ရွာက ကာလသားများ၊ ဦးကြီးများ ပင်အိုကုက္ကိုရိပ်အောက်မှာ ခါးတောင်းပြောင်အောင်ကျိုက်ပြီး ခြင်းခတ်ကစားကြသည်။ ကျွန်တော်ကတော့ ခြင်းဝိုင်းကြည့်ရင်း ဝိုင်းအပြင်ဘက်သို့ စင်ထွက်လာတဲ့ ခြင်းလုံးကိုလိုက်ကောက်ပေးရတာ အလွန်ပျော်သည်။

ယခုတော့ ငယ်စဉ်က ကလေးဘဝကို ပျော်ရွှင်မှုများစွာပေးနိုင်ခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသရှိ ကျွဲထုံးရွာကလေးမှာ သဘာဝတရားပြောင်းလဲမှုတွေကြောင့် ကုက္ကိုပင်အိုတို့သည်လည်း ကွယ်ပျောက်ခဲ့ပြီ။ မြက်ခင်းစိမ်းစိမ်းနဲ့ ရောင်စုံပန်းခင်းများကိုလည်း လူတွေရဲ့အတ္တက သိမ်းပိုက်လိုက်ပြီမို့ ဟိုဟိုဒီဒီပျံဝဲနေသော လိပ်ပြာဝါဝါတို့ကိုလည်း ရှာမတွေ့နိုင်တော့ပြီ။

လွန်ခဲ့သော ဆယ်စုနှစ် လေးစုကျော်ခန့် ရွာလယ်ကုက္ကိုပင်အိုအရိပ်ကြီးအောက်တွင် ဦးကြီးတို့အပန်းဖြေခဲ့ကြတဲ့ပုံရိပ်များ၊ ကျေးလက်ကာလသားတစ်သိုက်ရဲ့ ခြင်းခတ်ပုံမြင်ကွင်းများ၊ ကြက်ဖခွပ်တမ်းကစားကြတဲ့ ကလေးတစ်စု၊ ကုက္ကိုပင်အိုကြီးဆီမှ ကုက္ကိုပင်အစေးတွေကို လိုက်ခွာသူခွာ၊ အပွင့်လေးတွေကို ခူးခြွေရင်း ပြေးလွှားဆော့သူက ဆော့နှင့် လွတ်လပ်စွာ ပျော်ရွှင်ခဲ့ဖူးသော ငယ်စဉ်ကဘဝတို့သည်လည်း ပုံရိပ်အဖြစ် မှုန်ဝါးဝါးသာကျန်ရစ်လေတော့သည်။

**ယခုတော့ ငယ်စဉ်က ကလေးဘဝကို ပျော်ရွှင်မှုများစွာ ပေးနိုင်ခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသရှိ ကျွဲထုံးရွာကလေးမှာ သဘာဝတရားပြောင်းလဲမှုတွေကြောင့် ကုက္ကိုပင်အိုတို့သည်လည်း ကွယ်ပျောက်ခဲ့ပြီ။**

## ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ငွေဆောင်ဇုန်)၏ စီစဉ်မှုတို့ဖြင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ငွေဆောင်ကမ်းခြေ Sunny Paradise Hotel ၌ ကျင်းပသည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင်ပါဝင်သည့် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး စသည့် သင်တန်းလေးမျိုးကို စက်တင်ဘာ ၁၂ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၆၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**




## မူခင်းအသိပညာပေးဆိုင်ရာ လုပ်ငန်းများလှည့်လည်ပြသ

**ပေါက် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ပေါက်မြို့နယ် ရဲတပ်ဖွဲ့မှ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး နှိမ်နင်းရေးလုပ်ငန်းများ၊ မှုခင်းလျော့နည်းကျဆင်းရေးအတွက် မှုခင်းဆိုင်ရာ အသိပညာပေးပြခန်းယာဉ်သည် ပေါက်မြို့နယ်အတွင်း လူစည်ကားရာနေရာများဖြစ်သည့် စည်ပင်သာယာဈေး၊ စည်ပင်သာယာပန်းခြံ၊ ရေပြာကျေးရွာ၊ ပုသိမ်-မုံရွာလမ်းဆုံ အထက်တန်းကျောင်း အနီး၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက လှည့်လည်ပြသကြောင်း သိရသည်။

အဆိုပါယာဉ်သည် ပြည်သူလူထုနှင့် ကျောင်းသား ကျောင်းသူများအား ထိရောက်သော မှုခင်းအသိပညာများ ရရှိစေရန်ရည်ရွယ်၍ မှုခင်းအသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ပိုစတာများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ အသိပညာပေး ယာဉ်ကို ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြရာ ပေါက်မြို့မစခန်းမှူး ဒု-ရဲမှူးစောကြိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဦးစောမြင့်ခိုင်နှင့် တာဝန်ရှိသူတို့က ရှင်းလင်းဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ညဏ်တိုး(ပေါက်)**



## အလုံမြို့နယ်အတွင်း ကျောင်းကျန်းမာရေး ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောရပ်ကွက်ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး ကွင်းဆင်းဆေး ကုသမှုအနေဖြင့် ဆေးစစ်ပေးခြင်း၊ သွားရောဂါများစစ်ဆေးပေးခြင်း၊ အထွေထွေ ရောဂါများစစ်ဆေးပေးခြင်းနှင့် အားဆေးများတိုက်ကျွေးခြင်းတို့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မြို့နယ်မိခင်၊ ကလေးနှင့် ကျောင်းကျန်းမာရေး ဆရာဝန်ဒေါက်တာ ဇင်မာထွန်း၊ ကျန်းမာရေးမှူး ဒေါ်နန့်သန္တာ၊ သူနာပြုဆရာမကြီး ဒေါ်လှလှမျိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းအကျိုးတော်ဆောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စိုး၊ တာဝန်ခံဆရာမဒေါ်ကျင်စွမ်နှင့် ဆရာမများက ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**






# လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများချတ်ချော်လွဲမှားမှု မဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) အစည်းအဝေး (၄/၂၀၁၆)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံ(မူကြမ်း)ကို ယခင်အစည်းအဝေး (၃/၂၀၁၆) တွင် ဆုံးဖြတ်ခဲ့ကြောင်း၊ လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံကို သီးခြားစီခွင့်ပြုမိန့်ရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတထံသို့လည်း သဝဏ်လွှာပေးပို့ထားပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများအား သီးခြားရုံးများအဖြစ် ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်းသည့် ပြည်ထဲရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးသို့ပေးပို့သည့် သုံးသပ်တင်ပြချက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ပေးပို့ထားကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီး၏ သဘောထားကို ယခုအစည်းအဝေးတွင် ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းများချတ်ချော်လွဲမှားမှု မဖြစ်စေရန် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာ ၃ ရပ် ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသွားရန်လိုကြောင်း၊ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တချို့နေရာများတွင် အခက်အခဲအချို့ရှိနိုင်ကြောင်း၊ လုပ်ပိုင်ခွင့်ကို သဲကွဲစွာ သိရှိဖို့လိုအပ်ပါကြောင်း၊ တည်ဆဲဥပဒေများကို လိုက်နာကြစေလိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သေချာစွာ သိရှိဆောင်ရွက်နိုင်ရန် ကြိုးကြပ်ကြစေလိုကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာ ၃ ရပ် ဟန်ချက်မပျက်အောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယကက အစည်းအဝေး (၃/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များ ဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ဆိုင်ရာ လုပ်ငန်းများအပါအဝင် လွှတ်တော်ရုံး သီးခြားစီ ဖွဲ့စည်းနိုင်ရေးနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၏ သုံးသပ်ချက်အပေါ် သဘောထားများကို တင်ပြဆွေးနွေးကြသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းဖွဲ့စည်းပုံကိစ္စ၊ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ခြင်းမရှိသော ပြစ်မှုဆိုင်ရာဥပဒေများနှင့် တရားမမှုဆိုင်ရာဥပဒေတို့နှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းပုံကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဆောင်ရွက်ပါက ဥပဒေပြုရေးနှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့မည်ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးကို မိခင်ဌာနအဖြစ် သတ်မှတ်ဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

**✳ကျောဖုံးမှ**

ဟာလိန်းဟွမ်း (ချင်းပြည်နယ်)က ထက်မြက်ကျော် (တနင်္သာရီတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသားသက်ငယ်(၅၀)ကီလိုတန်းတွင် နန်းထိုက်အောင် (ဧရာဝတီတိုင်းဒေသကြီး)က ကျော်ကျော်ခန့် (ရန်ကုန်တိုင်းဒေသကြီး)ကိုလည်းကောင်း၊ ခိုင်မြဲ(မွန်ပြည်နယ်)က ကိုကိုဦး (မန္တလေးတိုင်းဒေသကြီး)ကို လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားသက်ငယ်(၅၇)ကီလိုတန်းတွင် နက္ခအောင် (ကရင်ပြည်နယ်)က တင်မျိုးနွယ် (မကွေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ သီဟဇော်(တနင်္သာရီတိုင်းဒေသကြီး)က ဉာဏ်လင်းဦး (ရခိုင်ပြည်နယ်)ကိုလည်းကောင်း၊ အမျိုးသမီး(၄၈)ကီလိုတန်းတွင် နွေဦးခိုင် (စစ်ကိုင်းတိုင်းဒေသကြီး)က ဝင်းဝင်းထွေး (ရန်ကုန်တိုင်းဒေသကြီး)ကိုလည်းကောင်း၊ ဇင်ဇင်ထက် (မွန်ပြည်နယ်)သည် ဆေးကျသဖြင့် စုသျှားညို (တနင်္သာရီတိုင်းဒေသကြီး)က လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီး (၅၁)ကီလိုတန်းတွင် အေးငြိမ်းထူး (တနင်္သာရီတိုင်းဒေသကြီး)က ကြာညိုသွယ် (စစ်ကိုင်းတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အေးမြတ်လွင် (ပဲခူးတိုင်းဒေသကြီး)က ချယ်ရီဝင်း (မွန်ပြည်နယ်)ကိုလည်းကောင်း၊ အမျိုးသမီး (၅၇)ကီလိုတန်းတွင် အေးစိုး (တနင်္သာရီတိုင်းဒေသကြီး)က ငုဝါဦး (မန္တလေးတိုင်းဒေသကြီး)ကို လည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။


အမျိုးသား(၆၄)ကီလိုတန်းတွင် ကျော်မင်းဦး (စစ်ကိုင်းတိုင်းဒေသကြီး)က ထက်ဝေယံ (မန္တလေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ ကျော်ဆန်းဦး (ပဲခူးတိုင်းဒေသကြီး)က နိုင်နိုင်လင်း (တနင်္သာရီတိုင်းဒေသကြီး)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**မောင်မောင်ဇော်**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ရိုက်နှိပ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည် ရိုက်နှိပ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်ပြီး စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ရိုက်နှိပ်ရေး ဆွေးနွေးပြောကြားသည်။**(ယာပုံ)**



ယင်းနောက် စာပေဗိမာန် စာတည်းမှူးချုပ် ဦးအောင်သန်းက မြန်မာ့စွယ်စုံကျမ်းများပြန်လည်ရိုက်နှိပ်ထုတ်ဝေရန် စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ယခင်ရိုက်နှိပ်ခဲ့သည့် စွယ်စုံကျမ်းများကို ခေတ်စနစ်နှင့်ကိုက်ညီသည့် အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို ပြန်လည်ဖြည့်စွက်ပြီး ရိုက်နှိပ်ထုတ်ဝေမည်ဖြစ်ကြောင်း တင်ပြသည်။

ထွန်းဖောင်ဒေးရှင်းဘဏ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက မြန်မာ့စွယ်စုံကျမ်းများသည် မြန်မာလူမျိုးများအတွက် ရှိသင့်ရှိထိုက်သည်ဟုယုံကြည်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ပညာရှင်များဖြင့် စနစ်တကျ စီစဉ်ထားကြောင်း တင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပညာရှင်များက မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ရိုက်နှိပ်ထုတ်ဝေရာတွင် အဆင့်အတန်းမြင့်မားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာပေပညာရှင်များ၊ မြန်မာ့စွယ်စုံကျမ်းအဖွဲ့မှ ပညာရှင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**

**○အာဆီယံ ယူ - ၁၉ မှ**

ဩစတြေးလျအသင်းက စိတ်ကြိုက်ဖိကစားနိုင်ခဲ့ပြီး မိနစ် ၃၀ အတွင်း နှစ်ဂိုးရရှိခဲ့သည်။ ဩစတြေးလျအသင်းအတွက် ဂိုးများကို ၁၇၊ ၂၇ မိနစ်တွင် ဒီဂျန်ကသွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်ဂိုး ပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပြန်လည်တိုက်စစ်ဆင်လာနိုင်ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်းအသုံးမချနိုင်ခဲ့ပေ။ ၄၃ မိနစ်တွင် တိုက်စစ်မှူး စအောင်ပြည့်ကို၏ အနီးကပ်ပိတ်သွင်းယူမှုကို ဩစတြေးလျဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် မြန်မာအသင်းတိုက်စစ်အားပြုကစားခဲ့ပြီး ဩစတြေးလျခံစစ်ပိုင်း ခက်ခက်ခဲခဲ ဖျက်ထုတ်ခဲ့ရသည်။ မိနစ် ၆၀ နောက်ပိုင်းတွင် ဩစတြေးလျအသင်းက ပွဲကိုပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးကို ၈၂ မိနစ်တွင် စကော့သ်ကသွင်းယူခဲ့သည်။ အခြားပွဲတွင် ကမ္ဘောဒီးယားအသင်းက လာအိုအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲကစားသုံးမှတ်သာရရှိသေးသောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် စက်တင်ဘာ ၁၆ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် (၃)နှစ် သင်တန်းအမှတ်စဉ် (၄၅)မှ သင်တန်းသား သင်တန်းသူများအား ဩဝါဒစကား ပြောကြားစဉ်။ (သတင်းစဉ်)

❁ ဇာတိရပ်ရွာမှ

အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း၊ အားလုံးသိပြီးဖြစ်သည့်အတိုင်း မကြာသေးမီက နေပြည်တော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ညီလာခံကျင်းပမှုကိုလည်း အစမှအဆုံး ရုပ်မြင်သံကြားမှ တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများ သိရှိနိုင်အောင် တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါကြောင်း။

နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို (၂၁)ရာစုပင်လုံညီလာခံကြီးမှ အစပြုလိုက်ခြင်းလည်း ဖြစ်ပါကြောင်း၊ ဤဖြစ်စဉ်ကြီးတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံးပါဝင်နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်များသည်လည်း ဘယ်ခေတ်၊ ဘယ်အခါနှင့်မျှ မတူအောင် မြင့်မားနေသည်ကို သိကြရမည်ဖြစ်ပါကြောင်း၊ ဤတာဝန်သည် ကြီးမားပါကြောင်း၊ နောက်ထပ်ဆွေးနွေးညှိနှိုင်းမှုများစွာ ဖြတ်သန်းကြရဦးမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာရန်ကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နှစ်ပေါင်း (၆၈)နှစ်၊ နှစ်(၇၀)နီးပါး ကြာမြင့်ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနှင့် ပြေလည်အောင် ဖြေရှင်းနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရသစ်လက်ထက်တွင် ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်ကြီး တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

နိုင်ငံရေးပြဿနာများကို စားပွဲဝိုင်း၌ နိုင်ငံရေးနည်းဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နေရာတွင် အရေးကြီးဆုံးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်ရန်၊ အပြန်အလှန်ယုံကြည်ရန်နှင့် အပြန်အလှန်လေးစားရန် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တည်ဆောက်ထားသည့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရှင်သန်ရန်ဖြစ်ပါကြောင်း၊ ယခုရောက်ရှိနေကြသည့် သားတို့ သမီးတို့သည် ဤရည်မှန်းချက်ကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နေကြသူများပင် ဖြစ်ပါကြောင်း၊ သားတို့ သမီးတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်ခေါင်းဆောင်များဖြစ်ကြသည့်အတွက် အထူးပင် လေးစားဂုဏ်ယူမိသည်ကို အလေးအနက်ထားပြောကြားလိုပါကြောင်း။

အမိတက္ကသိုလ်ကြီးတွင် ပညာသင်ကြားလေ့ကျင့်ကြသည့်အခါ တိုင်းရင်းသားအချင်းချင်း တစ်မိုးအောက်တွင် အတူတကွ ချစ်ချစ်ခင်ခင် ကူညီရိုင်းပင်းခဲ့ကြသည့်အတွက်လည်း သားတို့ သမီးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်ကို အထူးတလည် ပြောပြရှင်းလင်းစရာမလိုသည့် အနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ဤတက္ကသိုလ်ကြီး၏ ရည်မှန်းချက်များသည် ပြည်ထောင်စုတိုင်းရင်းသားမျိုးဆက်သစ်များအပေါ်တွင် ထားရှိသည့် မွန်မြတ်သော စေတနာများ၊ မျှော်လင့်ချက်များကို ထင်ဟပ်ဖော်ပြနေပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်ရေးအတွက် မျှော်မှန်းထူထောင်ခဲ့သည့် ဤတက္ကသိုလ်ကြီး၌ ပညာသင်ခွင့်ရခဲ့သည့်ကာလသည် သားတို့ သမီးတို့အတွက် အထူးတန်ဖိုးထားဂုဏ်ယူစရာလည်း ဖြစ်ပါကြောင်း။

ယခုဆိုလျှင် သားတို့ သမီးတို့သည် ဤတက္ကသိုလ်ကြီးတွင် မူလတန်းဆရာအတတ်သင် (၃)နှစ် သင်တန်းကို တက်ရောက်ခဲ့ပြီး မကြာမီတွင် ပညာရေးဝန်ထမ်းအဖြစ်ဖြင့် မိမိတို့၏ ဇာတိရပ်ရွာဒေသများ၌ တာဝန်ထမ်းဆောင်ကြရတော့မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်တာဝန်ထမ်းဆောင်ကြရသည့်အခါတွင် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ပြည်သူများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရေးကို စွမ်းဆောင်နိုင်သော ပညာရေးဝန်ထမ်းကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်ကြရန် အလေးအနက်ထားမှာကြားလိုပါကြောင်း။

တိုင်းရင်းသားများအများစုနေထိုင်ရာ နယ်စပ်ဒေသများသည် အတိတ်သမိုင်း၏ အခြေအနေအရပ်ရပ်ကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အသိပညာတွင်လည်း နောက်ကျကျန်ရစ်ခဲ့သည်လည်း ရှိနိုင်ပါကြောင်း၊ ဤအခြေအနေတွင် သားတို့ သမီးတို့အနေဖြင့် တတ်နိုင်သလောက် အသိပညာဝေမျှပေးပြီး အလင်းဖွင့်ပေးကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤတာဝန်သည် ရာထူးအရ ပေးအပ်သည့် တာဝန်မဟုတ်ပါကြောင်း၊ မိမိတို့ ပြည်ထောင်စု၊ မိမိတို့သွေးချင်းများအတွက် မျှဝေကူညီထမ်းဆောင်ပေးခြင်းဟု မှတ်ယူကြစေလိုပါကြောင်း၊ ဤအရာသည် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မိမိတို့ တတ်နိုင်သည့် တစ်ထောင့်တစ်နေရာကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

သားတို့ သမီးတို့အား ပြောကြားလိုသည်မှာ မူးယစ်ဆေးဝါး၏ အန္တရာယ်ကြီးမားပုံကို မိမိတို့၏ စာသင်သားများကို အခါအခွင့်သင့်တိုင်း ဟောပြောပို့ချကာ ဗဟုသုတတိုးပွားစေပြီး လမ်းမှားကို မရောက်ကြစေရန် ထိန်းကျောင်းပေးရေးပင်ဖြစ်ပါကြောင်း၊ မျက်မှောက်ကာလတွင် မူးယစ်ဆေးဝါးသည် နယ်စပ်ဒေသများမှ မြို့ပေါ်အထိ ငယ်ရွယ်သူ ကျောင်းသားများ၊ အနာဂတ်၏ သားကောင်းသမီးကောင်းရတနာများကို ခြိမ်းခြောက်အန္တရာယ်ပြုနိုင်သည့် အလားအလာများ တွေ့နေရပါကြောင်း။

နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသား လူမျိုးစုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်အဟန့်အတားဖြစ်စေမည့် ဤမူးယစ်ဆေးဝါးအန္တရာယ်ကို မိမိတို့သားတပည့်များကတစ်ဆင့် သိကျွမ်းလာမည့် မိဘများကိုပါ အခြေအနေပေးတိုင်း ဆွေးနွေးပြောကြားစေလိုပါကြောင်း။

အခုလာရောက်သည့် လေ့လာရေးခရီးစဉ်တွင်လည်း နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများကို သိမြင်နားလည်လာကြရန် မျှော်လင့်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အစိုးရတစ်ရပ်တည်းသာမက ပြည်သူအားလုံး ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ အတွေ့အကြုံ၊ ဒီမိုကရေစီ အလေ့အထများ အားနည်းနေသေးသည့် မြန်မာနိုင်ငံတွင် အားလုံးဝိုင်းဝန်း လက်တွဲဆောင်ရွက်မှ အခြေအနေကောင်းများကို ဖန်တီးတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားများအားလုံး လိုလားတောင့်တနေသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်တည်ဆောက်ရန်အတွက် အမျိုးသားညီညွတ်ရေးသည် မရှိမဖြစ်လိုအပ်သည်ကို သားတို့ သမီးတို့နားလည်သဘောပေါက်ထားပြီးဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

သားတို့ သမီးတို့အနေဖြင့် တက္ကသိုလ်တွင် တက်ရောက်ပညာသင်ယူနေစဉ် မိမိတို့နှလုံးသားအိမ်၌ ရရှိစွဲမြဲလာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကို ခိုင်မာသည်ထက် ခိုင်မာအောင် နောက်မျိုးဆက်လူငယ်များအား လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာသင်ကြားပို့ချခြင်းနှင့်အတူ စည်းရုံးဆောင်ရွက်သွားကြရန်၊ လေ့လာရေးကနေရရှိလာသည့် အသိပညာဗဟုသုတများကိုလည်း မိမိတို့ သင်တန်းဆင်းပြီး လုပ်ငန်းတာဝန်ထမ်းဆောင်ကြသည့်အချိန်တွင် အသုံးချသွားကြရန် မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်မည့် တပည့်သားကောင်းများကို မွေးထုတ်ပေးရန် သားတို့ သမီးတို့အား နိုင်ငံတော်က ယုံကြည်မှုအပြည့်ဖြင့် ပြုစုပျိုးထောင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ သားကောင်း သမီးမွန်များပီသစွာ မိမိတို့ကို တာဝန်ပေးအပ်ထားသည့် ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသား ညီအစ်ကိုများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာအောင်၊ တိုင်းရင်းသား ပြည်သူများကြားတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ပြန့်ပွားလာအောင် ဆောင်ရွက်နိုင်သည့် ပညာရေးဝန်ထမ်းကောင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာအတတ်သင် (၃)နှစ်သင်တန်းမှ သင်တန်းသား သင်တန်းသူများကိုယ်စား ရှမ်းပြည်နယ် နမ့်စန်မြို့နယ်မှ ပလောင်တိုင်းရင်းသူ မလှမြတ်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူ နှစ်ဦးက လေ့လာရေးခရီးစဉ် အမှတ်တရ ဂါရဝပြုလက်ဆောင် ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား သင်တန်းသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## တာဝန်ယူမှု တာဝန်ခံမှုရှိသောမှ

ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ၏ အနီးကပ်သမိုင်းကို ပြန်ကြည့်လျှင် နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဒီမိုကရေစီဆိတ်သုဉ်းသော ဘဝကို ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လွတ်လပ်မှု၊ တန်းတူညီမှု၊ တရားမျှတမှုများ ကင်းမဲ့သော အနေအထားများမှ လွတ်မြောက်ရန်အတွက် အများပြည်သူတို့ တောင်းဆိုခဲ့၊ လှုပ်ရှားဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါ ဒီမိုကရေစီလမ်းကြောင်းအစ၌ အခြေချမိကြခြင်းဖြစ်ပါသည်။ သို့သော် ဒီမိုကရေစီစနစ် အမြစ်တွယ်အောင်၊ ခိုင်မာတောင့်တင်းအောင်နှင့် ရေရှည်တည်တံ့အောင်ကား နိုင်ငံသူ နိုင်ငံသားအများ ဝိုင်းဝန်း၍ ဆက်လက်ကြိုးပမ်းတည်ဆောက်ကြရဦးမည်ဖြစ်ပါသည်။

**နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

ဒီမိုကရေစီဆိုသည်မှာ ပြည်သူ့အင်အား၊ ပြည်သူ့အာဏာကို မဏ္ဍိုင်ပြုသော နိုင်ငံရေးစနစ်ဖြစ်ရာ ဒီမိုကရေစီစနစ်ဟူသည် ပြည်သူလူထု၏ ခံစားချက်နှင့် မျှော်လင့်ချက်များကို ဦးထိပ်ထား၍ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဒီမိုကရေစီစနစ်တွင် နိုင်ငံ၏အရေးအရာတို့ကို ပြည်သူအများသို့မဟုတ် အများစုကို ကိုယ်စားပြုသူများက စဉ်းစားကြံဆ ဆုံးဖြတ်ကြရသည်။ သို့သော် ထိုသို့ဆုံးဖြတ်ရာ၌ အနည်းစုတို့၏ သဘောထားဆန္ဒကို လုံးဝလျစ်လျူရှုထား၍ကားမရ။ အကြောင်းမူ ဒီမိုကရေစီစနစ်ဟူသည် နိုင်ငံသားတစ်ဦးချင်းတို့၏ အခြေခံရပိုင်ခွင့်၊ လွတ်လပ်ခွင့်များကိုလည်းကောင်း၊ လူနည်းစုတို့၏ အခွင့်အရေးများကိုလည်းကောင်း လေးစားဂရုထားရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတို့တွင် နိုင်ငံ့အရေးအရာများကို အဖြေရှာရာ၌ နိုင်ငံသားအများ ဝိုင်းဝန်းပါဝင်ရေးကို အလေးထားကာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရလေ့ရှိပါသည်။

မကြာသေးခင်က ကျင်းပခဲ့သည့် “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ”သည် အဆိုပါသဘောကို ဖော်ပြသည့် နမူနာသာဓကတစ်ခုပင် ဖြစ်သည်။

နိုင်ငံအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမများ စိတ်ဝမ်းကွဲပြားရာက ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရေး၊ တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်၍ ပြည်သူအများလိုလားတောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးတို့အတွက် လူမျိုးစုအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့ကို ကိုယ်စားပြုသူများ၊ တစ်ဦးချင်းသောပညာရှင်များစသည့် ပုဂ္ဂိုလ်အများအပြားတို့က ညီလာခံ၌ ရှုထောင့်မျိုးစုံမှ ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ကြသည်။

(၂၁) ရာစု ပင်လုံညီလာခံ ပထမအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် နိုင်ငံ့အရေးအရာ ပြဿနာများကို နိုင်ငံတစ်ဝန်းလုံး၌ ဆက်၍ဆက်၍ ဆွေးနွေးကြဦးမည်ဖြစ်ပါသည်။ ဆက်လက်၍ တိုင်းရင်းသား ပြည်သူအားလုံး သဘောတူမျှလက်ခံကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကို နိုင်ငံရေးစားပွဲဝိုင်းများတွင် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာကြရဦးမည်ဖြစ်ပါသည်။ ဤသည်မှာ လူများစု၊ လူနည်းစု မခွဲခြား နိုင်ငံသူ နိုင်ငံသားအများပါဝင်သည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းဖြစ်ပါသည်။

ယင်းသို့ ဒီမိုကရေစီကျင့်စဉ်အတိုင်း ဆောင်ရွက်ခြင်းဖြင့် ဤနိုင်ငံ၌ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုတို့ကို တည်ဆောက်နိုင်မည့်အပြင် နိုင်ငံသူ နိုင်ငံသား အပေါင်းသည်လည်း လွတ်လပ်ခြင်း၊ တန်းတူညီခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများကို ခံစားကြရလိမ့်မည်ဟု အခိုင်အမာယုံကြည်ထားပါသည်။

**နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်မှာ နိုင်ငံတကာပါလီမန်များအဖွဲ့က သတ်မှတ်သည့် “အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့ ”ဟူ၍ ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်၏ ရည်ရွယ်ချက်သည် အနာဂတ်ဒီမိုကရေစီ၊ ယနေ့နှင့် နောင်တစ်နေ့လူငယ်များ၊ ထို့နောက် လွှတ်တော်များ၏ အခန်းကဏ္ဍတို့ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ ပြည့်နှစ် ပန်းတိုင်နှင့် ချိတ်ဆက်စဉ်းစားရန် နှိုးဆော်ပေးလိုက်သောသဘောဖြစ်ပါသည်။

ယခုမှစ၍ရေတွက်လျှင် ၂၀၃၀ ပြည့်နှစ်ဆိုသည်မှာ များစွာဝေးကွာသော ကာလတစ်ခုဟု မဆိုနိုင်ပါ။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများသည်လည်း အသွင်ကူးပြောင်းရေးမှတစ်ဆင့် ခိုင်မာတည်တံ့သည့်အဆင့်သို့ ရောက်ရှိစေရန်မှာ မျိုးဆက်သစ် လူငယ်လူရွယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

# နိုင်ငံတော်တာဝန်ထမ်းဆောင်ကြရသည့်အချိန်တွင် ပညာရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်

နေပြည်တော် စက်တင်ဘာ ၁၄

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ မူလတန်းဆရာ အတတ်သင်သုံးနှစ်သင်တန်း အမှတ်စဉ်(၄၅) တက်ရောက်ခဲ့ပြီးဖြစ်သည့် သင်တန်းသား သင်တန်းသူများသည် ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ငုရွှေဝါခန်းမ၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်တွေ့ဆုံ၍ ဩဝါဒခံယူကြသည်။**

**နိုင်ငံတော်သမ္မတ၏ ဩဝါဒခံယူပွဲအပြီးတွင် တက္ကသိုလ်မှ ဆရာမများ၏ သင်ကြားပို့ချမှု၊ သင်တန်းသား သင်တန်းသူများ သင်တန်းပြီးဆုံးချိန်တွင် မိမိတို့၏ ဇာတိရပ်ရွာဒေသများတွင် တာဝန်ထမ်းဆောင်မည့်အခြေအနေများနှင့် ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**



ဒေါ်ခင်စန်းတင့်



ဦးစန်းအောင်



မောင်ဇော်မင်းထွန်း



မခင်မေသဇင်ထွန်း



မနှင်းပွင့်ဖြူ

**ဒေါ်ခင်စန်းတင့်(ပါမောက္ခ)**
**သင်ပြနည်းဌာန**

ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကနေ ကလေးတွေကို စာပေပညာရပ်သာမကဘဲ ဖွံ့ဖြိုးရေး၊ အထူးဖွံ့ဖြိုးရေးဘာသာရပ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးဖို့ရာအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနဲ့ စာရိတ္တပညာရပ်တွေ ပို့ချပါတယ်။ ဒါကြောင့် သူတို့တွေ သင်တန်းဆင်းသွားတဲ့အခါ ဆရာ ဆရာမအဖြစ်သာမကဘဲ သူတို့ဒေသမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကိုလုပ်ရမှာက ပထမတာဝန်ပါ။ မိမိဒေသခံလူမျိုးတွေ ဖွံ့ဖြိုးတိုးတက်အောင်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမှာက ဒုတိယတာဝန်နဲ့ တိုင်းရင်းသားညီငယ်မောင်ငယ်တွေ ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်အောင် စည်းရုံးဆောင်ရွက်သွားရမှာက တတိယတာဝန်ပါ။ အဲဒီတာဝန်သုံးရပ်ကို ထမ်းဆောင်ရမှာပါ။

အဲဒီတာဝန်သုံးရပ် ထမ်းဆောင်နိုင်အောင်လည်း ကျွန်မတို့တက္ကသိုလ်က စာပေဘာသာရပ်၊ ဖွံ့ဖြိုးရေးဘာသာရပ်၊ အထူးဖွံ့ဖြိုးရေးဘာသာရပ်၊ ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးရေးဘာသာရပ်တွေကို စုပေါင်းပြီးတော့ သင်ကြားပေးပါတယ်။

ကျွန်မတို့တက္ကသိုလ်က ၁၉၆၄ ခုနှစ်ကတည်းက တည်ထောင်တာပါ။ အခု ၂၀၁၆ ခုနှစ် အောက်တိုဘာလဆိုရင် ၅၂ နှစ်ပြည့်ပါပြီ။ ကျွန်မတို့တက္ကသိုလ်မှာရှိတဲ့ ပညာရေးဘွဲ့သင်တန်း၊ မူလတန်းဆရာအတတ်သင်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း၊ မဟာပညာရေးဘွဲ့သင်တန်း အဲဒီသင်တန်းတွေမှာ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၁၂၆၉၁ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

**ဦးစန်းအောင်**
**(ဌာနမှူး၊ သုတေသနနှင့် သင်ထောက်ကူဌာန)**

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကနေ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေး အပါအဝင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး အဲဒီ ဒို့တာဝန်အရေးသုံးပါးကို အပြည့်အဝ တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက အဓိကကျပါတယ်။ တိုင်းရင်းသားပြည်သူတွေရဲ့ကြားမှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှင်သန်ခိုင်မာအောင် ဆောင်ရွက်နိုင်ဖို့အတွက် ဒီတက္ကသိုလ်ကြီးကို ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးနေတာဖြစ်ပါတယ်။

မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းဖြစ်တဲ့အတွက် မူလတန်းဆရာအတတ်သင်လက်မှတ်ချီးမြှင့်ပြီး မူလတန်းဆရာအဖြစ်နဲ့ ခန့်ထားပါတယ်။ တစ်နှစ် တာဝန်ထမ်းဆောင်ပြီးတဲ့အခါမှာ တက္ကသိုလ်မှာ ဒီပလိုမာသင်တန်းပြန်ပြီးတော့ တက်ခွင့်ရမှာဖြစ်သလို ဒီပလိုမာသင်တန်းတက်ပြီးရင် တကယ်လို့ လုပ်ငန်းခွင်မှာ BEd ပေါင်းကူးသင်တန်းတက်ခွင့်ရရင် BEd လက်မှတ်ချီးမြှင့်မှာဖြစ်ပါတယ်။ ဒီတက္ကသိုလ်ကနေဆင်းတဲ့ သင်တန်းသားအများစုကတော့ ပညာရေးဝန်ကြီးဌာနမှာ အများဆုံးတာဝန်ထမ်းဆောင်ကြပါတယ်။

**မောင်ဇော်မင်းထွန်း၊**
**ပါရာနာဂတိုင်းရင်းသားလူမျိုး**
**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**(စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း)**

ကျွန်တော်တို့ဒေသမှာ တာဝန်ထမ်းဆောင်တဲ့အခါ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးနဲ့ လူမှုဆက်ဆံရေး နယ်ပယ်တွေမှာ ကျွန်တော်တတ်စွမ်းသမျှ စွမ်းစွမ်းတမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အခုလို လေ့လာရေးသွားရတဲ့အခါ ကျွန်တော်တို့အတွက် ဗဟုသုတအများကြီးရပါတယ်။ ဒီကျောင်းက နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ ကျွန်တော်တို့ကို နေရာဒေသစုံအောင် လေ့လာရေးပို့ပေးတဲ့အတွက် ဗဟုသုတများစွာရသလို စိုက်ပျိုးရေးပညာတွေ သင်ကြားပို့ချတဲ့အခါမှာလည်း အထောက်အကူများစွာရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာဆိုရင် တိုင်းရင်းသားလူမျိုးများစွာရှိတဲ့အတွက် စရောက်တဲ့အချိန်မှာ တစ်ဦးနဲ့တစ်ဦး မသိကြပါဘူး။ အခုသုံးနှစ်ကြာနေလာတဲ့အခါမှာတော့ တိုင်းရင်းသားတွေဟာ စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင်နဲ့ ယဉ်ကျေးမှုပွဲဖြစ်ဖြစ်၊ အနုပညာပိုင်းပွဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ဖလှယ်လို့ရသွားပါတယ်။ ကျောင်းမှာဆိုရင် ပိုပြီးတော့ စည်းလုံးမှုရှိအောင် ကချင်လူမျိုးက ရခိုင်ဝတ်စုံဝတ်၊ ကျွန်တော်တို့ နာဂက ချင်းဝတ်စုံဝတ်၊ အဲဒီလိုမျိုး ရိုးရာဝတ်စုံ လဲဝတ်တာတွေလည်း ရှိပါတယ်။ အဲဒါတွေက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးတည်နေသလို ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးကိုလည်း ရှေးရှုနေတာဖြစ်ပါတယ်။

**မခင်မေသဇင်ထွန်း**
**(ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့)**

သင်တန်းပြီးသွားလို့ ကျောင်းဆရာမအဖြစ်နဲ့ ပြန်လည်တာဝန်ထမ်းဆောင်ရတဲ့အခါ ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြားသော ကဏ္ဍတွေမှာလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကာယဗလရော၊ ဉာဏဗလပါ ပေါင်းစပ်ပြီး ကလေးတွေရဲ့ အတွေးအခေါ်အသစ်တွေ တိုးတက်လာအောင် အစွမ်းကုန်ကြိုးစားပေးသွားမှာပါ။ ကျွန်မတို့ ရမ်းဗြဲဘက်မှာ ဖွံ့ဖြိုးမှုပိုင်းနောက်ကျနေပါတယ်။ ပညာရေးမှာလည်း လိုသလောက် မစွမ်းဆောင်နိုင်ကြပါဘူး။ အချို့ဆရာမတွေဆိုရင် ပဋိပက္ခဒေသတွေကို မသွားနိုင်ကြဘူး။ အဲဒါတွေရဲ့အကျိုးဆက်က တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ နိမ့်ကျလာပါတယ်။ ကျွန်မဖြစ်စေချင်တာကတော့ ပြည်တွင်းငြိမ်းချမ်းရေးရစေချင်တာပါပဲ။ အဲဒါမှ ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ဒေသမှာ ပဋိပက္ခတွေ ငြိမ်သက်သွားမယ်ဆိုရင် ပညာရေးပိုင်းမှာ တိုးတက်လာလိမ့်မယ်လို့ ထင်ပါတယ်။

**မနှင်းပွင့်ဖြူ**
**(မွန်ပြည်နယ်၊ မုဒုံ)**

ကျွန်မက တိုင်းရင်းသားဆိုတာကို အရင်ကနည်းနည်းပဲတွေ့ဖူးတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း ဆိုတာလောက်ပဲ သိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ရောက်လာတဲ့အချိန်ကျမှ ကချင်မှာ ကချင်မျိုးနွယ်စုတွေ၊ ရခိုင်မှာဆိုရင်လည်း မျိုးနွယ်စုတွေ အများကြီးရှိတယ်။ ရှမ်းမှာလည်း မျိုးနွယ်စုတွေ အများကြီးရှိတယ်ဆိုတဲ့ ဗဟုသုတတွေရတယ်။ အရပ်ဒေသအသီးသီးကလာတာဆိုတော့ ဝတ်စားဆင်ယင်ပုံတွေ၊ ယဉ်ကျေးမှုတွေ၊ ရိုးရာဓလေ့ထုံးစံတွေလည်း မတူဘူးဆိုတာကိုလည်း သိလိုက်ရတယ်။ နယ်စပ်မှာ တာဝန်ကျမှာဆိုတော့ နယ်စပ်မှာရှိတဲ့ မိဘတွေကိုယ်တိုင် အများစုက ပညာမသင်ကြားခဲ့ရတဲ့အတွက် ကလေးတွေ ပညာသင်ကြားဖို့ အားမပေးကြဘူး။ အဲဒီဒေသမျိုးမှာ ကျွန်မ တာဝန်ထမ်းဆောင်တဲ့အခါမှာ ကလေးတွေကို စာကြိုးစားချင်တဲ့စိတ်တွေ ဖြစ်လာအောင်၊ ပညာတတ်တွေ ဖြစ်လာအောင် ကြိုးပမ်းပေးမယ်လို့ ပြောချင်ပါတယ်။

နိုင်ငံတော်သမ္မတကြီး ပြောသွားတဲ့အထဲမှာ ငြိမ်းချမ်းရေးနဲ့ မူးယစ်ဆေးဝါးအကြောင်းလည်းပါတယ်။ ဟုတ်ပါတယ်။ ငြိမ်းချမ်းမှုသာ နိုင်ငံတစ်နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ကိုယ့်တာဝန်၊ ကိုယ့်အသိစိတ်နဲ့ကိုယ် ထမ်းဆောင်နေမယ်ဆိုရင် မငြိမ်းချမ်းမှုဆိုတာ ဖြစ်လာမှာမဟုတ်ဘူး။ မူးယစ်ဆေးဝါးဆိုတာ အခုခေတ်လူငယ်တွေကြားမှာ ပျံ့နှံ့နေပါတယ်။ အခုခေတ်လူငယ်တွေက လက်တွေ့စမ်းသပ်ချင်တဲ့စိတ် အမြဲတမ်းရှိကြတယ်။ အဲဒါတွေက မကောင်းဘူးဆိုတာကို ကလေးတွေကို ပညာသင်ကြားပေးရင်း အသိပညာဗဟုတအနေနဲ့ ဟောပြောပို့ချပေးသွားမှာပါ။ ကိုယ့်ပတ်ဝန်းကျင်မှာ အဲဒီလိုလူမျိုးတွေ ရှိနေပြီဆိုရင် မူးယစ်ဆေးဝါးကို ဘယ်လိုသုံးရင် ဘယ်လိုဆိုးကျိုးတွေ ရနိုင်တယ်ဆိုတာကို အမြဲတမ်းပညာပေးစည်းရုံးပြောကြားနေမယ်ဆိုရင် သုံးရဲကြမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ကျွန်မအနေနဲ့ အဲဒီလိုမျိုး ဒေသတွေမှာ တာဝန်ကျခဲ့ရင် တတ်နိုင်သမျှ ပညာပေးဆွေးနွေးလမ်းညွှန်သွားမှာပါ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သင်တန်းသား သင်တန်းသူများသည် နိုင်ငံတော်တာဝန်ထမ်းဆောင်ကြရာတွင် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားစေရေးကို စွမ်းဆောင်နိုင်သော ပညာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် ဆက်လက် ကြိုးစားအားထုတ်ကြရမည်မှာ အဓိကတာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

**သတင်း - နိုင်လင်းကြည်၊ ကိုမင်း**
**ဓာတ်ပုံ - ထိန်နန်နော်**

---

❂ စာမျက်နှာ ၈ မှ

နိုင်ငံရေးယဉ်ကျေးမှုခိုင်မာလာရန် လိုအပ်ပါသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၏အောင်မြင်မှုကို ပြည်သူလူထု၏ လူနေမှုဘဝများ တိုးတက်ပြောင်းလဲလာမှုများနှင့် တိုင်းတာလေ့ရှိရာ ပြည်သူလူထုကို အခြေပြုသော၊ ပြည်သူလူထုကို အလေးအနက်ထားသော အပြောင်းအလဲများ ဆောင်ကြဉ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲနိုင်ရေး၊ ဘုံသဘောတူလက်ခံသော အမျိုးသားရေးဝိသေသလက္ခဏာတစ်ရပ် တည်ဆောက်ရေးတို့ကို ဦးတည်ကြိုးပမ်းလျှောက်လှမ်းလျက် ရှိပါသည်။ ဤခရီးသည် နီးသည်၊ ဝေးသည် မဆိုနိုင်ဘဲ မဖြစ်မနေလျှောက်လှမ်းရမည့်လမ်းကြောင်းလည်း ဖြစ်နေပါသည်။

ဤသို့သော အခြေအနေတွင် အများစု၏ အဆုံးအဖြတ်ကို အနည်းစုက လက်ခံလိုက်နာခြင်း၊ အနည်းစု၏ အခွင့်အရေးကို အများစုက လေးစားခြင်း၊ မတူကွဲပြားမှုများကို အပြန်အလှန်သည်းခံခြင်းစသည့် ခိုင်မာရင့်ကျက်သော ဒီမိုကရေစီနိုင်ငံရေး ယဉ်ကျေးမှုကို တည်ဆောက်နိုင်ပြီး ပွင့်လင်းမြင်သာ၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လူ့အဖွဲ့အစည်းမျိုးနှင့် တည်ငြိမ်အေးချမ်းသော လူမှုပတ်ဝန်းကျင်မျိုး တည်ရှိမှသာလျှင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီအောင် ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

အဆိုပါအနေအထားများ ဖန်တီးပေးနိုင်ရန်အတွက်ဆိုလျှင် ဒီမိုကရေစီဆိုင်ရာ အစုအဖွဲ့များနှင့် အခြေခံအဆောက်အအုံများဖြစ်သည့် ပါလီမန်လွှတ်တော်များ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲစနစ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ဥပဒေများ၊ စည်းမျဉ်းများကို အနာဂတ်အတွက် ရည်မှန်းလျက် ပစ္စုပ္ပန်ကို ဆင်ခြင်သုံးသပ်ပြီး အတိတ်ကိုလည်း သင်ခန်းစာယူကာ အကောင်းဆုံးပြင်ဆင်သွားကြရမည် ဖြစ်ပါသည်။

**နိုင်ငံသူနိုင်ငံသားများခင်ဗျား-**

အထက်တွင် တင်ပြခဲ့သည့်အတိုင်း အနာဂတ်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် တောင်ပေါ်မြေပြန့် မခွဲခြား၊ ပြည်နယ်ပြည်မဟူ၍လည်း သဘောမထား တစ်သားတည်း တစည်းတလုံးတည်း လက်တွဲပူးပေါင်းလျှောက်လှမ်းနိုင်ရန် လိုအပ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံသူနိုင်ငံသားများအနေဖြင့် ငြိမ်းချမ်းသာယာသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် ဒီမိုကရေစီစိတ်ဓာတ်၊ ဒီမိုကရေစီအကျင့်ကိုအရင်းခံကာ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် စုပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန် ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခါသမယတွင် အလေးအနက်တိုက်တွန်းလိုက်ရပါသည်။

# ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ် နေပြည်တော်၌ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို ပိုမိုသိရှိနားလည်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ကဏ္ဍမျိုးစုံ၌ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ဟောင်ကောင် အခြေစိုက် Euromoney Institutional Investor (Asia) တို့ ပူးပေါင်းကျင်းပသော Myanmar Global Investment Forum ကို ယနေ့နံနက် ၉ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ Securities နှင့် Exchange ကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ AYA Bank ဥက္ကဋ္ဌ၏အကြံပေးနှင့် ဘဏ္ဍာရေးအရာရှိချုပ် Azeen M Azimuddin၊ KBZSC ၏ မန်နေးဂျင်းဒါရိုက်တာ Rudi Rolles၊ Leopard Capital ၏ မန်နေးဂျင်းပါတနာ Kenneth Stevens၊ Myanmar Agribusiness Public Cooperation (MAPCO) ၏ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်တို့က ရန်ကုန်စတော့အိတ်ချိန်းနှင့် အရင်းအနှီးဈေးကွက်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။


ထို့နောက် PRIME Holidings CEO နှင့် Managing Partner ကင်းနက်ကျော်ရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာကြည်၊ Myanma Awaba Group မှ လုပ်ငန်းဆိုင်ရာအရာရှိချုပ် Ewan Lamont၊ Barron's Asia ၏ အမှုဆောင်အယ်ဒီတာ ဝီလျံပီဆက်တို့က လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍လည်းကောင်း၊ Emerson Real Estate ၏ မန်းနေဂျင်းဒါရိုက်တာ ရစ်ချတ်အီမာဆန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၊ Deep Sky Capital ၏ ပါတနာ စကော့ဟန်ကွတ်တို့က မြန်မာနိုင်ငံ၏ အိမ်ခြံမြေဈေးကွက်၊ ကွန်ဒိုမီနီယံဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့၏ အခွင့်အလမ်းများ၊ ရန်ကုန်နယ်မြေပိုင်းခြား သတ်မှတ်ရေးစီမံကိန်းဥပဒေမှ မျှော်လင့်နိုင်စရာများ၊ အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ဖြစ်ပေါ်နေသည့် အရှုပ်အထွေးများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ကမ္ဘာလုံးဆိုင်ရာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ တက်ရောက်လာသူများ၏အမြင်များ

တွေ့ဆုံမေးမြန်း - စိုးသူရ
ဓာတ်ပုံ - ကျော်သဲအိမ်

**နေပြည်တော် စက်တင်ဘာ ၁၄**


Hans van Beek


Larry Jagen


Kenneth Stevens


Taqui Abbas

Myanmar Global Investment Forum သို့ တက်ရောက်လာသော myjobs.com.mm မှ အမှုဆောင်အရာရှိချုပ် Hans van Beek က ယခုဖိုရမ်နှင့်ပတ်သက်၍ ၎င်း၏ အမြင်ကို ပြောကြားရာတွင် "ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး လူအများမျှော်လင့်သလို စဉ်ဆက်မပြတ် တိုးတက်လာတာကို တွေ့ရပြီး ဒါဟာကောင်းမွန်တဲ့ အချက်ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ အလားအလာတွေအများကြီး မြင်တွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဖြည်းဖြည်းနဲ့မှန်မှန် တိုးတက်လာပါတယ်။ အများကြီးတိုးတက်လာဖို့တော့အချိန်ယူရပါဦးမယ်။ အချိန်အတိုင်းအတာတစ်ခု ရယူခြင်းဖြင့် မြန်မာပြည်သူတွေအတွက်ကောင်းမွန်တဲ့တိုးတက်မှုတွေ ဖြစ်လာပါမယ်။ ဒါဟာ ရင်းနှီးမြှုပ်နှံမှုအတွက်လည်း ကောင်းမွန်တဲ့အချက် ဖြစ်ပါတယ်။ နေ့ချင်းညချင်းတော့ ဖြစ်လာမှာ မဟုတ်ပါဘူး။ အချိန်ယူပြီးတစ်ဆင့်ချင်း ဆောင်ရွက်သွားရပါမယ်။ အစိုးရသစ်လက်ထက်မှာ ပြည်ပကုမ္ပဏီတွေအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ဈေးကွက်မှာ လုပ်ငန်းစတင်လုပ်ဆောင်ဖို့ ဆန္ဒရှိနေကြပါတယ်။ သူတို့အနေနဲ့ မြန်မာ့ဈေးကွက်မှာ ဘယ်လိုကုန်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချနိုင်မလဲဆိုတာ သိချင်နေကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း တိုးချဲ့ပြီးလုပ်ဆောင်လာကြပါတယ်။ ဒါဟာကောင်းမွန်တဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းတွေ အများကြီးဖြစ်ပေါ်လာပါမယ်"ဟု ပြောသည်။

အရှေ့တောင်အာရှ ကျွမ်းကျင်သူ အလွတ်တန်းသတင်းထောက် Larry Jagen က "ဒါဟာ ကြီးမားတဲ့ အောင်မြင်မှုတစ်ရပ် ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပကုမ္ပဏီတွေ၊ ဘဏ္ဍာရေးအဖွဲ့အစည်းတွေ၊ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စိတ်ဝင်စားမှုများစွာရှိကြောင်း တွေ့နိုင်ပါတယ်။ ၎င်းတို့အနေနဲ့ အစိုးရသစ်ရဲ့ စီးပွားရေးဆိုင်ရာပေါ်လစီကို သိလိုစိတ်ပြင်းပြနေကြပါတယ်။ ဒီအစည်းအဝေးဟာ ထူးခြားတဲ့ချိတ်ဆက်မှုဖြစ်ပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက်လည်း ကောင်းမွန်တဲ့အနာဂတ်တွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံ အပေါ်ပိတ်ဆို့ အရေးယူခံထားရတာကို အမေရိကန်အနေနဲ့ ရုပ်သိမ်းမယ့်အရေးနဲ့ပတ်သက်ပြီးတော့လည်း ဘယ်လိုဖြစ်လာမလဲဆိုတာ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ သိချင်နေကြပါတယ်။ အထူးသဖြင့် ဘဏ်တွေပေါ်မှာချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်ပြီးတော့ သိချင်နေကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်သမ္မတ တွေ့ဆုံပြီးရင်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီးသိရမှာပါ။ ပြည်ပက ရင်းနှီးမြှုပ်နှံသူတွေကလည်း ဒီအကြောင်းကိုစိတ်ဝင်စားနေကြပါတယ်"ဟုပြောသည်။

LEOPARD Capital မှ Managing Partner Mr. Kenneth Stevens က "ဒီနေ့ဖိုရမ်မှာ ဆွေးနွေးတဲ့ ခေါင်းစဉ်တွေက အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ဖြည်းဖြည်းနဲ့မှန်မှန် တိုးတက်လာပါတယ်။ အခုဆိုရင် လူတွေက မြန်မာနိုင်ငံအကြောင်း အများကြီးသိလာကြပါပြီ။ အရေးယူပိတ်ဆို့ခံထားရတဲ့ စီးပွားရေးလုပ်ငန်းတွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် ဒါဟာကြီးမားတဲ့ ပြဿနာတော့မဟုတ်ပါဘူး"ဟု ပြောသည်။

Brainchild Communications Pakistan (Pvt) Limited မှ Chief Executive ဖြစ်သူ Taqui Abbas က "ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အလားအလာကောင်းတွေ တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပါကစ္စတန်နိုင်ငံက မြန်မာနိုင်ငံမှာ ကြော်ငြာလုပ်ငန်းဆောင်ရွက်နေတဲ့ ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်တိုးတက်လာမှု အခြေအနေနဲ့ပတ်သက်ပြီး အကြံပေးပုဂ္ဂိုလ်တစ်ယောက်နဲ့ ဆွေးနွေးခဲ့ပါတယ်။ စတော့ရှယ်ယာဈေးကွက်မှာ ပြည်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဘယ်လိုပါဝင်ဆောင်ရွက်နိုင်မလဲဆိုတာ ဆွေးနွေးခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ၊ အာမခံလုပ်ငန်းကုမ္ပဏီတွေအနေနဲ့ စတော့ရှယ်ယာကနေ ဝင်ငွေတွေရရှိနိုင်ပါတယ်။ အခုဆိုရင် ရန်ပုံငွေတွေထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေ ပေါ်ပေါက်နေပါတယ်။ သူတို့အတွက် အစိုးရက စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ဖို့လိုအပ်ပါတယ်။ ဒီလုပ်ငန်းတွေမှာ ဆောင်ရွက်ဖို့ လက်မှတ်ရစာရင်းကိုင်တွေလည်း လိုအပ်ပါတယ်။ အဲဒီစာရင်းကိုင်တွေအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးဆောင်ရွက်ရပါမယ်။ ဘဏ်တွေရဲ့ ဝင်ငွေတွေကလည်း စတော့ရှယ်ယာဈေးကွက်ကနေလာတာပါ။ ဘဏ်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့လိုအပ်ပါတယ်" ဟုပြောသည်။ ■

# ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ရုံးများအား NCA စာချုပ် လက်မှတ်ရေးထိုးထားသောနေရာများတွင် ဆက်လက်ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၁၄

**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S)ရုံးများအား NCA လက်မှတ်ရေးထိုးထားသောနေရာများတွင် ဖွင့်လှစ်လျက်ရှိပြီး ကြွင်းကျန်နေရာအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း JMC-U သတ္တမအကြိမ် ဒုတိယနေ့အစည်းအဝေးမှသိရသည်။**



ဒေါက်တာရွှေခါးရ်

ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ၏ သတ္တမအကြိမ် ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC )ရန်ကုန်ရုံးခွဲတွင် ဆက်လက်ကျင်းပခဲ့ခြင်းဖြစ်သည်။

"လေးနေရာကတော့ JMC-S လုပ်ပြီးသွားပြီ။ ရှမ်း၊ တနင်္သာရီ၊ ကရင်နဲ့ မွန်ပါ။ ပဲခူးနဲ့ ချင်းအတွက် ဆက်လုပ်ပါမယ်။ ပဲခူးတိုင်းဒေသကြီးကတော့ အောက်တိုဘာ မှာလုပ်မယ်။ ချင်းပြည်နယ်အတွက် နိုဝင်ဘာအစည်းအဝေးပြီးရင် ဆက်လုပ်ပါမယ်။ အောက်တိုဘာ ၁၄ ရက် ပဲခူးမှာ JMC-S ဖွဲ့ဖို့ အကြမ်းဖျင်းလျာထားတယ်။ ချင်းကတော့ နိုဝင်ဘာလ အစည်းအဝေးကျမှ သတ်မှတ်ဖို့ သဘောတူထားတယ်။ ပဲခူးအတွက်တော့ တောင်ငူမှာဖွဲ့ပါမယ်။ ချင်းပြည်နယ်အတွက်ကတော့ ဟားခါးမှာဖွဲ့မှာပါ" ဟု JMC-U၏အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်က ပြောသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)နှင့် ကမ္ဘာ့ကုလသမဂ္ဂ (UN) တို့အကြား တွေ့ဆုံဆွေးနွေးမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး၊ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) ကို ပဲခူးတိုင်းဒေသကြီးတွင် ဖွဲ့စည်းရေးနှင့် ချင်းပြည်နယ်တွင် JMC-S ဆက်လက် ဖွဲ့စည်းရေးကိစ္စရပ်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေး (JMC) ဆိုင်ရာအချက်အလက်စနစ်များထားရှိမည့် ကိစ္စရပ်များနှင့် နယ်မြေသတ်မှတ်မှု (Demarcation) ကိစ္စရပ်များဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

လက်ရှိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ အသုံးစရိတ်များနှင့် ပတ်သက်၍ JMC-U ၏အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က "JMC က အခုလည်ပတ်နေတဲ့ လုပ်ငန်းတွေအတွက် ဘတ်ဂျက်ကတော့ အခုလေးလစာ(စက်တင်ဘာကနေဒီဇင်ဘာအထိ) အတွက် UN က နေထောက်ပံ့ပါတယ်။ နောက်သုံးနှစ်စာအတွက် ထောက်ပံ့ပေးနိုင်ဖို့ကိုလည်း UN နဲ့ပဲဆွေးနွေးနေပါတယ်" ဟုပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လက်ရှိလုပ်ငန်းများလည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးထောက်ပံ့မှုများအား UNDP မှ ထောက်ပံ့ပေးလျက်ရှိပြီး ဒီဇင်ဘာလအထိ အမေရိကန်ဒေါ်လာတစ်သိန်းကျော် ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

ဒေါက်တာရွှေခါးရ်က "အခုကနေဒီဇင်ဘာအထိ ဒေါ်လာ တစ်သိန်းကျော်လောက်ကုန်မယ်။ ဒီနှစ်ကုန် ဇန်နဝါရီ ၁ ရက်နေ့ စလုပ်မယ့် Global ဘတ်ဂျက် သုံးနှစ်စာအတွက်ကတော့ ကျွန်တော်တို့ ဒေါ်လာ ၁၅ သန်းလောက် မှန်းထားတယ်။ UNDP နဲ့ပဲ ညှိနေတယ်။ JMC လုပ်ငန်းတစ်ခုလုံးကို UNDP ရဲ့ ထောက်ပံ့မှုအောက်ကသွားမယ်။ အလှူရှင်က ဘယ်နိုင်ငံတွေပါလဲတော့ မသိဘူး" ဟုပြောသည်။

နယ်မြေပိုင်းခြားသတ်မှတ်မှုများနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) မှကမကထပြု၍ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖက်တပ်မှူးများ ဆွေးနွေးမည်ဖြစ်ကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ(JMC) တွင် ပါဝင်နိုင်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် JMC-U မှ အရပ်သားကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေး၍ လာမည့်နိုဝင်ဘာတွင် ပြုလုပ်မည့် JMC-U အစည်းအဝေးတွင် ဆုံးဖြတ်ချက်ရယူသွားမည်ဖြစ်ကြောင်းသိရသည်။

ဗိုလ်မှူးကြီးဝဏ္ဏအောင်က မိုင်းရှင်းလင်းရေး၊ JMC-U အစည်းအဝေးတွင် ဆွေးနွေးမည့်ကိစ္စနှင့် ပတ်သက်၍ "မိုင်းရှင်းလင်းရေးကိစ္စအတွက် ကရင်ပြည်နယ်မှာရှေ့ပြေးစီမံချက်ထားပြီးလုပ်ဖို့ရှိပါတယ်။ ဒါကိုမနက်ဖြန်မှာ ဆွေးနွေးသွားပါမယ်" ဟုပြောသည်။

**(ရဲခေါင်ညွန့်)**

## မြန်မာနိုင်ငံလူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များ ကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ လူငယ်များအားလုံးမှ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## သီတဂူစက္ခုဒါနဆေးရုံတွင် အမေရိကန်အခြေစိုက်ဖောင်ဒေးရှင်းမှ မျက်စိဝေဒနာရှင်များအား လေးလကြာ အခမဲ့ခွဲစိတ်ကုသပေးသွားမည်


**အုတ်ဖို စက်တင်ဘာ ၁၄**
သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ လမ်းညွှန်မှုဖြင့် အုတ်ဖိုမြို့နယ် ဥတိုမြို့သစ် သီတဂူစက္ခုဒါနဆေးရုံ၌ စက်တင်ဘာ ၁၂ ရက်မှစတင်ကာ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်းကို အမေရိကန်အခြေစိုက်ဖောင်ဒေးရှင်း HelpMe See Eye Charity Foundation မှ လာရောက်ဆောင်ရွက်ပေးလျက်ရှိသည်။



Help Me See အဖွဲ့မှ အိန္ဒိယနိုင်ငံသား Dr Sunil Mullan Kandi ပါ ခြောက်ဦးတို့က စက်တင်ဘာ ၁၂ ရက်တွင် မျက်စိဝေဒနာရှင် ၂၀၊ စက်တင်ဘာ ၁၃ ရက်တွင် မျက်စိဝေဒနာရှင် ၃၀ ခွဲစိတ် ကုသပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ခွဲစိတ်ကုသမှုအတွက် Help Me See အဖွဲ့မှ လှူဒါန်းခြင်းဖြစ်ပြီး မျက်စိဝေဒနာရှင်ပေါင်း ၃၆၀၀ အထိ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါနဆေးရုံမှ တာဝန်ရှိသူ ဦးကျော်ဝင်းလှိုင်ထံက သိရသည်။ **အောင်သူ(ပြန်/ဆက်)**



၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့
စက်တင်ဘာလ ၁၆ ရက်


" အိုဇုန်းလွှာနှင့်ရာသီဥတု ကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီ ဆောင်ရွက်စို့ "
"Ozone and Climate, Restored by a World United"

## မြို့နယ်မီးသတ်တပ်ဖွဲ့မှ ကမ်းပြိုနေအိမ် ငါးလုံးရွှေ့ပြောင်းပေး

**ရေစကြို စက်တင်ဘာ ၁၄**
ရေစကြိုမြို့နယ် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေ မြင့်တက်တိုက်စားမှုကြောင့် ကမ်းများပြိုလျက်ရှိရာ စိုးရိမ်ဖွယ်ရာ နေအိမ် ငါးလုံးကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ စက်တင်ဘာ ၁၂ ရက်တွင် သွားရောက်ကူညီ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်၏ အကူအညီတောင်းခံမှုကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး တင့်လွင်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့သည် စက်တင်ဘာ ၁၂ ရက် နံနက် ၈ နာရီမှ ၆ နာရီအထိ ဦးစိုးညွန့်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး၊ ဦးလှမောင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး၊ ဦးအုန်းမောင်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး၊ ဒေါ်ရင်၏ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံးနှင့် ဦးကြည်ရွှင်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး စုစုပေါင်း နေအိမ် ငါးလုံးကို ရွှေ့ပြောင်းပေးခဲ့ပြီး ဦးလှမောင်၏ အဆောက်အအုံနှင့် ပစ္စည်းများကို စက်လှေဖြင့် ရေစကြိုမြို့သို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **(ဖေထွဏ်းဇော်)**

## မှုခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင်စုံစမ်းခြင်းထက် ကြိုတင်သတင်းရရှိအောင် ဆောင်ရွက်နိုင်လျှင် အကျိုးရှိစေနိုင်

**မုံရွာ စက်တင်ဘာ ၁၄**
မှုခင်းတစ်ခုဖြစ်ပွားပြီးမှ ပေါ်ပေါက်အောင် စုံစမ်းခြင်းထက် ကြိုတင်သတင်းရရှိအောင် ဆောင်ရွက်နေသူများအတွက် မိမိတို့ရရှိသည့်သတင်းကို ဆက်သွယ်အကြောင်းကြားပေးနိုင်လျှင် နစ်နာသူအတွက်ရော နိုင်ငံတော်အတွက်ပါ ပို၍အကျိုးရှိစေမည်ဖြစ်ကြောင်း မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်ထံမှ သိရသည်။

"ပြည်သူတွေအနေနဲ့ မှုခင်းဖြစ်စဉ်တွေကို မိမိတို့ရှေ့မှောက်မှာ တွေ့ရ၊ မြင်ရ၊ ကြားရ၊ သိရပေမယ့် မြန်မာလူမျိုးတွေရဲ့ ဓလေ့အတိုင်း အားနာတာ၊ သနားကြင်နာတာ၊ မနာလိုမုန်းတီးတာ၊ ရန်စထားတာကို စိုးရိမ်ကြတာကြောင့် သတင်းမပေးလိုကြသလို သက်သေမလိုက်လိုကြ၊ အကြောင်းမကြားလိုကြပါဘူး။ အဲဒီလိုဖြစ်နေကြမယ်ဆိုရင် အမှုမှန်ဖော်ထုတ်ရေး၊ တရားခံအမြန်ဆုံးဖမ်းဆီးရမိရေးတွေမှာ အခက်အခဲတွေ ကြုံနေရမှာပါ။

မှုခင်းအသိပညာ၊ ဥပဒေအသိပညာ အားနည်းခြင်းကြောင့် မိမိကိုယ်တိုင် မိမိမိသားစု၊ မိမိပတ်ဝန်းကျင်တွင် မှုခင်းတစ်ရပ် ပေါ်ပေါက်လာလျှင် အားကိုးရှာကြသည်ဖြစ်ရာ မိမိအားကိုးသူသည် တော်တည့်မှန်ကန်စွာ အကူအညီပေး၍ နစ်နာမှုများကို အမှန်တရားဖြစ်အောင် ဆောင်ရွက်ပေးသူရှိသကဲ့သို့ ဖြစ်စဉ်အား အသေးစိတ်မသိဘဲ ကိုယ်လိုရာဆွဲပြီး ရဲစခန်းများသို့ လာရောက်တိုင်တန်းပေးသူများလည်းရှိနေကြောင်း သိရသည်။

ထို့သို့တိုင်တန်းလျှင် မိမိဖြစ်ချင်သည့်ကိစ္စများ ဖြစ်မလာလျှင် အများအမှန်ကို မခွဲခြားတော့ဘဲ အထက်လူကြီးသို့ တိုင်တန်းကြသည်များလည်း တွေ့ရကြောင်း၊ ရဲတပ်ဖွဲ့အပိုင်းကို လေ့လာသုံးသပ်ကြည့်လျှင် အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိနေသေးကြောင်း ၎င်းက ပြောသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



## တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်မီထုတ်လုပ်မှုနည်းပညာဖြင့် ဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**
မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ချိနေသော တိုင်းရင်းဆေးဝါးများအား အနာဂတ်ကာလ၌ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် GMP စနစ်ဖြစ်သည့် ခေတ်မီထုတ်လုပ်မှုနည်းပညာဖြင့် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) မှ သိရသည်။

တိုင်းရင်းဆေးပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းရင်းဆေးဆရာများအချင်းချင်း ဖလှယ်ရယူနိုင်ရန် ခရိုင်အသီးသီးရှိ တိုင်းရင်းဆေးဆရာများအချင်းချင်း တွေ့ဆုံဖလှယ်ဆွေးနွေးကြမည်ဖြစ်ပြီး မိမိတို့တတ်မြောက်သည့် တိုင်းရင်းဆေးပညာရပ်များအား အချင်းချင်း ဖလှယ်ရယူကြမည်ဖြစ်ကာ တိုင်းရင်းဆေးပညာများ မြင့်မားတိုးတက်စေရန်အတွက် ကျစ်လျစ်ခိုင်မာစွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးဝါးများ တိုးတက်စေရေးနှင့် အဆင့်မြင့်မားစွာလုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းဆေးကောင်စီဝင်များ၊ ဗဟိုအသင်းဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းဆေးဆရာ ဆရာမကြီးများမှ လာမည့် အောက်တိုဘာလ၌ စတင်တွေ့ဆုံဆွေးနွေးကြရန် စီစဉ်ထားကြောင်းနှင့် အများပြည်သူများ အားကိုးယုံကြည်စိတ်ချအားကိုးရသည့် တိုင်းရင်းဆေးဝါးများအား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ ဒု-ဥက္ကဋ္ဌ ဦးကြည်မောင်က "မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းဆေးပညာဟာ အခြားနိုင်ငံများနဲ့ယှဉ်ပြီး ထွန်းတောက်နေပါပြီ။ တော်ဝင်နန်းသုံးဖြစ်တဲ့ တိုင်းရင်းဆေးနဲ့ သိပ္ပံဆေးကွာခြားချက်က ဘာလဲဆိုတော့ သိပ္ပံဆေးက ရောဂါပိုးကိုသေစေတာပါ။ ကျွန်တော်တို့ တိုင်းရင်းဆေးဝါးများကျတော့ ရောဂါပိုးကိုမသတ်ဘဲ ကိုယ်ခံစွမ်းအားကို အဓိကမြှင့်တင်ပေးစေတာပါ။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထုတ်လုပ်ဖြန့်ချိနေတဲ့ တိုင်းရင်းဆေးဝါးများဟာဆိုရင် အနောက်တိုင်း တိုင်းရင်းဆေးဝါးများနဲ့ယှဉ်လိုက်ရင် ကျွန်တော်တို့ရဲ့ ကုထုံးကုကွက်တွေက နောက်မကျပါဘူး။ ဒါပေမယ့် ဆေးဝါးကောင်းမွန်ပေမယ့် ဘာကွာလဲဆိုတော့ ထုတ်လုပ်မှုအပိုင်းကျတော့ ကျွန်တော်တို့က ခေတ်မမီဘူးဖြစ်နေတယ်။ ပါကင်ကိုလှလှလေးမလုပ်နိုင်တဲ့အခါကျတော့ နိုင်ငံတကာနဲ့ယှဉ်တဲ့အခါမှာ တိုင်းရင်းဆေးထုတ်လုပ်မှုဖြစ်စဉ်ဟာ နောက်ကျ အားနည်းနေသလို ဖြစ်နေတာပါ။ ခုဆို ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်မီတိုးတက်တဲ့ GMP (ခေတ်မီထုပ်ပိုးမှု) စနစ်ဖြစ်တဲ့ ခေတ်မီစက်ရုံကြီး သုံးရုံလောက်ရှိနေပါပြီ။ GMP စနစ်နဲ့ထုတ်လုပ်တဲ့ တိုင်းရင်းဆေးဝါးများကိုအများပြည်သူများ မကြာမီ တွေ့မြင်ကြရတော့မှာပါ"ဟု ဆိုသည်။

"ပြီးတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ တိုင်းရင်းဆေးထုတ်လုပ်သူတွေဟာ မြို့နယ်အသီးသီးတိုင်းမှာ ရှိနေပါတယ်။ ယာယီတိုင်းရင်းဆေးဝါးအတွက် မှတ်ပုံတင်တဲ့အခါမှာ နှစ်ချီပြီး မကျတာတွေရှိပါတယ်။ ဘာလို့လဲဆိုတော့ တာဝန်ရှိသူတွေ တော်တော်များများကလည်း အရေးကြီးတဲ့ကိစ္စတွေလုပ်နေကြရတာဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဟာ ခွင့်ပြုချက်များ နောက်ကျနေတာလည်း ဖြစ်နိုင်ပါတယ်။ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များကလည်း ယာယီတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှတ်ပုံတင်ကို နှစ်နှစ်ပဲခွင့်ပြုချက်ရရှိတာဖြစ်ပါတယ်။ နှစ်နှစ်ပြည့်ရင် နောက်တစ်ခါ ယာယီတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှတ်ပုံတင်ကို ပြန်လျှောက်ရတာပါ။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းဆေးဆရာအသင်းအနေနဲ့လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှတ်ပုံတင်ကို အချိန်နဲ့တစ်ပြေးညီရရှိဖို့အတွက် ရှေ့လုပ်ငန်းစဉ်များမှာ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပြီး တာဝန်ရှိသူတွေကို တတ်နိုင်သလောက် တင်ပြသွားမှာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့အသင်းအနေနဲ့လည်း တိမ်မြုပ်ပျောက်ကွယ်နေတဲ့ တိုင်းရင်းဆေးဝါးတွေကိုလည်း အဆင့်မြှင့်တင်သွားဖို့ ရှိပါတယ်"ဟု ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)အား ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)၌ အသင်းဝင်ပေါင်း တစ်ထောင်ကျော်ရှိနေကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# ၂၀၁၆ ခုနှစ်အကယ်ဒမီဆုစာရင်းတွင် "ခိုးဆိုးလုနှိုက်" ရုပ်ရှင်ဇာတ်ကားကြီးမပါဝင်ဟု လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၁၆ ခုနှစ်အတွက် ပေးအပ်မည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးရာတွင် ဇူလိုင်လအတွင်း ရုံတင်ပြသခဲ့သည့် 'ခိုးဆိုးလုနှိုက်' ရုပ်ရှင်ဇာတ်ကားကြီးသည် အကယ်ဒမီဆုစာရင်းတွင် ပယ်ချခြင်းခံခဲ့ရကြောင်း လူမှုကွန်ရက်စာမျက်နှာများ၌ သတင်းထွက်ပေါ်ခဲ့သည်။

အဆိုပါ အကြောင်းအရာနှင့်ပက်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ ဦးအေးကြူလေးအား မေးမြန်းခဲ့ရာ "၂၀၁၆ ခုနှစ်မှာ ရုံတင်ပြသမှုစနစ်နဲ့ ဇာတ်ကားတွေပြသခဲ့တာမို့ ဇာတ်ကားအားလုံး အကယ်ဒမီဇာတ်ကားစာရင်းဝင်ပါတယ်။ ဒီဇင်ဘာလအထိ ပြသမယ့် ရုံတင်ဇာတ်ကားတွေကို စောင့်ပြီးမှ အကဲဖြတ်ဆုံးဖြတ်ရမှာမို့ အခုလက်ရှိထိ အကဲဖြတ်လူကြီးများ ဇာတ်ကားမကြည့်ရှုရသေးပါဘူး"ဟု ရှင်းပြသည်။

ဒါရိုက်တာ စတီး(ဒွေးမေတ္တာ) ရိုက်ကူးခဲ့သည့် 'ခိုးဆိုးလုနှိုက်' ရုပ်ရှင်ဇာတ်ကားကြီးကို သရုပ်ဆောင်များဖြစ်သည့် ရဲအောင်၊ မြင့်မြတ်၊ ခင်လှိုင်၊ ထွန်းထွန်း၊ နေဒွေးနှင့် သင်ဇာဝင့်ကျော်တို့မှ အကောင်းဆုံး သရုပ်ဆောင်ခဲ့ကြသည်။

ပရိသတ် တစ်ခဲနက်အားပေးမှုကြောင့် ရုံတင်ပြသသည့်အချိန် အမြင့်ဆုံးဇာတ်ကားစာရင်းဝင်ခဲ့သည်။ အခြေခံလူတန်းစားဘဝကို ရိုက်ကူးတင်ဆက်မှုကြောင့် ကြိုက်နှစ်သက်ကြသည့်သူ အများအပြားကြောင့်လည်း ပြသမှုဝင်ငွေသိန်းနှစ်ထောင်ခဲ့ရရှိခဲ့သည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်ခဲ့သည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၂၀၁၇ ခုနှစ် မတ်လအတွင်း ပြုလုပ်ရန်စီစဉ်နေပြီး ရုပ်ရှင်ဇာတ်ကားများ စိစစ်အကဲဖြတ်ရန် ပညာရှင် ၄၂ ဦးကို ယာယီသတ်မှတ်ထားပြီး ဖြစ်သည်။

ယခုနှစ် အကဲဖြတ်သည့် ပညာရှင်စာရင်းတွင် စာပေပညာရှင်များလည်း ပါဝင်သွားမည်ဖြစ်ပြီး အကဲဖြတ်မှုစနစ်ပြောင်းလဲရန် ပြင်ဆင်နေကြောင်း သိရသည်။

နယ်မှအကယ်ဒမီစာရင်းဝင်ဇာတ်ကားများကိုလည်း ၂၀၁၆ အကယ်ဒမီ ဆုပေးပွဲမှစပြီး နိုဝင်ဘာလအထိသာ စောင့်စားတော့မည်ဟု သိရသည်။

**ခင်ဇာလီ**




# အချစ်၊ ဟာသ၊ အက်ရှင်ဇာတ်လမ်းဇာတ်ကွက်များဖြင့် ရုပ်ရှင်ချစ်ပရိသတ်တို့ သဘောကျနှစ်သက်စေမည့် လီမင်ဟို၏အက်ရှင်ဇာတ်ကားသစ် ရုံတင်မည်

F4 ဇာတ်ကားဖြင့် မြန်မာရုပ်ရှင်ပရိသတ်များအကြား အားပေးနှစ်သက်မှု အပြည့်အဝရယူခဲ့ပြီးနောက် မင်းသား လီမင်ဟိုအနေဖြင့် နောက်ထပ်အက်ရှင်ဇာတ်ကားသစ်ဖြင့် မြန်မာပရိသတ်ထံသို့ ထပ်မံရောက်ရှိလာပြန်ပြီဖြစ်သည်။

Bounty Hunters အမည်ရှိ အက်ရှင်ဇာတ်မြူးကားကို တရုတ်-တောင်ကိုရီးယား-ဟောင်ကောင်တို့မှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး လီမင်ဟိုနှင့်အတူ တရုတ်မင်းသမီး Tiffany Tang၊ ဟောင်ကောင်သရုပ်ဆောင်နှင့် တေးသံရှင် Wallace Chung တို့က ခေါင်းဆောင်ပါဝင်ထားသည်။ ယင်းဇာတ်ကားကို ဇူလိုင်လအတွင်းက စတင်ဖြန့်ချိပြသခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်ထိ နိုင်ငံတကာရုံဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ သန်းကျော် ရရှိခဲ့သည့် အက်ရှင်ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

ယင်းဇာတ်ကားတွင် လီမင်ဟိုက ကြေးစားလူဆိုးဖမ်းဆီးသည့် Li San အဖြစ်ပါဝင်သရုပ်ဆောင်ထားသည်။ Li San သည် လိုချင်သည့်အရာကို မရမကလုပ်တတ်သည့်အကျင့်နှင့် ချစ်ခင်နှစ်သက်ဖွယ်အမူအကျင့်များနှင့်အတူ ကိုယ်ခံပညာရပ်ကိုလည်း ကျွမ်းကျင်စွာတတ်မြောက်ထားသူတစ်ဦး ဖြစ်သည်။

Li San သည် ဟိုတယ်တစ်ခုကို ဗုံးခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားအား အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဟောင်ကောင်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့အနှံ့ လိုက်လံရှာဖွေရင်း ရဲစွမ်းသတ္တိနှင့်ပြည့်စုံသူ Wonder Woman Cat အဖြစ်သရုပ်ဆောင်သူ မင်းသမီး Tiffany Tang နှင့် ဆုံတွေ့ရပုံကို အချစ်၊ ဟာသ၊ အက်ရှင် ဇာတ်လမ်းဇာတ်ကွက်များ ရောနှောတင်ဆက်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။

Bounty Hunters ဇာတ်ကားကို ယခုတစ်ပတ် သောကြာနေ့(၁၆-၉-၂၀၁၆) မှ စတင်ကာ မင်္ဂလာ၊ ဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

# အင်န်တာတိန်းမန့်ကုမ္ပဏီနှစ်ခုပူးပေါင်း၍ စပိန်ဘာသာစကားဖြင့် ဗီဒီယိုဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

အမေရိကန်အင်န်တာတိန်းမန့်ကုမ္ပဏီတစ်ခုဖြစ်သည့် Lionsgate ရုပ်ရှင်ထုတ်လုပ်ရေးနှင့် အမေရိကန်နိုင်ငံ၏ထိပ်တန်း စပိန်ဘာသာစကားဖြင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်သည့် Univision တို့ပူးပေါင်း၍ ပထမဆုံးသော စပိန်ဘာသာစကားဖြင့် ဗီဒီယိုဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လာမည့်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းသစ်ကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်သွားမည်ဖြစ်ပြီး စပိန်ရုပ်ရှင်ပရိသတ်သည် ယနေ့ အင်န်တာတိန်းမန့်လောကတွင် ကြီးမားသည့်အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေပြီး အဆင့်မြင့်နည်းပညာများနှင့် အသုံးပြုနိုင်စွမ်းတို့ပေါင်းစပ်သွားမည်ဖြစ်ကြောင်း Univision ရုပ်သံလွှင့်လုပ်ငန်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရမ်ဒီဖယ်လ်ကိုက ပြောသည်။ ယင်းအင်န်တာတိန်းမန့်ကုမ္ပဏီနှစ်ခုအနေဖြင့် ယခုအချိန်ထိ အဆိုပါဝန်ဆောင်မှုလုပ်ငန်းသစ်၏ အမည်နှင့်ဈေးနှုန်းကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်းသိရသည်။

Univision ရုပ်သံလိုင်းသည် Univision Communications ကုမ္ပဏီပိုင် စပိန်ဘာသာစကားရုပ်သံလိုင်းတစ်ခုဖြစ်ပြီး ယင်းရုပ်သံလိုင်းသည် လက်တင်အမေရိကန်တို့အတွက် အဓိကရည်ရွယ်ပြီး ဒရမ်မာစီးရီးများ၊ အားကစားသတင်းများ၊ အခြားပရိုဂရမ်အများအပြားအပါအဝင် စပိန်စကားပြောဇာတ်လမ်းရုပ်ရှင်များကိုလည်း ပြသပေးနေသည့် ရုပ်သံလိုင်း တစ်ခုဖြစ်သည်။ ထို့အပြင် Univision ရုပ်သံလိုင်းသည် ကမ္ဘာပေါ်ရှိ စပိန်ဘာသာစကားဖြင့် ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံလိုင်းများအနက် ပရိသတ်အများဆုံးရရှိထား သည့် ရုပ်သံလိုင်းတစ်ခုလည်းဖြစ်သည်။

# ဗီယက်နမ်နိုင်ငံတကာဖက်ရှင်ပွဲတော်ကို နိုဝင်ဘာလအတွင်း ဟနွိုင်းမြို့၌ ပြောင်းရွှေ့ကျင်းပမည်

ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်ကျင်းပလေ့ရှိသော ဖက်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ဗီယက်နမ်နိုင်ငံတကာဖက်ရှင် ရက်သတ္တပတ်၏ ဆောင်းရာသီဖက်ရှင်ပွဲတော်ကို ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်း၌ လာမည့် နိုဝင်ဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖက်ရှင်ပွဲတော်ကို ယခင်နှစ်များက ဟိုချီမင်းမြို့တွင် ကျင်းပခဲ့ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင်မှ ဟနွိုင်းသို့ ပြောင်းရွှေ့ကျင်းပခြင်းဖြစ်ကြောင်း ပွဲစဉ်စီကျင်းပသူများက ယမန်နေ့က သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံတကာဖက်ရှင် ရက်သတ္တပတ်၏ ဆောင်းရာသီဖက်ရှင်ပွဲတော်တွင် ပြည်တွင်း ပြည်ပ ဒီဇိုင်နာများအပြင် အခြားသောဖက်ရှင် Brand အသစ်များအတွက်လည်း အခွင့်အလမ်းသစ်များရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံတကာဖက်ရှင်ပွဲတော်များတွင် ဂျပန်မင်္ဂလာဝတ်စုံဖန်တီးရှင် ဒီဇိုင်နာ Yumi Katsura၊ တောင်ကိုရီးယားဖက်ရှင်ဒီဇိုင်နာ Song Zio၊ အီတလီမှ Renato Balestra နှင့် ပြင်သစ်ဖက်ရှင်ဒီဇိုင်နာ Julien Fournie တို့အပြင် အခြားသော ဒီဇိုင်နာများက မိတ်ဆက်ပြသခဲ့ကြကြောင်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅- ၉ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ လီဆူးမျိုးနွယ်တို့၏ ရိုးရာအထည်များ ရက်လုပ်ခြင်းအကြောင်း
- ၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (ဝါသနာရှင်(ဒုတိယတန်း)အဆင့်) (အမျိုးသား၊ အမျိုးသမီး)
- ၈း၅၀ "ရှန်းကန်လှုပ်ရှားဘဝများ" (ငှက်ခတ်သမားနှင့်ပန်းချီ)
- ၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၄၀ ASEAN Spotlight
- ၁၀း၃၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၁၅ Graphic Info (StockExchage) (အခန်း-၁)
- ၁၁း၃၅ လူမှုပတ်ဝန်းကျင်နှင့် ဇီကာဗိုင်းရပ်အကြောင်း သိကောင်း စရာ"(အပိုင်း-၁)
- ၁၂း၅၀ ဒီမိုကရေစီစိတ်ထား(အပိုင်း-၄) (ထွန်းထွန်းဝင်း၊ ဇေယျ၊ မျိုးသန္တာထွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၁၀၀)
- ၁း၅၅ သုခမရင်ခွင်အငြိမ့်သဘင် "ယူနစ်အဖွဲ့" (မင်းသမီး-ချစ်ခွန်းချို၊ လူရွှင်တော်-ချက်ကြီး၊ ဖိုးသဲ၊ ပေါင်မုန့်၊ အာကာ၊ချစ်ဦး) ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂း၄၀ ဘဝထဲဝတ္ထု၊ ဝတ္ထုထဲဘဝ "စရိုက်နှစ်မျိုးဖြင့် ပါဝင်သရုပ်ဆောင်သည်" (ရဲလင်း၊ အောင်ကို၊ ဇော်ဇော်၊ (ဝါးခယ်မ)၊မေရတီခနှင့်) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)]
- ၃း၃၅ Weekly Sport Info
- ၄း၁၅ ၂၀၁၆ခုနှစ်(၂၂) ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့ရဲ့အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးသီချင်း) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၄း၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
- ၅း၁၅ ပြည်သူတို့၏စကားသံများ
- ၅း၃၅ လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ
- ၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၀၁)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ "လူမှုပတ်ဝန်းကျင်နှင့် ဇီကာဗိုင်းရပ် အကြောင်းသိကောင်းစရာ" (အပိုင်း-၂)
- ၉း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၈၀) - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဦးစံမတူ)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၂၀ ရှေးဟောင်းသုတ
- ၈း၃၅ DVD Hits
- ၈း၄၅ ဇာတ်လမ်းတို
- ၉း၁၅ လှျပ်တစ်ပြက်
- ၉း၂၅ ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ
- ၉း၄၀ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၉း၅၀ Casual Talk
- ၁၀း၁၅ မေးမြန်းစူးစမ်း
- ၁၀း၃၅ Cooking Art
- ၁၁း၁၀ သူနှင့်သူ၏သီချင်းများ
- ၁၁း၂၅ မြန်မာ့ရှုခင်း
- ၁၁း၃၅ မောင်မယ်လေးများသိစေချင်
- ၁၂း၀၀ World Wide Web
- ၁၂း၃၅ သီချင်းလက်ဆောင်
- ၄း၂၅ အောင်မြင်ကျော်ကြား ခတ်ပြားရတေးများ
- ၄း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ သီချင်းလက်ဆောင်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၅၆)
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၆း၃၅ ကိုယ်ပျောက်လူသား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၈) - ဘောလုံးကန်ကြမယ် - အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၂)

## MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော် +ဓဇဂ္ဂသုတ်
- ၅း၄၀ "သစ္စာအနက်(၁၆)ချက်" (အမှတ်-၁၄) တရားတော် [ဆရာတော်ဘဒ္ဒန္တ သုနန္ဒ (ဓမ္မရုံသီဆရာတော်)]
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၀၉)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ ဟင်းချက်ရအောင်
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၃၂)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၅)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၅၀)
- ၈း၁၀ ရသစုံညွန်းတမ်းများ
- ၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၀)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၃၃)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ MRTV-4 Stage
- ၁၁း၃၀ World Of Knowledge (Expedition Wild: Expedition Kodiak)

# ချန်ပီယံလိဂ်သတင်းများ

UEFA CHAMPIONS LEAGUE

## အနီကတ်ပြစ်ဒဏ်အတွက် ဗာရက်တီကို ဂီရော့ဒ်ပြင်းထန်စွာ ရှုတ်ချ ဂီရော့ဒ် မည်သည့်အမှားမျိုးမျှ မကျူးလွန်ခဲ့ဟု ကျိန်ဆိုခဲ့ကြောင်း ဝင်းဂါးဖွင့်ဟ

အာဆင်နယ်တိုက်စစ်မှူး ဂီရော့ဒ်က ပီအက်စ်ဂျီ ကွင်းလယ်လူ ဗာရက်တီ၏ မြက်ခင်းပြင်ပေါ်သို့ အလွယ်တကူ လှဲချခဲ့သည့်အပြုအမူကြောင့် နှစ်ဦးလုံး အနီကတ်ပြ ထုတ်ပယ်ခံရခြင်းမှာ မလိုလားအပ်သော နစ်နာမှု ဖြစ်စေခဲ့ကြောင်း စွပ်စွဲပြောကြားလိုက်သည်။ ပီအက်စ်ဂျီအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အတွင်း ပွဲပြီးခါနီး နာကျင်အချိန်ပို အရောက်တွင် အာဆင်နယ်မှ ဂီရော့ဒ်နှင့် ပီအက်စ်ဂျီမှ ဗာရက်တီတို့နှစ်ဦးလုံး နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး နောက် ဂီရော့ဒ်က ယခုကဲ့သို့ ပြစ်တင်လိုက်ခြင်းဖြစ်သည်။ ဂီရော့ဒ်မှာ ဗာရက်တီ၏ဘောလုံးပြေးလမ်းကြောင်းကို ပိတ်ခဲ့ပြီးနောက် ဗာရက်တီ လဲကျသွားခဲ့ကာ ဂီရော့ဒ်အား ပီအက်စ်ဂျီမှ မာကွင်ဟိုက နောက်မှတွန်းခဲ့သည့် အချိန်တွင် ဗာရက်တီမှာ ဒုတိယအကြိမ် ထပ်မံလဲကျသွားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဗာရက်တီနှင့် ဂီရော့ဒ်တို့နှစ်ဦး ထိပ်တိုက် ပြဿနာဖြစ်ပွားသည့် အနေအထားဖြင့် ရင်ဆိုင်ကြရာ ဒိုင်ဖြစ်သူက နှစ်ဦးလုံးကို ဒုတိယ အဝါကတ်ပြားပြသကာ ထုတ်ပယ်ခဲ့ခြင်း ဖြစ်သည်။

ဂီရော့ဒ်က "ကျွန်တော် ဗာရက်တီရဲ့ ဘောလုံးလမ်းကြောင်းကို ပိတ်တာမှန်ပါတယ်။ ဒါပေမယ့် သူဟာသူ မြက်ခင်းပေါ်ကို လဲကျသွားခဲ့တာပါ။ အဲဒီအချိန်မှာ မာကွင်ဟိုက ကျွန်တော့်ကို နောက်ကနေ တွန်းခဲ့တာ ဖြစ်ပြီး သူကဒုတိယအကြိမ် လဲကျသွားပြန်ပါတယ်။ ဒါကအခြေအနေကိုမလိုအပ်ဘဲ ပြဿနာကြီးထွားအောင် အရှိန်မြှင့်လိုက်တာပါပဲ။ ဒိုင်လူကြီးက အဖြစ်အပျက်ကို ဘယ်လိုမြင်သွားလဲဆိုတာတော့ မသိဘူး။ ကျွန်တော်ကတော့ သူ့ရဲ့အပြုအမူအတွက် တကယ့်ကို အံ့သြရပါတယ်"ဟု ရှင်းလင်းပြောကြားလိုက်သည်။



ဝင်းဂါးကမူ ဂီရော့ဒ် ထုတ်ပယ်ခံရသည့် အခြေအနေကို သူကိုယ်တိုင်ပင်နားမလည်ကြောင်း ယင်းအနေအထားမှာ ရှုပ်ယှက်ခတ်နေပြီး ထင်မြင်ချက်ပေးရန်ပင် ခက်ခဲကြောင်း ဆိုခဲ့သည်။

ဝင်းဂါးက "ဂီရော့ဒ်က သူဘာမျှ မလုပ်ခဲ့ဘူးလို့ ကျွန်တော့်ကို ကျိန်ပြီးပြောပြပါတယ်။ ကျွန်တော် ဒီကိစ္စရပ်ကို ပြန်ကြည့်တော့လည်း ဘောလုံးက ဒီဘက်မှာ သက်သက် သူတို့နှစ်ယောက် ဟိုဘက်မှာ အနည်းငယ် မငြိမ်သက်တဲ့ အနေအထားမျိုး ဖြစ်နေတာကိုပဲ တွေ့ရပါတယ်"ဟု ပြောကြားသည်။

ဂီရော့ဒ်မှာ အဆိုပါ အနီကတ်ပြစ်ဒဏ်ကြောင့် အာဆင်နယ်အသင်း စက်တင်ဘာ ၂၈ ရက် ဘေဆယ်လ်နှင့် ယှဉ်ပြိုင်မည့် ဒုတိယမြောက်ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်ရတော့မည်ဖြစ်သည်။ အာစင်ဝင်းဂါးက ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်တွင် ဦးစားပေးဂိုးသမား ပီတာဆက်ချ်ကို အနားပေးခဲ့ကာ ဒုတိယဂိုးသမား အော်စပီနာကို အံ့အားသင့်ဖွယ်ရာ ရွေးချယ်ခဲ့ပြီး အော်စပီနာမှာ ပီအက်စ်ဂျီအသင်း၏ သေချာပေါက် ဂိုးရနိုင်မည့် အခွင့်အရေး ငါးကြိမ်လောက်ကို ကာကွယ်ပေးနိုင်ခဲ့သည်။ ဝင်းဂါးက အော်စပီနာအား "ကမ္ဘာ့အဆင့် ဂိုးသမား"ဟု ချီးကျူးပြောကြားလိုက်ပြီး ပီအက်စ်ဂျီအသင်း ကစားရှိန် အနိမ့်အမြင့်ကွာခြားချက်ကြောင့် အာဆင်နယ်အနေဖြင့် အခွင့်အရေးများရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း သုံးသပ်ပြောကြားလိုက်သည်။

## နာပိုလီအသင်း သင်ယူစရာ များစွာကျန်သေးသည်ဟု နည်းပြ ဆာရီ ဝန်ခံ

ဒိုင်နမိုကိဗ်နှင့် နာပိုလီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ပွဲစဉ်တွင် နာပိုလီအသင်းမှာ အဝေးကွင်းတွင် ဒိုင်နမိုကိဗ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ယင်းပွဲစဉ်မှ ခြေစွမ်းကိုကြည့်၍ အဖြေထုတ်လျှင် နာပိုလီအနေဖြင့် တိုးတက်ရန်များစွာ လိုအပ်လျက်ရှိဆဲ အနေအထားဟု နာပိုလီနည်းပြ ဆာရီက ဝန်ခံပြောကြားလိုက်သည်။ နာပိုလီသည် အိမ်ကွင်းကစားအားမာသည့် ယူကရိန်းကလပ် ဒိုင်နမိုကိဗ်အား မီလစ်ခ်၏သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ယူကာ ချန်ပီယံလိဂ်အဖွင့်လှခဲ့သော်လည်း နာပိုလီအနေဖြင့် သာမန်ထက်ပိုသည့် အမှားများ ကျူးလွန်ခဲ့သည်ဟု ဆာရီက ရှုမြင်သည်။

နာပိုလီအသင်းသည် ဦးဆောင်ဂိုးရရှိပြီးနောက် အနိုင်ရလဒ်ကို ထိန်းသိမ်းရန်အတွက် တိုက်စစ်ဆင်မှု မပြုတော့ဘဲ ကစားအားချကာ ပွဲချိန်အပြီးကို စောင့်ဆိုင်းနေသည့်ပုံစံဖြင့် ကစားသွားခဲ့ရာ ယင်းမှာ နာပိုလီ၏ ကစားဟန်အစစ် မဟုတ်ကြောင်းလည်း ဆာရီက ဆိုသည်။ အနိုင်ဂိုးရှင် မီလစ်ခ်ကမူ "ဒီညကတော့ ကျွန်တော့်အတွက် မှော်ဆန်တဲ့ညလို့ ပြောလို့ရသလို နာပိုလီအတွက်လည်း ပြီးပြည့်စုံတဲ့ ညချမ်းပါပဲ။ ကျွန်တော်တို့ဟာ အလွန်တောင့်တင်းတဲ့အသင်းကို အနိုင်ရခဲ့တာပါ။ အခုပွဲက နာပိုလီအတွက် ကျွန်တော့်ရဲ့ ပထမဦးဆုံး ဥရောပပွဲလည်း ဖြစ်ပါတယ်"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။ ❐

## စက်တင်ဘာ ၁၅/၁၆ ရက် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ်အုပ်စုပွဲစဉ်များ

| | | | |
|---|---|---|---|
| ကာရာဘတ် | - | ဆလိုဗန် | ည-၉း၃၀ |
| ရက်ပစ်ဝီယန် | - | ဂျန့်ခ် | ည-၁၁း၃၀ |
| ဆာဆူအိုလို | - | ဘီဘာအို | ည-၁၁း၃၀ |
| ပလာဇန် | - | ရိုးမား | ည-၁၁း၃၀ |
| အက်စထရာ | - | ဒါန်ဒေါ့ခ် | ည-၁၁း၃၀ |
| မက္ကဘီတဲလ်အဗစ် | - | ဇင်းနစ် | ည-၁၁း၃၀ |
| ယန်းဘွိုင်းစ် | - | အိုလံပီယာကို့စ် | ည-၁၁း၃၀ |
| အေပိုးလ် | - | အက်စတာနာ | ည-၁၁း၃၀ |
| ဖီယင်နူ | - | မန်ယူ | ည-၁၁း၃၀ |
| ဇော်ယာ | - | ဖီနာဘာချီ | ည-၁၁း၃၀ |
| မိန့်ဇ် | - | စိန့်အက်တီယန် | ည-၁၁း၃၀ |
| အန်ဒါလက်ချ် | - | ကာဘာလာ | ည-၁၁း၃၀ |
| စတန်းဒက်လီဂီ | - | ဆယ်လ်တာဗီဂို | နံနက်-၁း၃၅ |
| ပါနာသီနိုင်ကို့စ် | - | အေဂျက်စ် | နံနက်-၁း၃၅ |
| အိုစမန်လီစပေါ | - | စတူအာဘူခါရက် | နံနက်-၁း၃၅ |
| ဗီလာရီးယဲလ် | - | ဇူးရစ်ချ် | နံနက်-၁း၃၅ |
| အင်တာမီလန် | - | ဟာပိုးလ်ရှီဗာ | နံနက်-၁း၃၅ |
| ဆောက်သမ်တန် | - | စပါတာပရာဟာ | နံနက်-၁း၃၅ |
| ကွန်ရာစပေါ | - | ရှက်တာဒိုးနတ် | နံနက်-၁း၃၅ |
| စပို့တင်းဘရာဂါ | - | ဂျန့် | နံနက်-၁း၃၅ |
| PAOK | - | ဖီအိုရင်တီးနား | နံနက်-၁း၃၅ |
| ဆဲလ်တစ် | - | ခရက်စ်နိုဒါ | နံနက်-၁း၃၅ |
| နိုက်စ် | - | ရှော်လ်ကေး | နံနက်-၁း၃၅ |

## စက်တင်ဘာ ၁၄ ရက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ အနိုင်/အရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၁ | - | ၁ | အာဆင်နယ် |
| ဘေဆယ် | ၁ | - | ၁ | လူဒိုဂိုရက် |
| ဒိုင်နမိုကီယက်ဗ် | ၁ | - | ၂ | နာပိုလီ |
| ဘင်ဖီကာ | ၁ | - | ၁ | ဘက်ဆစ်တပ် |
| ဘာစီလိုနာ | ၇ | - | ၀ | ဆဲလ်တစ် |
| ဘိုင်ယန်မြူနစ် | ၅ | - | ၀ | ရော့စတော့ဗ် |
| ပီအက်စ်ဗွီ | ၀ | - | ၁ | အက်သလက်တီကို |

**မောင်မောင်ဇော်**

## ယူရိုပါလိဂ် သတင်းများ

UEFA EUROPA LEAGUE

### ဖီယင်နော့ဒ်နှင့် ကစားမည့် ယူရိုပါလိဂ်ပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ပွဲထွက်ကစားမည်

မန်ချက်စတာဒါဘီပွဲစဉ်အတွင်း ခြေစွမ်းပြသနိုင်ခဲ့သည့် မန်ယူလူငယ်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်မှာ ဖီယင်နော့ဒ်အသင်းနှင့် ယှဉ်ပြိုင်မည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက အတည်ပြုခဲ့သည်။ မော်ရင်ဟိုက ရက်ရှ်ဖို့ဒ်၏ ကောင်းမွန်သည့် ခြေစွမ်းက တောက်ပသည့်အနာဂတ်ကို ပုံဖော်နိုင်စွမ်းအပြည့်ရှိသူအဖြစ် သက်သေပြနေပြီး နောက်ပိုင်းပွဲစဉ်များတွင်လည်း ရက်ရှ်ဖို့ဒ် ဝင်ရောက်ကစားနိုင်အောင် နည်းဗျူဟာပိုင်း ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ရက်ရှ်ဖို့ဒ်မှာ မန်ယူနည်းပြဟောင်း ဗန်ဟားလ်လက်ထက် အရေးကြီးသည့် ပရီမီယာလိဂ်ပွဲစဉ်များဖြစ်သော မန်စီးတီး၊ အာဆင်နယ်တို့နှင့် ပွဲတွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယင်းပွဲစဉ်များတွင် သွင်းဂိုးများလည်း သွင်းယူနိုင်ခဲ့သည်။ သို့သော် နည်းပြသစ် မော်ရင်ဟိုရောက်ရှိလာပြီးနောက် ဗဟိုတိုက်စစ်နေရာတွင် အီဗရာဟီမိုဗစ်ချ်၊ နောက်ချန်တိုက်စစ်နေရာတွင် ဝိန်းရွန်းနီတို့ကို ပွဲထွက်အသုံးပြုခဲ့ရာ ရက်ရှ်ဖို့ဒ်နှင့် မာရှယ်လ်တို့ နှစ်ဦးလုံးမှာ အရန်ကစားသမားအဖြစ်သာ ကစားခွင့်ရရှိခဲ့ကြသည်။ မန်စီးတီးနှင့် ပွဲစဉ်ဒုတိယပိုင်းတွင် ရက်ရှ်ဖို့ဒ်အား ထည့်သွင်းကစားခဲ့ရာ မန်ယူတိုက်စစ်ပိုင်း သိသိသာသာ အသက်ဝင်လာခဲ့ပြီး နေရာလွတ်များစွာ ရရှိလာခဲ့သည့်အတွက် မော်ရင်ဟိုက နောက်ပိုင်းပွဲစဉ်များတွင် ရက်ရှ်ဖို့ဒ်အား တောင်ပံတိုက်စစ်ကစားသမားအဖြစ် အသုံးပြုသွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယူရိုပါလိဂ် အုပ်စု (A)တွင် ဖီယင်နော့ဒ်၊ ဖီနာဘာချီနှင့် ဇော်ရာအသင်းများနှင့် အတူကျရောက်နေပြီး မော်ရင်ဟိုက ဖီနာဘာချီအသင်းတွင် ကစားနေသည့် မန်ယူတိုက်စစ်မှူးဟောင်း ဗန်ပါစီ၏ အိုးထရက်ဖို့ဒ်သို့ တစ်ကျော့ပြန် လာရောက်ယှဉ်ပြိုင်ရမည့်ပွဲစဉ်ကို ကြိုဆိုကြောင်းလည်း ပြောကြားထားပြီးဖြစ်သည်။

### အကွာအဝေးစံချိန်သစ်တင်မယ့် ယခုနှစ်ယူရိုပါလိဂ် ပြိုင်ပွဲ

ယူရိုပါလိဂ်အုပ်စုပွဲစဉ်တွေ မဲခွဲဆုံးဖြတ်မှုက တစ်လနီးပါး ကြာမြင့်လာပြီဖြစ်တဲ့ အနေအထားမှာ ပြိုင်ပွဲတွေ စတင်ကစားဖို့ အချိန်ရောက်ရှိလို့ လာပြန်ပါပြီ။ အုပ်စုရှစ်အုပ်စုမှာ အဝေးဆုံးအကွာအဝေးကို သွားရောက်ယှဉ်ပြိုင်ရဖို့ ရှိနေတာကတော့ အုပ်စု(B )ပါ။ ဒီအုပ်စုမှာ အိုလံပီယာကော့စ်၊ အေပိုရယ်၊ ယန်းဘွိုင်းစ်နဲ့ အက်စ်စတာနာ အသင်းတွေပါဝင်ပြီး ဒီအသင်းတစ်သင်းစီဟာ အဝေးကွင်းသုံးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ရမယ့် ပွဲစဉ်သုံးပွဲအတွက် ၄၈၆၀၈ ကီလိုမီတာတောင် ခရီးနှင်ရဖို့ ရှိတာကြောင့် ဒီအကွာအဝေးဟာ ကမ္ဘာ့လုံးပတ်ထက်တောင် ပမာဏများနေပါသေးတယ်။ ဒါကြောင့်လည်း ဒီအုပ်စုမှာပါဝင်တဲ့ အသင်းတွေက ပရိသတ်တွေ သက်သောင့်သက်သာ အနေအထားနဲ့ လိုက်ပါအားပေးနိုင်ဖို့ အစီအစဉ်တွေ ကြိုတင်ဆောင်ရွက်ထားပေမယ့် အဝေးကွင်းတစ်ကွင်းမှာ သွားရောက်ယှဉ်ပြိုင်တိုင်း အနည်းဆုံး ငါးနာရီလောက် ကြာအောင် လေယာဉ်စီးရမှာ ဖြစ်တာကြောင့် ပရိသတ်တွေက လိုက်ပါအားပေးဖို့ စိတ်အားထက်သန်မှု နည်းပါးနေကြပါတယ်။

ဒါ့အပြင် ဗိုလ်လုပွဲဟာ စတော့ဟုမ်းမြို့မှာ ယှဉ်ပြိုင်မှာဖြစ်လို့ အုပ်စု(B )မှာ ကျရောက်တဲ့အသင်းတွေအနေနဲ့ တကယ်လို့ ဗိုလ်လုပွဲသာတက်ရောက်နိုင်ရင် ၄၂၆၈၂ ကီလိုမီတာ အကွာအဝေးကို သွားရောက်ယှဉ်ပြိုင်ရဦးမှာ ဖြစ်ပါတယ်။

## အားကစားသတင်းတိုများ

- မန်ယူနည်းပြ မော်ရင်ဟို ယခုနှစ် နွေဈေးကွက်အတွင်း အသစ်ခေါ်ယူထားသည့် ကွင်းလယ်လူအမ်ခီတာယန်က လက်ရှိအချိန်တွင် မန်ယူ၏ အရန်ကစားသမားအဖြစ်သာ ဝင်ရောက်ကစားခွင့်ရနေခြင်းကြောင့် မပျော်မရွှင်ဖြစ်နေကြောင်း The Sun သတင်းစာက ဖော်ပြသည်။
- အဲဗာတန်နည်းပြ ရော်နယ်ကိုးမန်းက ဂျူဗင်တပ်လူငယ်ကြယ်ပွင့် ကော့စ်တာနော့အား ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများ ပြုလုပ်နေသည့် မန်ယူနောက်ခံလူ ဒါမီယန်၏အပြောင်းအရွှေ့ကို မော်ရင်ဟိုက ပယ်ချထားပြီး ချယ်လ်ဆီးသို့ မည်သည့် မန်ယူကစားသမားမျှ ပြောင်းရွှေ့ခွင့်ရမည်မဟုတ်ကြောင်း သတိပေးစကားဆိုထားကြောင်း သိရသည်။
- ဆန်ဒါးလန်းအသင်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုး(သုံးဂိုး) သွင်းယူနိုင်ခဲ့သည့် အဲဗာတန်တိုက်စစ်မှူး လူကာကူက အဆိုပါပွဲစဉ်တွင် အသုံးပြုခဲ့သည့် ဘောလုံးအား သူ၏မိခင်ဖြစ်သူကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။
- အာဆင်နယ် အသင်းခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီအဲရာက သူ၏နည်းပြဘဝ စတင်ချိန်တွင် အာဆင်နယ်အသင်းနှင့် ပူးပေါင်းဆောင်ရွက်ခွင့်မရရှိခြင်းကြောင့် စိတ်ပျက်မိကြောင်း ဆိုခဲ့သည်။
- မန်စီးတီးအသင်းသည် မန်ယူအသင်းအား အနိုင်ကစားနိုင်ကစားပြီးနောက် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ပရီမီယာလိဂ် ချန်ပီယံအဖြစ် ဗိုလ်စွဲရန် ရေပန်းစားမှုအဆင့် နံပါတ်(၁) နေရာသို့ရောက်ရှိလာခဲ့သည်။

**မေလှဲ့သင်း - စုစည်းရေးသားသည်**

# မြဝတီမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးရုံးအနီး လက်လုပ်မိုင်းတွေ့ရှိ



**မြဝတီ စက်တင်ဘာ ၁၄**
မြဝတီမြို့ အမှတ်(၅)ရပ်ကွက် မြန်မာ့လျှပ်စစ်ဓာတ်အားပေးရုံးနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းအကြားတွင် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

"အခင်းဖြစ်ချိန် ညနေ ၄ နာရီလောက်မှာပါ။ အခု မိုင်းရှိတဲ့နေရာနားအကြော်ရောင်းတဲ့ မမိုးသန္တာက မီးမွှေးဖို့အတွက် ပလတ်စတစ်သွားကောက်ယူရင်း မိုင်းလို့ယူဆရတဲ့အရာကိုတွေ့ပြီး စခန်းကိုဖုန်းဆက်အကြောင်းကြားခဲ့တာပါ"ဟု တာဝန်ကျရဲအရာရှိတစ်ဦးက ပြောကြားသည်။

သတင်းရလျှင်ရချင်း သယံဇာတ်... သယ်န်းညီနောင် အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမောင်မောင်ဝင်းဦးစီးအဖွဲ့၊ ခမရ(၃၁၀)မှ ယာယီတပ်ရင်းမှူး သန်းဝင်းနိုင်ဦးစီးအဖွဲ့၊ အမှတ်(၉၀၄) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ်ကြီး ချမ်းငြိမ်းဦးအဖွဲ့တို့သွားရောက်ရှင်းလင်းရာ M 150 အချိုရည်ပုလင်းဖြင့်ပြုလုပ်ထားသော ယမ်း၊ ကျောက်ခဲအသေးများ၊ စနက်တံတစ်ချောင်း၊ ပြင်ပတွင် ဆားကစ်ပြားတစ်ခု၊ ပါဝါဓာတ်ခဲအသေးနှစ်လုံးတို့အား ဖြူ၊ နီ ဝါယာကြိုးတို့ဖြင့်ချိတ်ဆက်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြစ်ကြောင်းတွေ့ရှိရပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ညနေ ၄ နာရီ မိနစ် ၂၀ တွင် သက်မဲ့ပြုလုပ်ဖယ်ရှားနိုင်ခဲ့ကြောင်း သိရသည်။

ဒီကေဘီအေခွဲထွက်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားခဲ့သည့် စက်တင်ဘာ ၂ ရက်နောက်ပိုင်း ကရင်ပြည်နယ် ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့များတွင် မိုင်းထောင်မှု ခြောက်ကြိမ်ထက်မနည်းဖြစ်ပွားခဲ့ပြီး ငါးကြိမ်ခန့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



# မားလက်နက်များ နေအိမ်အတွင်း သိမ်းဆည်းရမိ

**ရန်ကုန် စက်တင်ဘာ ၁၄**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၉)ရပ်ကွက် ရာဇဓိရာဇ်လမ်းနေ ဘဦး(ခ) ဇင်မောင်မောင် (၁၇)နှစ် နေထိုင်သောနေအိမ်အတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အတွင်း၌ လူကိုအန္တရာယ်ဖြစ်စေနိုင်သော ဓားလက်နက်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီခန့်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၆၉)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ထီးလှိုင်ရှင်လမ်းဆုံတွင် လူငယ်တစ်ဦး ဓားကိုင်သောင်းကျန်းနေကြောင်း သတင်းအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းမှ ဒုတိယမြို့နယ်မှူး စခန်းမှူး မြင့်အေးသည် သက်သေများနှင့်အတူ မှုခင်းကြိုတင်တားဆီးကာကွယ်ရေးအတွက် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ (၆၉)ရပ်ကွက် ရာဇဓိရာဇ် ကျူးကျော်တဲနေ ဘဦး(ခ)ဇင်မောင်မောင်(၁၇)နှစ်သည် ဓားတစ်ချောင်းကိုင်ဆောင်ကာ ထွက်ပြေးသွားခဲ့သဖြင့် ဒုတိယမြို့နယ်မှူး စခန်းမှူးမြင့်အေးနှင့်အဖွဲ့ဝင်များက ၎င်းနေထိုင်ရာနေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း၌ လူကိုအန္တရာယ်ဖြစ်စေနိုင်သော ချွန်ထက်သည့် အရိုးအသွားပါ အတိုအရှည် ဓားဦးချွန်လက်နက်များကို သိမ်းဆည်းရမိခဲ့ပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းမှ ဘဦး(ခ)ဇင်မောင်မောင်အား လက်နက်ပုဒ်မ ၁၉ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျင်မောင်)**

◆

# အမြန်လမ်းတွင် HONDA INSIGHT ကား တိမ်းမှောက်

**နေပြည်တော် စက်တင်ဘာ ၁၄**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေပင်လေး အမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၂၆၆/၂) နှင့် (၂၆၆/၃) အကြားတွင် နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဦးခင်မောင်ဝင်း မောင်းနှင်လာသည့် အိမ်စီးကား HONDA INSIGHT သည် ယနေ့ညနေ ၃ နာရီကျော်က ယာဘက်နောက်ဘီးပေါက်၍ အရှိန်မထိမ်းနိုင်ဘဲ လမ်းလယ်ကျွန်းကို ကျော်တက်ကာ တစ်ဖက်ယာဉ်ကြောမြေသားပေါ်သို့ ပက်လက်အနေအထားဖြင့် တိမ်းမှောက်ခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါ ဇနီးမောင်နှံအနက် ဇနီးဖြစ်သူ ဒေါ်ခင်စိုးမြင့်မှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ အဆိုပါယာဉ်မတော်တဆမှုကြောင့် ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာမောင်းနှင်သူ ယာဉ်မောင်းအား ပေပင်လေးအမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှ သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သောယာဉ်များအား အမြန်နှုန်းတိုင်းကိရိယာဖြင့် Mobile စနစ်အသုံးပြုကာ အမြန်လမ်းတစ်လျှောက် ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဖမ်းဆီးဆောင်ရွက်ခဲ့ရာ ယမန်နေ့က ၃၉ စီး၊ ယနေ့တွင် ၁၇ စီး နှစ်ရက်ပေါင်း ၅၆ စီး ဖမ်းဆီးတရားစွဲဆိုခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရှိရသည်။

**သန်းဦး(လေးမျက်နှာ)**

❊




## ဖခင်အမည်မှန်
သန်လျင်မြို့နယ် (TTEC) ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မသင်းသဇင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်တင် (၁၂/သလန(နိုင်)၀၀၃၇၂၆) ဖြစ်ပါကြောင်း။ ဦးဗိုလ်တင်

တိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အံစာတုံး)ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 78 515 8803

## အမည်ပြောင်းခြင်း
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ရွာအုပ်စု၊ ကံလှရွာ အမက ပထမတန်းမှ မနှင်းလွန်းအိမ်အား မအေးမြသီတာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအေးမြသီတာ**

## အမည်မှန်
ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ အင်းတိန်ကျေးရွာနေ ဦးဝင်းဇော်၏သမီး အမည်မှန်မှာ မခိုင်ဆွေဇင်ညိမ်း[၉/ပဗသ(နိုင်)၀၁၆၂၉၉] ဖြစ်ပါကြောင်း။
**မခိုင်ဆွေဇင်ညိမ်း[၉/ပဗသ(နိုင်)၀၁၆၂၉၉]**

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မုံတိုင်ပင်၊ အထက၊ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မောင်သူရကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်လတ် [၉/မရမ(နိုင်)၀၅၁၆၉၁] ဖြစ်ပါကြောင်း။
**ဦးမောင်မောင်လတ်**

## ဖခင်အမည်မှန်
တောင်ငူမြို့၊ အထက(၃) ဒသမတန်း(ခ)မှ မောင်အေးကို၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင်[၇/တငန(နိုင်)၁၄၆၇၃၅] ဖြစ်ပါကြောင်း။
**ဦးစိုးနိုင်**

## ဖခင်အမည်မှန်
သယ်န်းကျွန်းမြို့နယ်၊ အထက(သုဝဏ္ဏ)ကျောင်း၊ ပဥ္စမတန်း(င)မှ မောင်လင်းမြတ်အောင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ညွန့် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
သန်လျင်မြို့၊ TTEC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအင်ကြင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအောင်ကျော်[၁၂/ကမတ(နိုင်)၀၁၈၇၁၄] ဖြစ်သည်။

YANGON GOLF CLUB
# HOLE IN ONE
Hole In One Club
**Congratulation Ko Ko!**
Congratulation to our member below who shot a Hole-In-One while playing on 13.September. 2016 ($11^{th}$Hole) at Yangon Golf Club.

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်တရားရုံး
## ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၈

| | | |
|---|---|---|
| ဒေါ်ချိုချို | နှင့် | ဒေါ်ချိုသဲခိုင် |
| တရားလို | | တရားပြိုင် |

တရားပြိုင် ဒေါ်ချိုသဲခိုင်၊ ရွာမလမ်း၊ (၁၁)ရပ်ကွက်၊ မြို့လှပိုင်း၊ ခရမ်းမြို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေ(၂၈၀၀၀၀၀/-)နှင့် နစ်နာကြေးငွေ(၂၈၅၆၀၀၀/-) ရလိုမှု"လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု၏နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်တကွ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**ဒေါ်ရွှေသင်**
**မြို့နယ်တရားသူကြီး**
**ခရမ်းမြို့နယ်တရားရုံး**

PANDA Engineering Group Since 1999
★ Air-Conအသစ်များ Dealerဈေးနှုန်းအတိုင်း ရောင်းချခြင်း။
★ Good Second-Hand Air-Con

| | | | |
|---|---|---|---|
| Split type | 1 h.p | အပြီးအစီး | -150,000/- |
| Split type | 1.5 h.p | အပြီးအစီး | -160,000/- |
| Window type | 1 h.p | အပြီးအစီး | - 80,000/- |
| Window type | 1.5 h.p | အပြီးအစီး | -100,000/- |

★ Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်၊အဝတ်အခြောက်ခံစက်၊ ရေပူရေအေးစက် boilerများတို့ အိမ်တိုင်ရာရောက် နေ့ချင်းပြီး ပြုပြင် တပ်ဆင် ဆေးကြောခြင်းများကို အာမခံချက် ဆောင်ရွက်ပေးသည်။
09 515 8803, 09 732 29024, 09 519 8402, 09 253 833810
အမှတ် ၁၃၀၊ မြေညီ၊ ၉၄လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

## အင်္ဂလိပ်စာ/စကား
အင်္ဂလိပ်စာ ဂုဏ်ထူးရလိုလျှင် Four Skillsနှင့် ကျောင်းစာ၊ အတန်းစုံ၊ ကျောင်းစုံ၊ Study Guide လုပ်သည်။
**ဖုန်း-၀၁-၃၉၈၃၁၆**
**၀၉-၂၅၄၀၅၃၄၅၃**

## ပျောက်ဆုံးကြောင်း
ဦးကျော်မင်းသိန်း[၉/ကပတ(နိုင်)၁၄၈၂၅၄] IDNO-785112 ID Date 24-2.16 သွင်းကုန်ပါမစ် NO.ISP 315-16 14092 18-12-15 ကညနအိတ်ပိတ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၄၄၂၂၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၅၁)၊ မြေကွက်တည်နေရာအမှတ်(၅၁)၊ မြရတနာ(၁၀)လမ်း၊ (ဦးပါ)[၁၂/ဥကမ(နိုင်)၀၄၄၃၉၉] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးပါ ကွယ်လွန်သဖြင့် ဇနီး ဒေါ်မြစိန်[၁၂/ဥကမ(နိုင်)၀၄၃၇၁၁]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၀၂၇/၁၆)ဖြင့် ရရှိသူ ဦးဇော်ဝင်း[၁၂/ဥကမ(နိုင်)၀၄၄၂၂၈]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မြို့ရွာတစ်ခွင်သာစေချင်မီးတွင်မပေါ့နှင့်

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြား

**တပ်ကုန်း စက်တင်ဘာ ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်းကို စက်တင်ဘာ ၅ ရက်မှစတင်၍ ၃၀ ရက်အထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ပစ္စည်းများနှင့် ကုန်စည်အရင်းအနှီးများအား မီးဘေးအန္တရာယ်မှ ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ပြည်သူများ၏ အသက်အန္တရာယ်များအား အရေးပေါ်ကယ်ဆယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် စွမ်းရည်(၄)ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်များ၊ မီးလောင်မှုအခြေခံသဘောတရား၊ မီးအတန်းအစားခွဲခြားခြင်း၊ ခေတ်မီအရေးပေါ်မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနိုင်ပြီး အစဉ်ထက်မြက်စေရေးတို့ကို နည်းပြများက ဘာသာရပ်အလိုက်စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**

# နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များ ပါဝင်ချုပ်ဆိုနိုင်ရန် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က တိုက်တွန်းသွားမည်

**ရေး စက်တင်ဘာ ၁၄**

နိုင်ငံတကာ လူ့အခွင့်အရေးသဘောတူစာချုပ်များမှ လက်မှတ်မရေးထိုးရသေးသော စာချုပ်များကို ပါဝင်ချုပ်ဆိုသွားနိုင်ရန်အတွက် လက်ရှိအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုက်တွန်းသွားရန်ရှိနေကြောင်း ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ညဏ်ဇော်က ပြောသည်။

လက်ရှိကော်မရှင်အနေနဲ့ စိန်ခေါ်မှုတွေက တော့ ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း ကော်မရှင်မှ မေးမြန်းစုံစမ်းချက်ကို အချို့သက်ဆိုင်ရာများမှ ရက်(၃၀)အတွင်း ပြန်ကြားမှုမရှိခြင်း (သို့မဟုတ်)ပုဒ်မ ၃၇ အရ တရားစီရင်ရေးတွင် ဝင်ရောက်စုံစမ်းစစ်ဆေးခြင်းခွင့် မရှိသဖြင့် တရားစီရင်ရေးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရပါက ဆောင်ရွက်မှုမရှိသေးကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ထံသို့ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ တိုင်စာအမှုပေါင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရန်ကုန်မှ ၁၂၆ မှု၊ မန္တလေးမှ ၃၇မှု၊ ဧရာဝတီမှ ၂၁ မှု၊ ရခိုင်မှ ၁၀ မှု၊ ကချင်နှင့် ရှမ်းတို့မှ ခုနစ်မှုစီဖြစ်ပြီး မွန်ပြည်နယ်မှ ခြောက်မှုရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် တိုင်စာပေါင်း ၁၂၈၇ မှုအထိရှိကာ အများဆုံးမှာ လယ်ယာမြေအငြင်းပွားမှုပြဿနာများဖြစ်ပြီး တရားစီရင်ရေးမှာ ဒုတိယအများဆုံးဖြစ်သည်။ အခြားကဏ္ဍများတွင် အမှုအနည်းငယ်စီသာရှိကြကာ ရန်ကုန်တိုင်းဒေသကြီးက တိုင်စာအများဆုံးဖြစ်ရာ ၃၃၅ မှု၊ မန္တလေးက ၃၀၆ မှု၊ ဧရာဝတီက ၁၄၈ မှု၊ ပဲခူးက ၁၁၀မှု၊ မွန်က ၅၀မှု၊ ရခိုင်က ၄၄မှု၊ နေပြည်တော်က ၄၀၊ ကချင်က ၃၁မှု ဖြစ်ကြောင်းသိရသည်။

**ထွန်းထွန်း (ရေး)**

## ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျေးရွာများသို့ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ကွင်းဆင်းဆောင်ရွက်



**ရွှေသောင်ယံ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာအုပ်စု ချောင်းသာကျေးရွာနှင့် သဲကုန်းအုပ်စု ပိုးလောင်းကျေးရွာတို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့မှ ငှက်ဖျားစစ်ဆေးရေးအရာရှိဦးမောင်မောင်အေး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူးဦးအောင်ထူးတို့ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၂ ဦးပါဝင်သော ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့သည် စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ အဆိုပါကျေးရွာများသို့ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် သွေးဖောက်စစ်ဆေးခြင်း၊ အခမဲ့ဆေးကုသပေးခြင်း၊ ပြည်သူလူထုအတွင်း ငှက်ဖျားရောဂါကာကွယ်ရေး၊ ကုသရေး အသိပညာများသိရှိနားလည် လိုက်နာကျင့်သုံးမှုအခြေအနေများအား လေ့လာတိုင်းတာခြင်း (KAP Survey) လုပ်ငန်းအဖြစ် ပိုးလောင်းကျေးရွာ၌ အိမ်ခြေ ၃၀၊ ချောင်းသာကျေးရွာ၌ အိမ်ခြေ ၃၀ အားကွင်းဆင်းစစ်ဆေးခဲ့ပြီး သွေးဖောက်စစ်ဆေးခြင်း၊ ဆေးကုသခြင်းအဖြစ် ပိုးလောင်းကျေးရွာတွင် ၁၄၆ ဦး၊ ချောင်းသာကျေးရွာတွင် ၁၃၀ တို့အားဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကိုကိုမောင် ပြန်/ဆက်**

# ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာတွင် သဘာဝမြေဩဇာပြုလုပ်နည်းအကြောင်း တောင်သူပညာပေးဆွေးနွေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညောင်ဦးခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများအဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြမြမိုးနှင့် ဝန်ထမ်းများလိုက်ပါ၍ စက်တင်ဘာ ၁၁ ရက်က ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး အဆိုပါကျေးရွာမှ တောင်သူများနှင့် တွေ့ဆုံကာ မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ရည်ရွယ်၍ အဆွေးမြန်သည့် သဘာဝမြေဩဇာ ပြုလုပ်နည်းအကြောင်း တောင်သူအသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အဆွေးမြန်သည့် သဘာဝမြေဩဇာ ပြုလုပ်နည်းအကြောင်း တောင်သူအသိ ပညာပေးဆွေးနွေးပွဲသို့ ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်မြမြမိုးနှင့် ဝန်ထမ်းများ၊ မကျီးတိုင်းကျေးရွာမှ ဒေသခံတောင်သူများနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ယင်းမြေဩဇာ ထုတ်လုပ်နည်း တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက မြေလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများအဖွဲ့သည် တောင်သူ ဦးစောဝင်းတင်၏ ဦးပိုင်(၁၂၇) ကွင်းအမှတ်(၂၂၇၀)တွင် အဆွေးမြန်သည့် သဘာဝမြေဩဇာ ပြုလုပ်နည်းအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ရာ တက်ရောက်လာသည့် တောင်သူများက စိတ်ဝင်တစားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေနှင့် ဝန်ထမ်းများအဖွဲ့သည် စက်တင်ဘာ ၁၀ ရက်ကလည်း ကျောက်ပန်းတောင်းမြို့နယ် ကိုင်းကျေးရွာသို့ သွားရောက်ပြီး တောင်သူ ဦးသာဩ၏ ဦးပိုင်(၁၂၁) ကွင်းအမှတ်(၂၂၆၈)တွင် တောင်သူအသိပညာပေးဆွေးနွေးပွဲနှင့် အဆွေးမြန်သည့် သဘာဝမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်အား လက်တွေ့သရုပ်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## သုံးထပ်စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေး အုတ်မြစ်ချမင်္ဂလာကျင်းပ

**ရေဦး စက်တင်ဘာ ၁၄**

၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် နိုင်ငံတော်အစိုးရ၏ခွင့်ပြုရန်ပုံငွေဖြင့် ရေဦးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ သုံးထပ်စာသင်ကျောင်းဆောင်သစ်ကြီးဆောက်လုပ်ရန်အတွက် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွှန့်ဆွေ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဆန်း၊ ကျောင်းအကျိုးတော် ဆောင်ဥက္ကဋ္ဌ ဦးအာလူးနှင့်အဖွဲ့ဝင်များ၊ အထက ကျောင်းအုပ်ဆရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆောက်လုပ်ရေးတာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ရေဦးမြို့မိုးကောင်း ကျောင်းတိုက် ဆရာတော် ဦးဥတ္တမထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများ ရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။ ဆက်လက်ပြီး မြို့နယ်တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး မင်္ဂလာအချိန်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက သုံးထပ်စာသင်ကျောင်းဆောင်သစ် စတင်ဆောက်လုပ်နိုင်စေရန်အတွက် ရွှေအုတ်၊ ငွေအုတ်တို့ဖြင့် စတင်အုတ်မြစ်ချပေးခဲ့သည်။

အဆိုပါ အလျား ပေ ၁၄၀၊ အကျယ် ပေ ၃၀ RC သုံးထပ်စာသင်ကျောင်းဆောင်သစ်ကို AUNG IMAGE .ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပေးမည်ဖြစ်ပြီး အဆောက်အအုံအတွက် ခွင့်ပြုငွေ ကျပ် ၂၂၃၇၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်အခမ်းအနား မြစ်ကြီးနားတွင် ကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းကြက်ခြေနီ အသင်းဝင်များက စေတနာလုပ်အားရှင် တေးသီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အခြေခံကျောင်းများမှ တက္ကသိုလ်အဆင့်ထိ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များကို ဖွဲ့စည်းဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကြက်ခြေနီအသင်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ကျောင်းအလိုက်ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသေးသည့် ကျောင်းများတွင်လည်း အသင်းများ အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်သွားရန်မှာကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌက ၂၀၁၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ယင်းနောက် ရှေးဦးပြုစုခြင်းသင်တန်းများအလိုက် ထူးချွန်ဆုရရှိသူများ၊ တစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ လေးယောက်တွဲ စွမ်းရည်ပြိုင်ပွဲများ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် ကျောင်းပေါင်းစုံမှ အသင်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကချင်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ပေါ်ရှိ ကျောင်း ၁၅ ကျောင်းရှိသင်တန်းသား ၉၄၄ ဦးတို့အား ရှေးဦးပြုစုခြင်းသင်တန်းကို ဩဂုတ် ၃ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# ၁၅ ရက်အတွင်း ငွေပေါ်ကာ အကျိုးအမြတ်ရှိသည့်အတွက် ညောင်နီပင်ကျေးရွာတွင် ရွာလုံးကျွတ်နီးပါး ကောက်ရိုးမှိုစိုက်ပျိုး



**အမရပူရ စက်တင်ဘာ ၁၄**

ကောက်ရိုးမှိုပျိုးခြင်းလုပ်ငန်းမှာ ၁၅ ရက်အတွင်း ငွေရရှိသည့်အတွက် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ကောက်ရိုးမှိုကို ကောက်ရိုး၊ ကောက်လှိုင်းကုန်ကြမ်းအစား ဂျပ်စက္ကူ မြင်းချေး၊ နွားချေး၊ ဗေဒါတို့ဖြင့် တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်။ နောက်ပိုင်းတွင် ကုန်ကြမ်းမြင်းချေး ရှားပါလာသောကြောင့် အသုံးမပြုတော့ဘဲ နွားချေး၊ ဂျပ်စက္ကူ ဗေဒါတို့ကို အသုံးပြုကြသည်။ ကောက်ရိုးမှိုသည် အပူ အအေးမျှတအောင် ဆောင်ရွက်ပေးရပြီး ရာသီမရွေး စိုက်ပျိုးနိုင်သည်။ နွေရာသီတွင် အရိပ်ရသော ခြံများအတွင်း စိုက်ပျိုးကြပြီး ဆောင်းရာသီတွင် နေပူကွင်းပြင်များတွင် စိုက်ပျိုးကြသည်။

ကောက်ရိုးမှို ပျိုးပုံတစ်ပုံပြုလုပ်ရန်အတွက် ဂျပ်စက္ကူရှစ်ပိဿာမှ ၁၀ပိဿာ၊ နွားချေး လေးတင်းမှ ငါးတင်းခန့် မှိုမျိုးလေးထုပ်၊ ပလတ်စတစ်အကြည် ကောက်ရိုး သက်ငယ်တို့ကို အသုံးပြုကြရသည်။ စတင်စိုက်ပျိုးသည့် အချိန်မှစကာ ဂရုစိုက်ပေးရပြီး ရက်တိုတိုနှင့် အကျိုးအမြတ်ရရှိသောလုပ်ငန်းဖြစ်သည်။ ပလိပ်နယ်တစ်ဝိုက်တွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ မှိုထွက်နှုန်းမှာ ဆောင်းရာသီတွင် မှိုထွက်နှုန်းများပြီး နွေနှင့် မိုးရာသီတွင် အနည်းငယ်အထွက်လျော့တတ်သည်။

ကောက်ရိုးမှိုပုံ၏ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ကာ ငါးရက်ခန့်တွင် ရေထပ်လောင်းပေးရသည်။ မှိုစတင်ပျိုးသည့်ရက်မှ စတင်ရေတွက်ပါက ၁၀ ရက်၊ ၁၁ ရက်တွင် မှိုစတင်ထွက်ရှိသည်။ မှိုထွက်သည့်အခါ ပလတ်စတစ်ကိုလှပ်၍ မှိုကိုအပွင့်အဆင့်မရောက်မီ ခူးပေးကြရသည်။ မှိုတစ်ပုံလျှင် ငါးပိဿာမှ ခုနစ်ပိဿာအထိထွက်ရှိသည်။ မှိုအလုံးအဆင့်သည် ဈေးကွက်ဝင်ပြီး လက်ရှိကာလတွင် မှိုတစ်ပိဿာငွေကျပ် ၃၅၀၀ ခန့်ရှိသည်။ မှိုအပွင့်ကမူ ငွေကျပ် ၂၅၀၀၊ ၂၀၀၀ ခန့်သာ ရရှိသည်။

မှိုကို စီးပွားဖြစ်ပျိုးသူများသည် မှိုပုံအနည်းဆုံး ၅၀ မှ ၁၀၀ ထိ ရာသီနှင့် မှိုဈေးကွက်ကိုကြည့်၍ စိုက်ပျိုးကြသည်။ ရက်တိုတိုအတွင်း ငွေဖြစ်လွယ်၍ မှိုဈေးကွက်မှာ ခိုင်ခိုင်မာမာရှိပြီး အကျိုးအမြတ်ရှိသည်။ ကောက်ရိုးမှိုကို သရက်ခြံများအတွင်း အများဆုံးစိုက်ပျိုးပြီး ကောက်ရိုးမှို စိုက်ပျိုးပြီး နွားချေးများကိုလည်း တောင်သူများကို ပြန်လည်ရောင်းချသည့်အတွက် အကျိုးအမြတ်များစွာ ရှိသည်။ အမရပူရမြို့နယ် ညောင်နီပင်ကျေးရွာတွင် တစ်ရွာလုံးနီးပါး ကောက်ရိုးမှိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# မုံရွာမြို့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေး



**မုံရွာ စက်တင်ဘာ ၁၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သစ္စာစီမံချက်ဖြင့် ဒုတိယရက် ၁၀၀ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာရပ်ကွက်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့ သွားရောက်ကာ အသက် ၁၀ နှစ်ပြည့် ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်သည့် သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျောင်းသားများလက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ရာ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ စီမံအုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားလူငယ်များ တက်ရောက်ခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ ငရုတ်ကောင်းမြို့တွင် ကျင်းပ

**ငရုတ်ကောင်း စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက ငရုတ်ကောင်းမြို့အထက်တန်းကျောင်းရှိ ရွှေရတုခမ်းမဆောင်၌ ကျင်းပခဲ့သည်။

ငရုတ်ကောင်းမြို့ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးအေးကိုက လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲတွင် အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသူ၊ ကျောင်းသားများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့အမည်ဖြင့်ဟောပြောပြီး ငရုတ်ကောင်းမြို့ရဲစခန်း စခန်းမှူးက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအကြောင်းအရာများကိုဟောပြောခဲ့သည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့ မဲလရောကျေးရွာအုပ်စု၊ ရင်းဘိုင်းကျေးရွာအုပ်စု၊ စောလောကျေးရွာအုပ်စုအတွင်းရှိ အခြေခံကျောင်းပေါင်း ၁၁ ကျောင်းမှ မြိုင်ကြီးငူအထူးဒေသသို့ စစ်ဘေးတိမ်းရှောင်လာသည့် ဆရာ၊ ဆရာမ ၄၇ဦးတို့ဖြင့် ကယ်ဆယ်ရေးစခန်းနှစ်ခု၌ ခိုလှုံလျက်ရှိသော စစ်ရှောင်မူလတန်းကျောင်းသား၊ ကျောင်းသူ ၂၂၀၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၁၂ ဦး စုစုပေါင်း ၂၃၂ ဦးတို့ကို မြိုင်ကြီးငူအထူးဒေသရှိ စတုဒိသာမွှောရုံနှင့် အေးလင်းသာယာ ကျောင်းကစားကွင်းနေရာတို့တွင်သက်ဆိုင်ရာပညာရေးဌာနနှင့် ညှိနှိုင်း၍ စာသင်ဆောင်များ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သားဖွားဆရာမများအား မြို့နယ်အဆင့် IMNCI သင်တန်းဖွင့်လှစ်ပို့ချ

**ဝါးခယ်မ စက်တင်ဘာ ၁၄**

မွေးကင်းစနှင့် ငါးနှစ်အောက်ကလေးငယ်များ၏ ကျန်းမာရေးကိုရှေးရှုပြီး အခြေခံမွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်း၊ မကျန်းမာသော မွေးကင်းစကလေးငယ်များအား ပေါင်းစည်းကုသခြင်းနှင့် သင်တန်းအပြီး ဆက်လက်ဆန်းစစ် ကြည့်ရှုခြင်း၊ မြို့နယ်အဆင့် သင်တန်းပို့ချမှုကို ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ စက်တင်ဘာ ၁၂ ရက် နံနက်က တတိယနေ့အဖြစ် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းပို့ချမှုတွင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ၃၉ ဦးအား မကျန်းမာသောကလေးငယ်များကို ပြုစုစောင့်ရှောက်ခြင်း၊ မွေးကင်းစမှ နှစ်လထိ၊ နှစ်လမှ ငါးနှစ်အထိ မကျန်းမာသောကလေးငယ်များအား ပေါင်းစည်းကုသခြင်းနှင့် မွေးကင်းစကလေးငယ်များအား အသက်ကယ်ပြုစုစောင့်ရှောက်ခြင်းတို့နှင့်ပတ်သက်ပြီး စက်တင်ဘာ ၂၀ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ အင်းတော်၌ကျင်းပ

**အင်းတော် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ စက်တင်ဘာ ၁၂ ရက်က လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းနွဲ့တို့က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွှန့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်အောင်တို့က လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောကြသည်။

"အခမ်းအနားမှာ သတ္တမတန်းကျောင်းသား၊ ကျောင်းသူလေးများက အသိပညာပေးတစ်ခန်းရပ်ပြဇာတ်နဲ့ အသိပညာပေးကြတယ်။ ရွှေရတုခန်းမမှာ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆောင်းပါး၊ စာစီစာကုံး၊ ကဗျာ၊ ဝတ္ထုတို၊ ကာတွန်း၊ ပန်းချီတွေကိုလည်း ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများရဲ့ စွမ်းဆောင်ရည်အဖြစ် အားရစရာ တင်ဆက်ပြသထားပါတယ်။ အားရကျေနပ်ဖွယ်၊ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းပါတယ်။ ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများ၊ ပါဝင်သူ ကျောင်းသား၊ ကျောင်းသူများ၊ ဟောပြောပေးသူများအားလုံးကို လေးစားစွာဂုဏ်ယူပါတယ်" ဟုအခမ်းအနားတက်ရောက်သူတစ်ဦးက ပြောသည်။ **ကိုမင်း(အင်းတော်)**

LFP

လာလီဂါရင်ခုန်သံ-၄

# နိုင်ပွဲပြန်လည်ရယူသွားမယ့် ဘာစီလိုနာ

လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် (၄) ကိုလာမယ့် စက်တင်ဘာ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်တွေမှာကျင်းပသွားဖို့ရှိနေကာ ပွဲစဉ် (၃) မှာရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ ဘာစီလိုနာအနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေသလို ဥရောပပွဲတွေကြောင့်လည်း အသင်းကြီးတွေ ပွဲပန်းလာနိုင်တာသတိပြုရမယ်။


**ရှိုင်း မင်း မင်း**

**ထိပ်တန်းဂိုးသွင်းရှင်များ**

| | |
|---|---|
| မာတင်(ဘက်တစ်) | - ၄ဂိုး |
| မိုရီနို(အက်စ်ပန်ညို) | - ၃ဂိုး |
| ဆွာရက်ဇ်(ဘာစီလိုနာ) | - ၃ဂိုး |
| ဂရစ်ဇ်မန်း(အက်သလက်တီကို) | - ၂ဂိုး |
| ဘိုတန်(လက်စ်ပါးမက်စ်) | - ၂ဂိုး |
| မီနာ(ဗလင်စီယာ) | - ၂ဂိုး |

**ပွဲစဉ် (၃)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၃ | ၃ | ၀ | ၀ | ၁၀ | ၃ | ၇ | ၉ |
| ၂ | ဆီဗီလာ | ၃ | ၂ | ၁ | ၀ | ၈ | ၅ | ၃ | ၇ |
| ၃ | စပို့တင်းဂီဂျွန် | ၃ | ၂ | ၁ | ၀ | ၄ | ၂ | ၂ | ၇ |
| ၄ | လက်စ်ပဲလ်မက်စ် | ၃ | ၂ | ၀ | ၁ | ၁၀ | ၅ | ၅ | ၆ |
| ၅ | ဘာစီလိုနာ | ၃ | ၂ | ၀ | ၁ | ၈ | ၄ | ၄ | ၆ |
| ၆ | အီဘား | ၃ | ၂ | ၀ | ၁ | ၄ | ၃ | ၁ | ၆ |
| ၇ | အက်သလက်တီကို | ၃ | ၁ | ၂ | ၀ | ၅ | ၁ | ၄ | ၅ |
| ၈ | ဗီလာရီးယဲလ် | ၃ | ၁ | ၂ | ၀ | ၃ | ၁ | ၂ | ၅ |
| ၉ | အလာဗက်စ် | ၃ | ၁ | ၂ | ၀ | ၃ | ၂ | ၁ | ၅ |
| ၁၀ | ဒီပို့တီဗို | ၃ | ၁ | ၁ | ၁ | ၂ | ၂ | ၀ | ၄ |
| ၁၁ | လီဂါနက်စ် | ၃ | ၁ | ၁ | ၁ | ၂ | ၂ | ၀ | ၄ |
| ၁၂ | ဆိုစီဒက် | ၃ | ၁ | ၁ | ၁ | ၃ | ၄ | -၁ | ၄ |
| ၁၃ | ဘက်တစ် | ၃ | ၁ | ၁ | ၁ | ၅ | ၈ | -၃ | ၄ |
| ၁၄ | ဘီဘာအို | ၃ | ၁ | ၀ | ၂ | ၂ | ၃ | -၁ | ၃ |
| ၁၅ | အက်စ်ပန်ညို | ၃ | ၀ | ၂ | ၁ | ၇ | ၉ | -၂ | ၂ |
| ၁၆ | မာလာဂါ | ၃ | ၀ | ၂ | ၁ | ၃ | ၅ | -၂ | ၂ |
| ၁၇ | ဂရန်နာဒါ | ၃ | ၀ | ၁ | ၂ | ၃ | ၈ | -၅ | ၁ |
| ၁၈ | အိုဆာစူနာ | ၃ | ၀ | ၁ | ၂ | ၃ | ၈ | -၅ | ၁ |
| ၁၉ | ဗလင်စီယာ | ၃ | ၀ | ၀ | ၃ | ၄ | ၈ | -၄ | ၀ |
| ၂၀ | ဆယ်တာဗီဂို | ၃ | ၀ | ၀ | ၃ | ၁ | ၇ | -၆ | ၀ |



© REUTERS

### ဘက်တစ် - ဂရန်နာဒါ
**နံနက် ၁း၁၅ (၁၇-၉-၁၆)**

ဘက်တစ်ရဲ့ခြေစွမ်းပိုင်းကအားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် ဘက်တစ်ဟာ ခံစစ်ပိုင်းမှာအားနည်းနေတာကြောင့် ပြိုင်ဘက်တိုက်စစ်ကိုပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ခက်ခဲနေပါတယ်။ ဒါပေမယ့် ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများနေကာ ဘက်တစ်နည်းတူ ခံစစ်ပိုင်းကအားနည်းနေပါတယ်။ ဒါကြောင့်ဒီနှစ်သင်း ခြေစွမ်းပိုင်းကွာဟချက်မရှိပေမယ့်လည်း အိမ်ကွင်းအားသာချက်ရှိတဲ့ ဘက်တစ်တို့နိုင်ပွဲကပ်ရနိုင်ပါတယ်။

### အက်သလက်တီကို - ဂီဂျွန်
**ည ၈း၄၅ (၁၇-၉-၁၆)**

အက်သလက်တီကိုက ဆဲလ်တာဗီဂိုကို အနိုင်ရရှိခဲ့မှုနဲ့အတူ နိုင်ပွဲစရခဲ့ပြီဖြစ်တာကြောင့် နိုင်ပွဲဆက်နိုင်အောင် အားစိုက်လာမှာသေချာ နေပါတယ်။ အက်သလက်တီကိုအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်လို့ ပွဲပန်းနိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ ဂီဂျွန်ခြေကကောင်းမွန်နေပေမယ့်လည်း အက်သလက်တီကိုပဲနိုင်ပွဲရမယ်။

### လက်စ်ပဲမက်စ် - မာလာဂါ
**နံနက် ၁း၁၅ (၁၈-၉-၁၆)**

ဗီလာရီးယဲလ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် မာလာဂါတို့နိုင်ပွဲရယူနိုင် ဖို့အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း မာလာဂါရဲ့ ခြေစွမ်းပိုင်းက ဒီရာသီမှာ ကျဆင်းနေပြီး အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းပိုမိုအားနည်းတတ်ပါတယ်။ ဆီဗီလာကိုတောင် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့တဲ့ လက်စ်ပဲမက်စ်ခြေကတော့ ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ လက်စ်ပဲလ်မက်စ်ပဲကပ်နိုင်မယ်။

### လီဂါနက်စ် - ဘာစီလိုနာ
**ညနေ ၅း၃၀ (၁၇-၉-၁၆)**

ဘာစီလိုနာဟာ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိ နေနိုင်ပေမယ့်လည်း ပွဲစဉ် (၃)တုန်းက မထင်မှတ်ဘဲရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဘာစီလိုနာအနေနဲ့ အိမ်ကွင်းမှာ အလာဗက်စ်ကို ရှုံးနိမ့်ခဲ့ရတယ်ဆိုရာမှာလည်း အဓိကကစားသမားအများစုကိုအနားပေးခဲ့တာကြောင့်သာဖြစ်ပြီး ဒီပွဲမှာ လူစုံထုတ်အသုံးပြုလာမယ်ဆိုရင် လီဂါနက်စ်ကိုဖိအားပေးသွားနိုင်ဖို့ရှိနေပါတယ်။ လီဂါနက်စ်က အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် ဘာစီလိုနာပဲနိုင်ပွဲရမယ်။

### အီဘား - ဆီဗီလာ
**ည ၁၀း၀၀ (၁၇-၉-၁၆)**

ဆီဗီလာက ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပေမယ့်လည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆီဗီလာရဲ့ခြေကလည်းကောင်းမွန်နေသလို ကစားပြီးသမျှ သုံးပွဲမှာရှုံးပွဲလုံးဝမရှိသေးပါဘူး။ အီဘားကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ အီဘားတို့အိမ်ကွင်းဖြစ်ပေမယ့်လည်းတိုက်စစ်ပိုင်းပိုကောင်းတဲ့ ဆီဗီလာပဲနိုင်ပွဲရမယ်။

### အိုဆာစူနာ - ဆယ်တာဗီဂို
**ညနေ ၄း၃၀ (၁၈-၉-၁၆)**

အက်သလက်တီကိုကို ရှုံးနိမ့်ခဲ့ရသလို သုံးပွဲကစားပြီးချိန်မှာ သုံးပွဲစလုံးအရှုံးနိမ့်ခဲ့ရတာကြောင့် ဆယ်တာဗီဂိုတို့ နိုင်ပွဲစတင်ရရှိဖို့ အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း ဆယ်တာဗီဂိုခြေက ဒီရာသီမှာ အားနည်းမှုတွေရှိနေကာ အဝေးကွင်းလည်းဖြစ်နေပါတယ်။ အိုဆာစူနာကတော့အိမ်ကွင်းအားနဲ့ဖိအားပေးမှာပါ။ ဆယ်တာဗီဂိုတို့ ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းနိုင်တာကြောင့် ဒီပွဲမှာအမြင့်ဆုံး သရေလောက်ပဲရမယ်။

### ဘီဘာအို - ဗလင်စီယာ
**ည ၈း၄၅ (၁၈-၉-၁၆)**

နှစ်သင်းစလုံး ဒီရာသီမှာခြေစွမ်းပိုင်းက မတည်ငြိမ်ကြသေးပါဘူး။ ဒီပွဲစဉ်မှာလည်း ခြေစွမ်းပိုင်းကွာဟမှု ကျဉ်းမြောင်းနေတဲ့အသင်းအချင်းချင်းဆုံတွေ့တဲ့ ပွဲဖြစ်တာကြောင့်နှစ်သင်းစလုံး အနိုင်ရရှိဖို့အား စိုက်ကစားလာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီနှစ်သင်းအနက် ဘီဘာအိုက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနေနိုင်ကာ ဗလင်စီယာကတော့ ဥရောပပွဲကစားခဲ့ရမှာ မဟုတ်တာကြောင့် ခြေကုန်ထုတ်ကစားလာနိုင်ပါတယ်။

### အက်စ်ပန်ညို - ရီးယဲလ်
**နံနက် ၁း၁၅ (၁၉-၉-၁၆)**

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတာကြောင့် အက်စ်ပန်ညိုတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ ရီးယဲလ်ကတော့ ရိုနယ်လ်ဒိုပြန်လည်ပါဝင်နိုင်ပြီဖြစ်သလို အသင်းလိုက်ကစားပုံလည်းကောင်းမွန်နေပါတယ်။ ရီးယဲလ်အနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရလို့ပွဲပန်းနိုင်ပေမယ့်လည်း ခြေစွမ်းပိုင်းကွာဟမှုကြောင့် ရီးယဲလ်နိုင်ပွဲရသွားနိုင်ပါတယ်။

### ဗီလာရီးယဲလ် - ဆိုစီဒက်စ်
**ည ၁၁း၀၀ (၁၈-၉-၁၆)**

မာလာဂါကိုအနိုင်ရယူနိုင်မှုနဲ့အတူ ပထမဆုံးနိုင်ပွဲရခဲ့တဲ့ ဗီလာရီးယဲလ်ဟာ ဒီပွဲမှာလည်း နိုင်ပွဲရဖို့အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်တာကိုတော့ သတိပြုရမယ်။ ဒါ့အပြင်ဆိုစီဒက်ခြေကလည်း မဆိုးတာကြောင့်ဗီလာရီးယဲလ်တို့ လွယ်လွယ်နဲ့အနိုင်မရနိုင်ပါဘူး။ ဗီလာရီးယဲလ်အိမ်ကွင်းမှာနိုင်ပွဲရခဲ့ရင်တောင်ဂိုးပြတ်ဖို့ခက်တယ်။

### အလာဗက်စ် - ဒီပို့တီဗို
**နံနက် ၁း၁၅ (၂၀-၉-၁၆)**

ဘာစီလိုနာကိုအနိုင်ရခဲ့တာကြောင့် အလာဗက်စ်တို့စိတ်ပိုင်းဆိုင်ရာမှာ ယုံကြည်မှုပိုကောင်းလာနိုင်ပါတယ်။ ဒီပွဲကလည်းအိမ်ကွင်းဖြစ်တာကြောင့်နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုရဲ့ ခြေကလည်းသာမန်သာရှိတာကြောင့် အလာဗက်စ်တို့အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်တာ ကြောင့် အားစိုက်ကစားမယ့် အလာဗက်စ်တို့ဒီပွဲစဉ်မှာ အနိမ့်ဆုံးသရေလောက်ကစားနိုင်မှာပါ။

## ယခုနှစ်ဘောလုံးရာသီ ရီးယဲလ်မက်ဒရစ် လာလီဂါဖလားဆွတ်ခူးနိုင်မည် စီရိုနယ်လ်ဒို ယုံကြည်

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်လ်ဒိုက ရီးယဲလ်အသင်း ယခုနှစ်တွင် လာလီဂါ ချန်ပီယံဆုကို ရယူနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်သည်။ သို့သော် ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့ကို ဖြတ်ကျော်၍ လာလီဂါချန်ပီယံဆုရယူရန် အလွန်တောင့်တင်းသည့် ကစားသမားအင်အား ပိုင်ဆိုင်သည်ဟူသောအချက်ကိုမူ စီရိုနယ်လ်ဒိုက အနည်းငယ် သံသယရှိနေသည်။ ရီးယဲလ်အသင်းသည် သုံးရာသီအတွင်း ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးခဲ့သော်လည်း ၂၀၁၂ ခုနှစ်နောက်ပိုင်း လာလီဂါ ချန်ပီယံဆုဖလား တစ်ကြိမ်တစ်ခါမျှ ရယူနိုင်ခြင်းမရှိတော့ဘဲ ပြည်တွင်းအောင်မြင်မှုများနှင့် ဝေးကွာနေသည်။

စီရိုနယ်လ်ဒိုက"ကျွန်တော်ကတော့ တတ်နိုင်သမျှ ဆုဖလားတွေ အကုန်လုံး ရယူချင်ပါတယ်။ လာလီဂါဖလားကို ကိုင်မြှောက်အောင်ပွဲခံရတာကိုလည်း ကျွန်တော်နှစ်သက်ပါတယ်"ဟုဆိုခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် သုံးပွဲဆက်အနိုင်ဖြင့် လာလီဂါ အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်နေရာ ယခုကဲ့သို့ ရာသီအစ ရလဒ်ကောင်းမွန်ခြင်းက ချန်ပီယံဆု ရယူနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်စေသည်ဟု စီရိုနယ်လ်ဒိုက ယူဆသည်။ စီရိုနယ်လ်ဒိုသည် လက်ရှိတွင် ရီးယဲလ်အသင်းနှင့် စာချုပ်သက်တမ်းတိုးမြင့်ရေးဆွေးနွေးနေပြီး ရီးယဲလ်အသင်းတွင်သာ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားသူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်သည် အပြောင်းအရွှေ့ကာလနှစ်ကြိမ် ပိတ်ပင်ခံထားရသည့်အတွက် လူငယ်ကစားသမားများကို နေရာပေးရန် နည်းပြဇီဒန်းက ဆန္ဒရှိနေပြီး စောင့်ကြည့်ရမည့် လူငယ်ကစားသမား ၁၀ ဦးအထိ ရီးယဲလ် အသင်းတွင်ရှိနေကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

အဆိုပါ ကစားသမားများမှာ ဟာကီမီ၊ အဆန်စီရို၊ ဆာဂျီယိုဒီယာ့ဇ်၊ ဒီဂိုလော်ရန်တေး၊ မားကို့စ်လော်ရန်တေး၊ မာရီယာနိုဒိုင်ယာ့ဇ်၊ မီရိုရယ်၊ မာတင်အော်ဒီဂတ်၊ ဂျီးဆပ်ဗယ်လီဂျိုနှင့် အန်ဇိုဇီဒန်းတို့ ဖြစ်ကြသည်။

**မေလှဲ့သင်း**

# တရားရိပ်သာသို့ အနီးကပ်ချဉ်းကပ်ကြည့်စမ်းပါ

**ခဲ** မြန်ဂုဏ်ဆောင်

ရခဲလှသောလူ့ဘဝ၏ တန်ဖိုးကိုသိကြသူများက တရားအားထုတ်ကြသည်။ ရိပ်သာသို့ချဉ်းကပ်၍ ရိပ်သာဆရာ၏ နည်းနာဩဝါဒကို ခံယူဆောက်တည်ကြသည်။

တရားအားထုတ်ခြင်းက အခြေခံစိတ်ဓာတ်ကို ပြောင်းလဲရန်ကြိုးစားကြခြင်းသာဖြစ်သည်။ မကောင်းသောစိတ်ထားကို ကောင်းသောစိတ်နေသဘာထားသို့ ပြောင်းလဲခံယူစေခြင်းသာဖြစ်သည်။ မှန်သောစိတ်ထား၊ ကောင်းမြတ်သောစိတ်ထား၊ တရားသောစိတ်ထားများကို မွေးမြူကြခြင်းသာဖြစ်သည်။ တရားဓမ္မကို မျှတအောင်အားထုတ်လိုက်ခြင်းသာဖြစ်သည်။

တရားအားထုတ်မှုက ရုပ်အလုပ်၊ အာရုံအလုပ်မဟုတ်။ စိတ်အလုပ်သာဖြစ်သည်။ တရားအားထုတ်ရာတွင် စိတ်ငြိမ်အောင်အားထုတ်မှု၊ စိတ်များအမှန်အတိုင်းသိအောင် အားထုတ်မှုပင်ဖြစ်သည်။

စိတ်ကိုပိုင်စိုးနိုင်သောသူ၊ ဗဟုသုတဉာဏ်ကို ပိုင်ဆိုင်သောသူက အာရုံကိုအကြောင်းပြုပြီး သတိ၊ သမာဓိ၊ ဉာဏ်ကိုဖြစ်စေသည်။ ဉာဏ်နည်းသောသူက အာရုံကိုအကြောင်းပြုပြီး လောဘ၊ ဒေါသ၊ မောဟများကို ဖြစ်စေသည်။

တရားအားထုတ်ရာအသုံးပြုသော နှာခေါင်းကထွက်လေ၊ ဝင်လေအာရုံကိုဖြစ်စေ၊ ဖောင်းမှု၊ ပိန်မှုအာရုံကိုဖြစ်စေ၊ မည်သည့်အာရုံမျှမကောင်းပါ။ အာရုံက အာရုံပဲဖြစ်သည်။ အာရုံကို ပိုကောင်းတယ်လို့ စွဲလမ်းမိလျှင်၊ အာရုံမရှိလျှင် မလုပ်တတ်သည့်သဘော၊ အားမထုတ်နိုင်သည့်သဘော ဖြစ်သွားရသည်။

အာရုံကိုစွဲလမ်း၍ ကောင်းသောအာရုံကိုတွေ့လျှင် လောဘကဖြစ်လာသည်။ ကောင်းသောအာရုံကိုမတွေ့လျှင် ဒေါသဖြစ်လာသည်။ ကောင်းသည်ဟူ၍တွေးထင်မှုကလည်း မောဟဖြစ်သည်။ ရှိပြီးသားအာရုံကို သတိဖြင့်ပွားယူရသည်။ ဉာဏ်အား၊ ဝီရိယအား၊ သဒ္ဓါအားမကောင်းမှုများကို အားကောင်းလာအောင် မွေးယူရသည်။

ငြိမ်ချင်သူက အာရုံကိုဆုပ်ကိုင်ထားသည်။ ဉာဏ်ဖြစ်ချင်သူက စိတ်ကိုဂရုစိုက်သည်။ အာရုံတစ်ခုမှာ စိတ်ကို အကြာကြီးထားပြီးကြိုးစားမှုက ငြိမ်ဖို့ဖြစ်သည်။ ငြိမ်လျှင် ဘာဆက်လုပ်ကြရမည်ကို မသိက ငိုက်တတ်သည်။ ထိနမိဒ္ဓဝင်လာသည်။

'တရားအားထုတ်ဖို့ ခန္ဓာကိုယ်ကို ဉာဏ်သွင်းရသည်' ဟူ၍ တရားရိပ်သာသွားသူများက သူ့မူ သူ့ဟန် သူ့လုပ်ရပ် သူ့စည်းကမ်းချက်များဖြင့် ဖော်ဆောင်သည်။

တရားအားထုတ်ခါစ ခန္ဓာကိုယ်မှ စိတ်ကိုထိန်းရသည့်အလုပ်က ခက်လှသည်။ ဖြတ်သန်းခဲ့ရသော ဘဝခရီးလမ်းကြောင်းဝယ် မိုင်ပေါင်းများစွာ လမ်းလျှောက်ခဲ့ဖူးသည်။ ယခုလုပ်နေသော တရားအလုပ်လောက် ခက်သည်မထင်။ မိမိခန္ဓာကိုယ်အမြင့် ၅ ပေ၊ ၆ ပေ၊ အကျယ် ၂ ပေ၊ ၃ ပေ ဝန်းကျင် ရုပ်ခန္ဓာကိုယ်ထက်ပိုမိုသော ဝဋ်ဒုက္ခမရှိ။

လမ်းခရီးဝယ် အခက်ခဲဆုံးလျှောက်နေရသည်။ ပိန်တာ၊ ဖောင်းတာ၊ ဝင်တာ၊ ထွက်တာ သိမှတ်ရသည်က ဝန်ပိနေသည်။ ယာဉ်ကြောဝယ် မော်တော်ယာဉ်များစွာ ပြေးဆွဲနေသည့်ကြားမှ ဖြတ်သန်းရသောအခက်အခဲထက်ပိုသည်။ မိုးထိမြင့်သော တောင်တန်းကြီးပေါ်တက်ရသည်ထက်ပိုသည်။ တောကြီးမျက်မည်း၊ ကန္တာရထဲ ဖြတ်ကျော်ရသည်ထက်ပိုသည်။

ဖျာတစ်ချပ်စာခန္ဓာကိုယ်ပေါ် တင်ပျဉ်ခွေပြီးမှတ်ရသောအလုပ်။ ငြိမ်သက်စွာဖန်တီး၍ ခန္ဓာကိုယ်ကိုရှုမှတ်ရသောအလုပ်။ ဝန်ထုပ်ဝန်ပိုးထမ်းရသည်မဟုတ်သော်လည်း ဝန်ထုပ်ကြီးဖြစ်နေသည်။ ထင်းသာ ထပေါက်ချင်သည်။ ရေသာ ထမ်းလိုက်ချင်သည်။ စိတ်ကိုငြိမ်စေပြီး အာရုံတစ်ခုတည်းပေါ် စူးစိုက်ရသောအလုပ်၏ပင်ပန်းမှုက ခက်လှသည်။

မည်သည့်အာရုံကိုမျှ မစွဲဖို့လိုကြောင်းသိသော်လည်း စာသိက လက်တွေ့မှာခက်လာသည်။ ရှေ့ကိုကြည့်သည်မရ။ နောက်သို့သာဆုတ်သည်။

ချောတိုင်တက်သာသူကို မြင်ဖူးသည်။ မြင့်လိုက်နိမ့်လိုက်ဖြစ်နေသော အဆင်းအတက်သဘောကို ချောတိုင်တက်သူကပြသသည်။

အာရုံကိုစောင့်ကြည့်မိသည်။ စုံစမ်းသောဉာဏ်ကို ဖန်တီးယူသည်။ အယူမှန်သောဉာဏ်ကို ဖန်တီးကြည့်သည်။ ကောင်း-မကောင်း၊ သင့်-မသင့်၊ မှန်-မမှန် သိချင်စိတ်ဖြင့် စုံစမ်းသည်။ စောင့်ကြည့်သည်။ အဖြေတစ်ခုကိုရှာကြည့်မိသည်။

ဘဝတစ်ခု၏သံသရာဝယ် မအိပ်မနေလျှောက်ခဲ့သောအလုပ်များစွာက လူ့ဘုံဘဝတွင် ဗဟုကိစ္စများခဲ့သည်။ လူမှုကိစ္စများစွာကြားဝယ် လူသားတစ်ဦးအဖြစ် မဟာပထဝီမြေပြင်ပေါ်ဝယ် ခြေထောက်နှစ်ချောင်းကိုရပ်တည်၍ ဆောင်ရွက်ခဲ့ရသည်။ အပြောကျယ်သော မဟာပထဝီမြေပြင်၏ မိမိရပ်တည်သော ခြေဖဝါးနှစ်ဖက်ရပ်တည်မှု၊ မိမိလျောင်းအိပ်သောခန္ဓာကိုယ်၏ရပ်တည်မှုများက မြေသားထုတွင်တည်ရှိမှုသဘော၊ အထက်အာကာသရှိလေထုကို မှီခိုမှုသဘောတို့က သိချင်သောဉာဏ်ကို တွန်းအားပေးသည်။ စုံစမ်းချင်သောဉာဏ်ကိုဖော်ဆောင်သည်။ အယူမှန်သောဉာဏ်ကို ပွားစေသည်။

> တရားထိုင်ကြည့်လိုက်မှ ဆိုင်းမဆင့် ဗုံမဆင့် မတိုင်ပင်ထားဘဲ၊ မဖိတ်ခေါ်ဘဲ 'အတွေး' က ဝင်လာသည်။ ထိုင်နေစဉ်မှာပင် အတွေးကပျံ့လွင့်သွားသည်။ မိမိခန္ဓာကိုယ်က ငြိမ်နေ၊တင်ပျဉ်ခွေနေသော်လည်း အတွေးက မိမိရောက်ခဲ့ဖူးသောနေရာများသို့ ပျံ့လွင့်. . .

စိုက်ကြည့်မှုသဘော .....။

စောင့်ကြည့်မှုသဘော .....။

တူသယောင်နှင့် ကွဲပြားသည်။

ငြိမ်ချင်သောသူက လိုချင်သောအာရုံကိုပိုက်ထွေးသည်။ ဖြစ်အောင်၊ ရအောင်ဖန်တီးသည်။ ဝီရိယများစိုက်ထုတ်သည်။

သိချင်သောသူက အာရုံကိုမရွေး။ အာရုံကိုမမဲ။ အာရုံကိုမစွဲ။ မည်သည့်အာရုံကိုမဆိုပိုက်ထွေးပြီး ဖန်တီးရယူသည်။ လေ့လာသည်။ ဉာဏ်ကိုသုံးသည်။

သမာဓိက တည်ကြည်မှုကိုဖန်တီးသည်။ စူးစိုက်မှုမဟုတ်။ စူးစိုက်တိုင်း သမာဓိမဟုတ်။ သဘောထားမှန်မှ သမာဓိဖြစ်မည်။ အယူအဆမှန်မှ သမာဓိဖြစ်မည်။ နှလုံးသွင်းမှန်လျှင် သမာဓိဖြစ်သည်။

စူးစိုက်၍ရသောသမာဓိ၊ နှလုံးသွင်းမှန်၍ရသော သမာဓိဟူ၍ နှစ်မျိုးခွဲခြားသည်။

စူးစိုက်မှုကြာလျှင် ဘာမျှမသိဖြစ်ရသည်။ စဉ်းစားဖို့မေ့သည်။ အာရုံစိုက်မှုဖြင့်သာအလုပ်ရှုပ်ပြီး နှလုံးသွင်းမည့်အလုပ်ကို မေ့လိုက်ကြသည်။ သမထ သမာဓိက ဉာဏ်မဖြစ်လာ။ ငြိမ်ရုံပဲ ငြိမ်ပြသည်။

ဉာဏ်နှင့်ယှဉ်သောသမာဓိက ဉာဏ်ဖြင့်သာစသည်။ ဉာဏ်ဖြင့်သာရင်းနှီးသည်။ ဝိပဿနာသမာဓိက ဉာဏ်ကိုဖြစ်စေသည်။ ဉာဏ်ဘက်သို့ဦးတည်သည်။

တရားရိပ်သာမှာ တရားထိုင်ယောဂီက အသံတစ်သံကြားလိုက်သည်။ ကြားသောအသံကို အနှောင့်အယှက်ဟူ၍ယူဆသောယောဂီ၊ အသံကအနှောင့်အယှက်မဟုတ်။ သိစရာအာရုံ သိစရာဓမ္မသဘာဝဟူ၍ယူဆသောယောဂီ နှစ်မျိုးတွေ့ရသည်။

ကြားသောအသံကို အနှောင့်အယှက်ဟူ၍ ယူဆလိုသောအသံကို ပိုက်ထွေးလိုက်သောယောဂီက ဒေါသဖြစ်လာသည်။ ကြားတိုင်းကြားတိုင်း စိတ်တိုလာသည်။ ကြားသောအသံကို အနှောင့်အယှက်မဟုတ်ဟူ၍ လက်ခံလိုက်ပါက ကြိုက်မှု မကြိုက်မှုဖြစ်မလာ။

ရိပ်သာစခန်းဝင်ယောဂီက အားစိုက်ရသော ဝီရိယကိုမသုံးသင့်ပါ။ ကိုယ်ပင်ပန်း စိတ်ပင်ပန်းအောင် အားမထုတ်သင့်ပါ။ ကိုယ်ပင်ပန်းမှု၊ စိတ်ပင်ပန်းမှုဖြင့် တရားဓမ္မကို မရယူနိုင်ပါ။ ထို့ကြောင့် မိမိရိပ်သာတရားထိုင်စဉ်ကာလတိုလေး၊ အချိန်ပိုင်းလေးတွင် စိတ်ညစ်အောင်၊ စိတ်ပျက်အောင် မဖန်တီး မအားထုတ်ချင်ပါနှင့်။

အေးအေးဆေးဆေးဖြင့်သာ စိတ်ဝင်စားကြပါ။ အားစိုက်သောဝီရိယကိုသာသုံးပါ။ စွဲမြဲသောဝီရိယကိုသာ လက်ခံပါ။

လူ့ခန္ဓာကိုယ်အနားယူဖို့ ခန္ဓာကိုယ်ကိုအလိုလိုက်ပြီး အိပ်ပေးရသည်။ နားပေးရသည်။ အိပ်ရာမှနိုးပြီး မျက်စိနှစ်လုံးဖွင့်ကတည်းက တရားအားထုတ်ချိန်က အချိန်တိုင်းပေးထားသည်။

တရားအားစိုက်မှုသည် တစ်နေကုန်လုပ်မည့်အလုပ်မဟုတ်ပါ။ ပင်ပန်းပြီး စိတ်ညစ်ညူးအောင်၊ သဒ္ဓါတရားများကုန်ခန်းသွားအောင် အားစိုက်သော ဝီရိယကိုမသုံးသင့်ပါ။ စွဲမြဲသောဝီရိယသာ ဖြစ်သင့်သည်။

ဝီရိယက စိတ်ရှည်မှု၊ ဇွဲရှိမှုကိုသာဆိုလိုသည်။ ဓမ္မသဘာဝအတိုင်းရသော တရားအရှိန်ကိုသာ ရယူကြရမည်။ မာရသွန်အပြေးသမားတစ်ဦး၏ ကျင့်ထုံးအတိုင်း တာထွက်မှ မှန်မှန်ပြေးပြီး တာဝင်ကောင်းအောင် အရှိန်ဖြင့်ပြေးကြရမြဲဖြစ်သည်။

ယုံကြည်မှုသဒ္ဓါတရားရှိမှ တရားအဆီအနှစ်ကိုတွေ့နိုင်သည်။ တရားဓမ္မ၏အကျိုးကိုသိမှ တရားဓမ္မတွင်မွေ့လျော်ပြီး ပျော်မွေ့နှစ်ခြိုက်သည်။

တင်ပျဉ်ခွေကာထိုင်နေစဉ်၊ တစ်ကိုယ်စာထိုင်နေစဉ် ချမ်းသာမှုကိုဖန်တီးသော တရားအားထုတ်မှုကို လက်ခံကျင့်သုံးရမည်။ အားမထုတ်တတ်ဘဲ မတရားအားထုတ်မိလျှင် ဓမ္မအလုပ်ကို မက်လုံးကြီးစွာဖြင့် လောဘဖြစ်မိလျှင် တရားက မတရားဖြစ်နိုင်သည်။ ထိုင်သည်က 'မောင်ထိုင်၊ မယ်ထိုင်' ဖြစ်သွားနိုင်သည်။

ရိပ်သာများစွာဝင်ပြီးသော်လည်း၊ ရိပ်သာဝင်ချိန်များသော်လည်း၊ ရိပ်သာကာလရှည်သော်လည်း အားထုတ်ကျင့်ကြံမှု လမ်းလွဲသွေဖည်နေလျှင် အချိန်ကုန် လူပန်းဖြစ် လာရသည်။

တရားသဖြင့် ဓမ္မမှာမွေ့လျော်၍ အားထုတ်ကျင့်ကြံသွားလျှင် ရုပ်လည်းချမ်းသာသည်။ စိတ်လည်းချမ်းသာသည်။ သောက၊ ပရိဒေဝငြိမ်းမည်။ ဝိပဿနာဉာဏ်ဖြစ်မည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမည်။ နိဗ္ဗာန်ကိုအာရုံပြုနိုင်မည်။ ကျင့်ကြံအားထုတ်သောဉာဏ်ကိုရမှ သဘောပေါက်သောဉာဏ်က ရောက်လာနိုင်သည်။

တရားရိပ်သာ၏ ဖျာတစ်ချပ်၊ တစ်ကိုယ်စာ နေကထိုင်လေးတစ်ခုအပေါ် ဖင်တစ်နေရာစာရယူပြီး တရားဓမ္မကိုအားထုတ်မှုက စိတ်ဖြင့်သာကျင့်ကြံပွားများရမည်သာဖြစ်သည်။

စိတ်ကပျံ့လွင့်နေလျှင်၊ စိတ်တစ်ခုကိုမထိန်းချုပ်နိုင်လျှင် အာရုံတစ်ခုတည်းကိုသာ မဲပြီးရှုနေလျှင် ဝိပဿနာမရနိုင်ပါ။ ရုပ်တစ်ခုတည်းကိုသာ မဲပြီးရှုနေလျှင် ဝိပဿနာအမြင်မရနိုင်ပါ။

တရားအားထုတ်ခြင်းက စိတ်အလုပ်သာဖြစ်သည်။ စိတ်ကို သတိရှိရမည်။ စိတ်ကိုနိုးကြားစေမည်။ စိတ်ကိုဝင်စားနေရမည်။ စိတ်ကိုလေ့လာနေရမည်။ စိတ်ကိုမပစ်ထားဘဲ လျစ်လျူရှုမထားဘဲ စွဲစွဲမြဲမြဲလုပ်နိုင်မှ စိတ်တန်ခိုးစွမ်းအားတက်မည်။ အရှိန်မြင့်လာမည်။

ကောက်ရိုးမီးကဲ့သို့ တဟုန်ထိုးလုပ်၍မရ။ ဖွဲမီး၊ ထင်းမီး၊ မီးသွေးမီးကဲ့သို့ တငွေ့ငွေ့လောင်ကျွမ်းရမည်။

ခန္ဓာကိုယ်ဉာဏ်သွင်းပြီး ရှုရိုက်လုပ်ဆောင်ရာမှ စိုက်မရှုရပါ။ ထိန်းမရှုရပါ။ လုပ်မရှုရပါ။ စိုက်ရှု၊ ထိန်းရှု၊ လုပ်ရှု၊ ချုပ်ရှုမှုများကို ဉာဏ်ဖြင့်စောင့်ကြည့်ရမည်။

တရားထိုင်ရိပ်သာမှာ တရားထိုင်သည်ဖြစ်စေ၊ မိမိအိမ်မှာပဲ တရားထိုင်သည်ဖြစ်စေ သဘာဝအတိုင်းသိအောင်ကြိုးစားဖို့လိုသည်။ နှာခေါင်းမှာ ထွက်လေဝင်လေပဲရှုရှု၊ ဗိုက်မှာ ပိန်ဖောင်းပဲမှတ်မှတ်၊ ကိုယ့်ကိုယ်ကိုယ် သတိထားဖို့လိုသည်။

မိမိမွေးရာပါ စိတ်ဝိဉာဉ်ကလေးကိုမှတ်ရ ပြုရသည်က ခက်ခဲလွန်းမှန်း ဖာသိဖာသာနေစဉ်ကမသိ။ ပေါ့ပေါ့ပါးပါးဖြစ်နေသည်။ လွင့်ချင်သလိုလွင့်နေသည်။ ပျံ့ချင်သလိုပျံ့နေသည်။

တင်ပျဉ်ခွေပြီးထိုင်နေမှန်း၊ ဖောင်းနေမှန်း၊ ပိန်နေမှန်း၊ လှုပ်နေမှန်း၊ ပူနေမှန်းမသိ။ ညောင်းနေမှန်းမသိ။ ထိနေမှန်းမသိ။

တရားထိုင်ကြည့်မှ အချိန်များကကြာနေသည်ဟူ၍ ထင်နေရသည်။ အနားပေးမည့် ခေါင်းလောင်းသံကို မထိုးမီကပင် နားစွင့်နေမိသည်။ မျက်စိကိုအသာဖွင့်၍ တိုင်ကပ်နာရီကို ခိုးကြည့်မိသည်။

ပင်ပန်းလှပါပြီကော .....။

ခက်ခဲလှပါပြီကော .....။

သိသောစိတ်ကို လျှော့ထားလိုက်ရသည်။ သတိနှင့်ထပ်တူ ထိုင်ပါ။ လျှောက်ပါ။ လုပ်ပါ။ မှတ်ပါ။ အာရုံကိုသိနိုင်သလောက် သိအောင်ကြိုးစားပါ။ သိတတ်သည်က စိတ်။ ထိုင်၊ သွား၊ ထ၊ လျှောက်၊ လှမ်း၊ စား လုပ်ဆောင်သမျှကို စိတ်ဖြင့်သိအောင်ကြိုးစားဖို့ တရားပြဆရာက တဖွဖွမှာသည်။ ပြောသည်။ နည်းလမ်းပေးသည်။

တရားထိုင်သူက မှတ်အားကျလျှင် ဝိပဿနာက ကိုယ်ကိုအနိုင်ယူအလဲထိုးသည်။

ထွက်လေ ဝင်လေ ပိုကောင်းလား မသိ။

ဖောင်းပိန် ပိုကောင်းလား မသိ။

နှာခေါင်းကအာရုံလည်း အာရုံပါပဲ။ ဗိုက်ကပိန်ဖောင်းအာရုံလည်း အာရုံပါပဲ။ အသံကြားတာလည်း အာရုံပါပဲ။ ပူတာအေးတာလည်း အာရုံပါပဲ။

ဝိပဿနာမျက်စိကလည်း တံခါးတစ်ပေါက်ပါ။ နားကလည်း တံခါးတစ်ပေါက်ပါ။ ရှုမှတ်ရမည့် တံခါးတစ်ပေါက်ကို ရိပ်သာဝင်ကတည်းက သိအောင် မြင်အောင် ကြည့်ရှုရမည့်အစား မသိကျိုးကျွံပြုချင်ကြသည်။

မိမိ၏ခန္ဓာကိုယ်ရုပ်ဒြပ်ကြီးကို 'ငါ' ရှိနေသေးလျှင် ဝိပဿနာတရားမှ ကင်းကွာနေမည်။ 'ငါ' ကိုမရှုဘဲ သဘာဝကိုပဲရှုနိုင်မှ သမ္မာဒိဋ္ဌိကြည့်မြင်နိုင်မည်။

ကိုယ်ကိုကြည့်လျှင် ရုပ်ရှိသည်။ ရုပ်က ပူမှု၊ အေးမှု၊ မာမှု၊ ပျော့မှု၊ ယားမှုကိုပေးနေသည်။ စိတ်က ခံစားမှု၊ ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှုကို ပေးနေသည်။

တရားထိုင်နေစဉ် ပူမှုက ပူမှုဖြင့်သာအဆုံးသတ်ရမည်။ အေးမှုက အေးမှုဖြင့်သာအဆုံးသတ်ရမည်။ ငါပူသည် ငါအေးသည်ဟူ၍ 'ငါ' ကိုရှေ့တန်းမတင်မိဖို့၊ 'ငါ' ကိုပယ်သတ်ဖို့လိုသည်။

စိတ်လည်း ခံစားမှုသဘောဖြစ်ရာ 'ငါခံစားသည် ငါဝမ်းသာသည် ငါဝမ်းနည်းသည် ငါစိတ်ချမ်းမြေ့သည်'ဟူ၍ 'ငါ'ကိုရှေ့တန်းမတင်မိဖို့၊ 'ငါ'ကိုပယ်သတ်ဖို့လိုသည်။

စိတ်ကညစ်တာပါ။ ငါကညစ်နေသည်မဟုတ်။

စိတ်ကဒေါသဖြစ်နေတာပါ။ ငါကဒေါသဖြစ်နေသည်မဟုတ်။

စိတ်ကလိုချင်တာပါ။ ငါကလိုချင်နေသည်မဟုတ်။

စိတ်ကကျေနပ်တာပါ။ ငါကကျေနပ်သည်မဟုတ်။

ငါမဟုတ်။ ပုဂ္ဂိုလ်မဟုတ်။ သတ္တဝါမဟုတ်။ စိတ်ဆိုသည်က သဘောတရားကြီးတစ်ခုအဖြစ် ဖြစ်တည်နေသည်သာဖြစ်သည်။ နှလုံးသွင်းမှန်မှ ပကတိပုံမှန်အသိကပ်လာရသည်။

အမှန်ကို အမှန်အတိုင်းသိချင်၍ အရှိကို အရှိအတိုင်းမြင်ချင်၍ သတိထားနေကြရသည်။ နှလုံးသွင်းမှန်အောင် သတိထားရာတွင် ပညာနှင့်ယှဉ်၍ အတွေးကိုယ်စီဖြင့် ဝိမုတ္တိရသကို မြည်းစမ်းကြည့်မိသည်။

လူသားတစ်ဦးက ပြစ်မှုထင်ရှား၍ တရားခံအဖြစ် အချုပ်ထောင်၌ ပြစ်ဒဏ်ခံရသည်။

လောဘ၊ ဒေါသ၊ မောဟပွားများနေသော လူသားတစ်ဦးက အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့် ဘဝအနှောင်အဖွဲ့ဝဋ်ဆင်းရဲတွင် မျှဝေခံစားရသည်။

တရားဓမ္မရိပ်သာဝယ် ကမ္မဋ္ဌာန်းပြဆရာ၏ဩဝါဒကို နာယူမှတ်သားရသည်။ လိုက်နာရသည်။ စိတ်နှင့်ရုပ် ခွဲခြားသိစေသည်။ တရားအားထုတ်စဉ် သတိပေးဆုံးမစကား၊ ကမ္မဋ္ဌာန်းလမ်းညွှန်ချက်များက နားထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ တရားထိုင်စဉ် အရေးကြီးသောအချက်များကို တဖွဖွမှာကြားနေသည်။

စာမျက်နှာ (၁၉) သို့

## တရားရိပ်သာသို့ အနီးကပ်ချဉ်းကပ်ကြည့်ဝင်းပါ

စာမျက်နှာ (၁၈) မှ

ပီပြင်ပြတ်သားသော အလုပ်ပေးတရား၊ ဆုံးမစကားများက လေးနက်လှသည်။

'စိုက်မရှုနဲ့၊ ထိန်းမရှုနဲ့၊ လုပ်မရှုနဲ့၊ ချုပ်မရှုနဲ့၊ ဖြစ်အောင်မလုပ်နဲ့၊ ပျက်အောင်လည်းမလုပ်နဲ့၊ ဖြစ်တိုင်းပျက်တိုင်းကိုလည်းမမေ့နဲ့၊ သိနေရမယ်၊ ဖြစ်အောင်လုပ်လျှင် လောဘ၊ ပျက်အောင်လုပ်လျှင် ဒေါသ၊ ဖြစ်တိုင်းပျက်တိုင်း မသိလျှင် မောဟ၊ ရှုမှတ်စိတ်တွင် လောဘ ဒေါသ သောကမပါမှ ရှုမှတ်စိတ်ဖြစ်မည်'

'အတွေးကို ပြဿနာမရှာနှင့်၊ မတွေးအောင်လုပ်နေတာမဟုတ်၊ တွေးလျှင် တွေးမှန်းသိအောင်လုပ်ပါ'

'အာရုံကိုပယ်ရမှာမဟုတ်၊ အာရုံကြောင့်ဖြစ်သောကိလေသာကိုသိပြီး ရှုမှတ်ပါ၊ ပယ်သတ်ပါ'

'သဒ္ဓါရှိမှ ဝီရိယရှိမည်။ ဝီရိယရှိမှ သမာဓိရှိမည်။ သမာဓိတည်မှ အမှန်သိမည်။ အမှန်ကိုသိမှ သဒ္ဓါပိုလာမည်။ ပစ္စုပ္ပန်တည့်တည့်ကို သတိထားပါ။ အတိတ်ကိုလည်းမပြန်နှင့်။ အနာဂတ်ကိုလည်းမကြံနှင့်။ အာရုံကအရေးမကြီး။ ရှုမှတ်စိတ်ကအရေးကြီးသည်'

တရားအားထုတ်ချိန်က ရိပ်သာဓမ္မာရုံ၊ ကမ္မဋ္ဌာန်းကျောင်းတစ်ခုထဲမှာပဲ ဘောင်ကျဉ်းကျဉ်း ခတ်မထားဘဲ နေအိမ်၊ အိပ်ရာ၊ နားနေရာများလည်း တရားအားထုတ်နိုင်ကြောင်း သိဖို့လိုသည်။ နောက်ဆုံး သန့်စင်ခန်းထဲမှာပင် မိမိ၏အမှုကိစ္စ အညစ်အကြေးစွန့်နေစဉ်၊ မျက်နှာသစ်၊ သွားတိုက်နေစဉ်၊ ရေချိုး အဝတ်လျှော်နေစဉ်၊ ထမင်းဟင်းချက်နေစဉ်ပင် တရားဓမ္မကိုဆင်ခြင်နိုင်ပါသည်။

အချိန်မရွေး၊ နေရာမရွေး၊ အလုပ်အကိုင်မရွေး၊ ဣရိယာပုတ်မရွေး အားထုတ်နိုင်သောအလုပ်ပါ။ တစ်နေကုန်လုပ်ရမည်။ ရေရှည်လုပ်ရမည်ကိုကြည့်ဖို့ လိုသည်။

စိတ်က နိုးကြားသတိရှိရမည်။ စိတ်ကို မျှတအောင်ထားနိုင်ရမည်။ တရားအားထုတ်စအချိန်ပိုင်းမှာ စိတ်ကမငြိမ်းဘဲ ပျံ့လွင့်နေမည်။ ငိုက်မည်။ တွေဝေမည်။ ထိနမိတ္ထဝင်မည်။ စိတ်က ပျော့နေမှုအားနည်းချက်ကို ဝိပဿနာအလုပ်ဖြင့် ကမ္မဋ္ဌာန်းပြဆရာ၏ ဥပနိဿျဖြင့် စိတ်ကိုထိန်းကျောင်းပေးဖို့လိုသည်။

တရားထိုင်ကြည့်လိုက်မှ ဆိုင်းမဆင့် ဗုံမဆင့် မတိုင်ပင်ထားဘဲ၊ မဖိတ်ခေါ်ဘဲ 'အတွေး' က ဝင်လာသည်။ ထိုင်နေစဉ်မှာပင် အတွေးကပျံ့လွင့်သွားသည်။ မိမိခန္ဓာကိုယ်က ငြိမ်နေ၊ တင်ပျဉ်ခွေနေသော်လည်း အတွေးက မိမိရောက်ခဲ့ဖူးသောနေရာများသို့ ပျံ့လွင့်ထားသည်။

'အတွေး' က စိတ်အနှောင့်အယှက်လား . . . . ။

မေးစရာဖြစ်လာသည်။ အတွေးကို အနှောင့်အယှက်ဟူ၍ မထင်ရအောင်လုပ်ဖို့လိုသည်။ အတွေးက အနှောင့်အယှက်ဟူ၍တွေးပြီး ဖယ်ရှားချင်ကြသည်။ အတွေးကလည်း စိတ်ပင်မဟုတ်ပါလား။ စိတ်အကြောင်း သိချင်၍ အတွေးကပြနေသည်။ အတွေးက ခံစားမှုကိုဖန်တီးနေ၍ 'မကြိုက်' ဖြစ်ရသည်။ အတွေးကိုပယ်သတ်ရသည်။ အတွေးကိုနုတ်ပယ်ရသည်။

တရားအားထုတ်နေစဉ်၊ ရိပ်သာဝင်နေစဉ် အဓိဋ္ဌာန်ဖြင့် ခုနစ်ရက်စခန်း၊ ဆယ်ရက်စခန်း၊ တစ်လစခန်း၊ နှစ်လစခန်း၊ သုံးလစခန်း၊ ခြောက်လစခန်းများဝင်၍ ခန္ဓာကိုယ်ကို ဓမ္မသို့ပေးလှူဒါန်းကြသည်။

တရားအားထုတ်မှုက ငြိမ်းချင်၍လား . . . . . ။ အမှန်သိချင်၍လား . . . . . . ။ မည်သည့် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်အားထုတ်ကြသည်ကို ဆန်းစစ်ဖို့လိုသည်။ ရိပ်သာဝင်ပြီး လိုချင်မှုစိတ်ဆန္ဒများရှိနေသေးသမျှ ပူမှုသောကရှိလာမည်။ သမာဓိပျက်သုဉ်းနိုင်သည်။

စိတ်ကိုထိန်းချုပ်ပြီး ရိပ်သာဝင်နေစဉ် အတင်းအဓမ္မစိတ်ကို မထိန်းချုပ်သင့်ပါ။ အားစိုက်လွန်းလျှင်၊ လိုအပ်သည်ထက်ပိုကဲနေလျှင် ပိုပြီးပင်ပန်းလာမည်။

ရုပ်မှာဖြစ်တည်မှုကလည်း ဓမ္မပါ။ စိတ်မှာဖြစ်တည်မှုကလည်း ဓမ္မပါ။ ဓမ္မသဘောတရားများကို ငါ၊ ကိုယ် ပိုင်ဆိုင်မှုအမည်တပ်ဖို့မလိုပါ။ ပူ၊ အေး၊ ချမ်းမှု၊ ခံစားသိမှုက သဘာဝပါ။ ပူ၊ အေး၊ ချမ်းမှု၏ထိပ်မှာ 'ငါ' အတ္တစွဲမြဲယူဆလိုက်လျှင် သမ္မာသတိ ပျက်ပြယ်သွားနိုင်ပါသည်။ နေရာတိုင်း မြင်သိ၊ ကြားသိ၊ ခံစားသိတိုင်းမှာ အယူမှန်၊ သတိမှန်၊ ဉာဏ်မှန် စိတ်ဝင်စားဖို့လိုပါသည်။

'ယောနိသော မနသိကာရ' အယူမှန်၊ အသိမှန်၊ အတွေးမှန်ပါမှ အာရုံမှတစ်ဆင့် ကုသိုလ်ရဖို့ လိုအပ်သည်။

တရားကိုလိုချင်၍ ရိပ်သာဝင် တရားအားထုတ်ကြတာပါ။ တရားကိုရအောင် ခန္ဓာကိုဉာဏ်သွင်းပြီး တရားဓမ္မနှင့် မိတ်ဆက်ကြတာပါ။ တရားလိုချင်မှုက လောဘနှင့် ယှဉ်တွဲနေသည်။ တရားအားထုတ်ချင်မှုက သဒ္ဓါ၊ ဉာဏ်ဖြင့်စိုးမိုးထားသည်။

ရိပ်သာထိုင်နေချိန်များကိုသတ်မှတ်ပြီး ခေါင်းလောင်း၊ ကြေးစည်တီးလိုက်သည်နှင့် မိမိသတ်မှတ်နေရာမှာ တရားထိုင်ရမှုက နာကျင်ကိုက်ခဲမှုဝေဒနာအာရုံကို မိတ်ဆက်ကြတာပါ။ နာကျင်နေဆဲ ဖြစ်လာသောခံစားသိမှုကို လေ့လာပြီး ကျော်လွှားဖို့လိုသည်။ တရားအားထုတ်စဉ်ဖြစ်သောအာရုံပိုင်း၊ အားထုတ်နေသော စိတ်ပိုင်းဝေဒနာနှစ်မျိုးက သူနိုင်ကိုယ်နိုင် အားပြိုင်လာသည်။ ဝိရောဓိဖြစ်လာသည်။

တရားရမှုထက် တရားအားထုတ်တတ်ဖို့လိုသည်။ ဖြစ်နေသောအာရုံကို မြင်အောင်ကြည့်တတ်ဖို့ လိုသည်။ နားလည်ပေးဖို့လိုသည်။

တရားဓမ္မကို ရချင်လွန်းအားကြီး လောဘကြီးပြီး အားစိုက်လျှင် စိတ်မှာအားကုန်ပြီး လူပင်ပန်းရုံသာ ဖြစ်မည်။ အသိဉာဏ်ပါဝင်လာပါမှ စိတ်တန်ခိုး စိတ်စွမ်းအားက ပိုမိုကောင်းလာမည်။ သမာဓိရလာမည်။ ရင့်ကျက်တည်ငြိမ်လာမည်။ အားထုတ်တုန်း၊ အားထုတ်ဆဲအချိန်မှာ ကိလေသာဖြင့် အားထုတ်မိပါက ကိုယ်ပင်ပန်းပေမည်။ ပျင်းရိလာမည်။ အားထုတ်ချင်စိတ်လျော့ပါးမည်။

တရားထိုင်စဉ် ယောဂီဘဝထဲသို့ ဓမ္မတရားများကို အားဖြည့်ထည့်ပေးဖို့လိုသည်။ စိတ်တည်ငြိမ်ပြီး ဉာဏ်စဉ်ရင့်ကျက်လာလျှင် ယောဂီ၏အစွမ်း အဆင့်ဆင့်မြင့်မားလာမည်သာဖြစ်သည်။ တရားထိုင်ရကျိုးနပ်လာမည်။ တရားလုပ်ရကျိုးနပ်မည်။

ယောဂီက တရားရိပ်သာစခန်းဝင်ပြီး ရိပ်သာမှ အချိန်ပြည့်၍ပြန်လာသည်။ နေရပ်ဒေသ၊ နေအိမ်သို့ပြန်လာသည်။ ကိုယ်ဝင်ခဲ့သောတရားရိပ်သာ၌ မူလရည်မှန်းချက်အတိုင်း ရ-မရ ပြန်ဆန်းစစ်ကြည့်သည်။ ကိုယ်မှန်းထားသမျှ ရယူပိုက်ထွေးမှု အတိမ်အနက်ကိုသုံးသပ်သည်။ ကိုယ်လိုချင်သည်က မည်မျှနည်း။ ကိုယ်လုပ်နိုင်ခဲ့သည်က မည်သို့နည်း။ ပြန်လည်ဆန်းစစ်ကြည့်မိသည်။ အသိဉာဏ်တရားဓမ္မ အတိမ်အနက်ကို ခွဲခြားစိတ်ဖြာမိသည်။

ကိုယ်မှာရှိနေခဲ့သော တရားဓမ္မအပေါ် ယုံကြည်မှုသဒ္ဓါ၏ အတိမ်အနက်ကို သုံးသပ်ကြည့်မိသည်။ သတိ၊ သမာဓိ၊ ဉာဏ်ထက်မြက်မှု၊ လျော့နည်းမှု၊ စူးရှမှု၊ အားနည်းမှုကို ပြန်လည်နှလုံးသွင်းမှုက တရားစစ်ခြင်းသာဖြစ်သည်။

တရားဓမ္မရိပ်သာမှအပြန် အသိအတွေးတစ်ခုကပါလာသည်။

'အလင်းရောင်ရှိသောအချိန် ကျော်လွန်သွားခြင်းဟူသောဘေး၊ မှောင်မိုက်ခြင်း၊ ကုန်လွန်သွားခြင်းဟူသောဘေး၊ အရွယ်သုံးပါးကုန်လွန်သွားခြင်းဟူသောဘေးများဖြင့် ကျော်လွှားခဲ့ရသည်။

ကုသိုလ်ကောင်းမှုများကိုလုပ်ရမည်။ ထို့ထက် ကုန်လွန်သွားသော အချိန်များကို ပြန်လည်သုံးသပ်၍ ကျန်ရှိနေသေးသော အချိန်တိုကာလလေးကို အကောင်းဆုံးအလှခြယ်ရမည်' ဟူ၍ . . . . . ။

## ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ

ခ ဟိန်းဖြိုးဝေ(ကနီ)

ဘဝသံသရာတွင် အခြေအနေမျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ရှင်သန်နေထိုင်ကြရသည့် ကျွန်ုပ်တို့လူသားများသည် အခြေအနေအကြောင်းကြောင်းပေါ်မူတည်ပြီး "ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ" ဟူသည့်အတိုင်း ပုံစံမျိုးစုံဖြင့် ဘဝကိုတည်ဆောက်ကာ ရပ်တည်နေထိုင်ကြရသည်။

လူသားတစ်ဦး အသက်ရှင်နေထိုင်မှုတွင် ထိုသူ၏ အကျင့်စာရိတ္တသည် ၎င်း၏ပတ်ဝန်းကျင်နှင့် များစွာသက်ဆိုင်ပေသည်။ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားမှုသာလျှင် မိမိတို့ အသက်ရှင် နေထိုင်မှုသည်လည်း ကောင်းမွန်စွာ တန်ဖိုးရှိရှိ ရပ်တည်နိုင်မည်ဖြစ်ပေသည်။

ပတ်ဝန်းကျင်ကောင်းတစ်ခုဆိုသည်မှာ မိမိတို့ရှင်သန်နေထိုင်ရာဝန်းကျင်မှ ကုသိုလ်၊ ပညာ၊ ဥစ္စာ တစ်ခုမဟုတ်တစ်ခု ရရှိနေခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ မြတ်စွာဘုရားရှင်ကိုယ်တိုင်က သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင်လည်း "ကုသိုလ်၊ ပညာ၊ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ" ဟု ဆုံးမထားပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ လူသားများသည် ဘဝ၏တိုးတက်ရာတိုးတက်ကြောင်း၊ အောင်မြင်ရာအောင်မြင်ကြောင်းကို ရရှိစံစားနိုင်ဖို့ ဤသုံးချက်နှင့် ကိုက်ညီသော နေရာဒေသ ပတ်ဝန်းကျင်မျိုးကို ရွေးချယ်နေထိုင်သွားကြဖို့ လိုပေမည်။

### ကုသိုလ်နှင့်ပတ်ဝန်းကျင်

ကျွန်ုပ်တို့လူသားတိုင်းသည် တစ်ခါတစ်ရံမှာ ကောင်းမှုကုသိုလ်ကိုပြုလုပ်ဖို့ မေ့နေတတ်ကြသည်။ လူငယ်တွေသာမက လူကြီးတွေကိုယ်တိုင်ပင် ဘုန်းကြီးကျောင်းသွားမှ ကုသိုလ်ရသည်ဟု ထင်နေတတ်ကြသည်။ မိမိတို့အိမ်ရှိ ဘုရားကိုပင် ဆွမ်းတော်ကပ်၊ သောက်တော်ရေချမ်းလဲ၊ ကြည်ညိုသဒ္ဓါပွားများရုံနဲ့ပင် ကုသိုလ်ရရှိသည်ကို သတိမထားမိကြပေ။

မိမိတို့အိမ်ထဲနေရင်းဖြင့် ရရှိလိုက်သည့် ကုသိုလ်ဖြစ်ပါသည်။ သည်ထက် ကုသိုလ်များစွာရရှိဖို့ဆိုရင် မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရှိ သာရေး၊ နာရေးကိစ္စအထွေထွေကို လိုက်ပါကူညီ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ရရှိနိုင်သည်။ ထိုသို့ အိမ်တွင်း၊ အိမ်ပြင် အသီးသီးမှ ရရှိလိုက်သည့် ကုသိုလ်သည် မိမိကိုယ်တိုင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ပြီး ကိုယ်တိုင်တရားသဘောနားလည်ပါက ပိုမိုကောင်းမွန်ပေသည်။

နေ့စဉ် မိမိတို့ ဝန်းကျင်ကို ကောင်းမှုကုသိုလ်တစ်ခုခုဖြင့် အလှဆင်နိုင်ပါက သာ၍ကောင်းမွန်မည်မှာ မလွဲဧကန်ပင် ဖြစ်သည်။ ကောင်းမှုကုသိုလ်ဟူသည် မိမိပတ်ဝန်းကျင်တွင် လွန်စွာအရေးကြီးလှသကဲ့သို့ အကုသိုလ်တရားများ၊ မကောင်းမှုများပြီး ကောင်းမှုကုသိုလ်မရှိသည့် ပတ်ဝန်းကျင်မျိုးကိုလည်း ရှောင်ကြဉ်ရပေမည်။

### ပညာနှင့်ပတ်ဝန်းကျင်

ပညာဆိုသည်မှာ ကျွန်ုပ်တို့ လူသားတိုင်းအတွက် အသိပညာနှင့် အတတ်ပညာဟူ၍ နှစ်မျိုးရှိပေသည်။ အသိပညာသည် အကောင်းအဆိုးကို ဝေဖန်ပြီး အကောင်းအဆိုးကိုလည်း မျှတစွာခံစားနားလည်ပေးခြင်းဟု ဆိုနိုင်သည်။

ထို့အတူ အတတ်ပညာသည်လည်း မိမိတို့၏ တတ်မြောက်မှုအပေါ်တွင်မူတည်ပြီး လုပ်ငန်းဆောင်တာအသီးသီး၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ဆိုနိုင်သည်။

မိမိတို့သည် ငယ်စဉ်ကလေးဘဝ အခြေခံပညာမှသည် လူငယ်ဘဝအဆင့်မြင့်ပညာအထိ သင်ယူတတ်မြောက်ခဲ့ကြပြီး သင်သမျှပညာသင်ညာတစ်ခုကို ပြီးမြောက်အောင်လုပ်နိုင်သည်ဟုသာ ဆိုနိုင်သည်။ ပညာသည်ကား ထိုသို့ အတန်းပညာတစ်ခုတည်းနှင့် မသက်ဆိုင်ဘဲ တွေးခေါ်နိုင်မှု၊ ကြောင်းကျိုးဆီလျော်မှုကို ခွဲခြားနားလည်နိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှု စသည်တို့ဖြင့် ပေါင်းစပ်ပြီး အရာရာကို တွေးခေါ်မြော်မြင်က လုပ်ကိုင်ဆောင်ရွက်မှုဖြစ်သည်။

ထိုသို့ သင်ညာကော၊ ပညာကော ပေါင်းစပ်သိမြင်တတ်မြောက်ထားသူသည် ကိစ္စအတော်များများကို အခက်အခဲမရှိ အောင်မြင်စွာ ဖြတ်ကျော်နိုင်ပြီး လူသားများနှင့် ပတ်ဝန်းကျင်အကျိုးကို ထမ်းရွက်နိုင်မည်မှာ မြေကြီးလက်ခက်မလွဲဖြစ်ပေသည်။

### ဥစ္စာနှင့်ပတ်ဝန်းကျင်

ပစ္စည်းဥစ္စာဟူသည် ကျွန်ုပ်တို့ လူသားတိုင်း၏ ပတ်ဝန်းကျင်ရှိ ကိစ္စအတော်များများတွင် အရေးပါကြောင်းတွေ့ရပေသည်။ မိမိတို့ အသက်ရှင်ရပ်တည်မှုတွင် ငွေကြေးသည် အရေးကြီးသောကဏ္ဍမှ ရပ်တည်နေပေသည်။ လောကတွင်ငွေကြေးဥစ္စာသည် "ဒုတိယ ဘုရားသခင်" ဟုတောင် လူအများက ပြောဆိုတင်စားထားကြရသည်။

မိမိတို့၏ လုပ်ငန်းတစ်ခုအောင်မြင်မှုသည် ငွေကြေးနှင့်ပင် တိုင်းတာကြရသည်။ ငွေကြေးဥစ္စာသည် လက်ရှိဘဝကောင်းစွာ ရပ်တည်ဖို့သာမက သံသရာအဆုံးထိ အရေးပါနေသော အရာတစ်ခုဖြစ်ပေသည်။ သို့ဖြစ်၍ မိမိတို့လုပ်ငန်းကိုယ်စီတွင် နေ့စဉ်၊ လစဉ် ဝင်လာသမျှ ငွေကြေးကို ယခုဘဝအတွက်၊ သံသရာအတွက် အကျိုးရှိရှိ ဆီလျော်အောင် စိစစ်သုံးစွဲဖို့ လိုအပ်လှပေသည်။

ဤသို့ဆိုလျှင် မိမိတို့ နေထိုင်ကျင်လည်လုပ်ကိုင်ရာ ပတ်ဝန်းကျင်သည် ဖော်ပြခဲ့သည့် ကုသိုလ်၊ ပညာ၊ ဥစ္စာ ဤသုံးချက်မှ အနည်းဆုံးတစ်ခုနှင့် ကိုက်ညီပါမှသာ ကျွန်ုပ်တို့ လူသားတိုင်းအတွက် သင့်တော် မှန်ကန်ကောင်းမွန်သည့်နေရာအဖြစ် စံနှုန်းကိုက်မည်ဟု ဆိုချင်ပါသည်။

ကျွန်ုပ်တို့ လူသားအားလုံး သာယာပျော်ရွှင်စရာကောင်းသော ပတ်ဝန်းကျင်ကောင်းများ ရှာဖွေပိုင်ဆိုင်နိုင်ကြပါစေဟု ဆန္ဒပြုရင်း။

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပိုမိုထိရောက်စေရန် စုပေါင်းဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကို ထိထိရောက်ရောက်ထိန်းချုပ်ကာကွယ်နိုင်ရန် အာဏာပိုင်အဖွဲ့အစည်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်ကျန်းမာရေးဌာနနှင့် ပြည်သူများပါဝင်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အသင်းအဖွဲ့များဖြင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး လုပ်ငန်းများကို အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် ဆောင်ရွက်လျက်ရှိသည်။

"အရင်က စည်ပင်ကျန်းမာရေးက စနေနေ့ လုပ်ပါတယ်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သောကြာနေ့ လုပ်ကြတာမှာ သိပ်ပြီးထိထိရောက်ရောက်မရှိဘူးထင်လို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ကျော်နဲ့ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦး၊ ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးအေးမိုးတို့ ဦးဆောင်ပြီးတော့ အစုအဖွဲ့တစ်စုထဲနဲ့ အင်အားသုံးပြီး အပတ်စဉ် အင်္ဂါနေ့နဲ့ သောကြာနေ့သတ်မှတ်ပြီး စုပေါင်းလုပ်ပေးပါတယ်" ဟု မြို့နယ်စည်ပင်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးချစ်ခင်က ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၉ ရက်ထိ ၄၊ ၇၊ ၁၀၊ ၁၁၊ ၁၃ ရပ်ကွက်တို့အား ရပ်ကွက်လုံးကျွတ် ဆောင်ရွက်ပြီးစီးကာ အိမ်ခြေ ၃၀၀၀ ကျော်ကို အဘိတ်ဆေး 175Kg အသုံးပြုကာ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉၇)

## "Happy Birthday ကျော်ကိုကိုဆက်နိုင်"

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ မြေးဦးရတနာ **မောင်ကျော်ကိုကိုဆက်နိုင်** Primary-1, Virtuoso, Brainworks International School (Thingangyune Branch)ရဲ့ **၁၅-၉-၂၀၁၆**ရက်တွင် ကျရောက်သော (၈)နှစ်ပြည့်မွေးနေ့ မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ကျော်တိုင် ဘိုးဘိုး၊ ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ တိုင်းပြည်အကျိုး၊ ဘာသာ သာသနာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သော သားကောင်းရတနာလေးဖြစ်ပြီး ကောင်းသောဆန္ဒများ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

**ဘိုးဘိုး** - မုံရွာဆရာမိုး
**ဖေဖေ** - ဗိုလ်မှူးကျော်ကိုကိုရှိန်း
**မေမေ** - ဒေါ်မိုးပြည့်ပြည့်ဖြိုး
**ညီလေး** - သုဝေယံရှိန်း (BRAIN Graduates-Parami)
- မိုးပြည့်စုံဟိန်း (BRAIN Leaders- Aplomb Total Parami)
**မမ** - မဂျူးဂျူးခင်
(နဝမတန်း-ကိုယ်ပိုင်အထက်တန်းကျောင်း၊ သဃ်န်းကျွန်း)

**ဘဘမြင့်၊ မေသက်၊ ဘဘ-မေသူဇာ၊ ဖေကြီး၊ မေကြီး၊ မေမော်၊ ဖေသော်-မေလေးပိုဆု၊ မေသင်း၊ တီလေး**

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု**

**ရွှေပင့်ကူ**

အဘထွက်ပွဲ

30000/-

Sep-17

**အာရှနဂါး**

မြဝတီ/ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100
707062, 09 797100100

**ဆုံးရာဝသီ** မပွဲဒါန

420144148, 421153797

**M.E.E.G** Masterpiece Engineering & Education Group

Construction Design Training & Service Center

1.Architectural Design 2.Structural Design 3.M&E Design

| | | | |
|---|---|---|---|
| AutoCAD | 3dsMAX | SketchUp | MicroStation |
| Revit | Etabs | Estimate | SolidWorks |

No.18/3D, Second Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196 , 095140118

UMTA

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသော

MITM MYANMAR INTERNATIONAL TRAVEL MART

MYANMAR INTERNATIONAL TRAVEL MART 2016

ကမ္ဘာတစ်ဝန်းလုံးမှ ခရီးစဉ်များကို တစ်နေရာထဲမှာ စုစည်းပြီး Special Promotion များဖြင့်
ဝယ်ယူနိုင်ရန်အတွက် MITM 2016 သို့ကြွလှမ်းခဲ့ပါလို့ဖိတ်ခေါ်လိုက်ပါတယ်

တာဝန်ယူမှုအပြည့်ရှိသောခရီးသွားကုမ္ပဏီများဖြင့်သာခရီးသွားပါ

ADVERTISING
SPONSORED BY -

Gracious Vacation Co., Ltd

ကျက်သရေထူး အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း

ပျော်ရွှင်မြူးတူး ကျက်သရေထူး

17 / 18th September 2016
SEDONA HOTEL (Grand Ballroom)
YANGON

**HEALTHY LIFE**

ကျန်းမာလှပလူမှုဘဝဂျာနယ်

ထွက်ပြီ

Marketing အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ လစာ+ခံစားခွင့်+ခရီးစရိတ် ဖုန်း- ၀၁ ၅၁၆၀၁၂

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် မြန်မာနှင့်နိုင်ငံတကာဆက်သွယ်ခြင်း

hamsahub RESPONSIBLE BUSINESS DEVELOPMENT

MGG Myanmar Goes Global

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် လူကြီးမင်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လိုပါလား။
ထိုသို့ လုပ်ကိုင်နိုင်ရန်လိုအပ်ချက်များကို လေ့လာလိုပါက ဤသင်တန်းတွင် လာရောက်လေ့လာနိုင်ပါသည်။
အာရှနှင့် ဥရောပနိုင်ငံများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် အတွေ့အကြုံများသော
ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အငြိမ်းစားစီးပွားရေးသံမှူးကြီး Mr.Bo Rasmussenနှင့် ဦးသုတအောင်တို့မှ သင်တန်းပေးသင်ကြားမည် ဖြစ်ပါသည်။
သင်တန်းပေးသူ-Mr.Bo Rasmussen (စီးပွားရေးသံမှူးကြီး၊ ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာန-အငြိမ်းစား)
တွဲဖက်သင်တန်းပေးသူ-ဦးသုတအောင် (HamsaHub Consulting Firm)
သင်တန်းနေ့ရက်-စက်တင်ဘာ ၂၂ရက်၊ နံနက် ၈နာရီမှ ညနေ ၅နာရီထိ။ (တစ်ရက်တည်းသား)
သင်တန်းကြေး-၈၄၀၀၀ကျပ်။
သင်တန်းစုံစမ်းရန်ဖုန်း-၀၁-၂၁၀၅၄၅၊ ၀၉-၇၇၃၁၇၆၁၀၉၊ ၀၉-၄၃၁၉၆၂၀၂။

## ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၄၄/၀၇၁၃

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။

အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

**Myanmar ICT Development Corporation (MICTDC)** ၏ **BOD** အဖွဲ့ဝင်ဖြစ်သော **Nay Thurein Min Co., Ltd.** ၏ **Managing Director,** ဒေါ်စန္ဒာလွင် သည် (**ASEAN Business Advisory Council**) မှ ချီးမြှင့်သော **Outstanding Woman Entrepreneur in a STEM Business Award** ကို ထိုက်တန်စွာချီးမြှင့်ခံရပါသဖြင့် **Board of Director** အဖွဲ့ဝင် Company တစ်ခုအနေဖြင့်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဥက္ကဋ္ဌ နှင့် **BOD** အဖွဲ့ဝင်များ
**Myanmar ICT Development Corporation**

Karat Silk
Walking with Hearts

## ၄ နှစ်ပြည့် အထူးဈေးရောင်းပွဲတော်

၁၆၊၉၊၂၀၁၆ (သောကြာနေ့) မှ ၁၈၊၉၊၂၀၁၆ (တနင်္ဂနွေနေ့) အထိ KARAT SILK ၏ ကိုယ်ပိုင်ဒီဇိုင်း မြန်မာ့ပိုးစစ်ချိပ်အမျိုးမျိုး၊ ပိုးစစ်ပုဆိုးအမျိုးမျိုး၊ ပွဲထိုင်ပဝါအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးဒီဇိုင်းအမျိုးမျိုးနှင့် အရည်အသွေးမြင့် ဒီဇိုင်းစုံဇာအမျိုးမျိုးတို့ကို ၅ % မှ ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါကြောင်း KARAT SILK ကို အားပေးခဲ့ကြသော မိတ်ဟောင်းများနှင့် လာရောက်အားပေးကြမည့် မိတ်သစ်များအား သတင်းကောင်းပါး၍ ဖိတ်ခေါ်အပ်ပါသည်။

အချိန် - နံနက် (၁၀)နာရီမှ ညနေ (၇)နာရီအထိ
နေရာ - 42/D, ပန်တျာလမ်း (ဦးဝိစာရလမ်းနှင့်ရွှေတိဂုံဘုရားလမ်းကြား)၊ ဒဂုံမြို့နယ်။
Ph : 01-375901, 09-73344556

**DSS Steel**
GI ဟောလိုပိုက်နှင့်သံပြားမြန်ချိရေး
၂၅၇၊ ၂၅၉ ကျိုင်းတုံလမ်းနှင့်ထားဝယ်လမ်းထောင့်
စက်မှုဇုန်(၁)၊ တောင်ဒဂုံ။
Ph : 09-5113546 , 09-976644550

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဗမာဆေးသုတ်အဖွဲ့ (H.H.H)
Unitex -100,150,220,250
Orient -200,250,300,350
Premier -250,350,400
ICI -350,450,700
Nippon -400,500,750
www.myanmarpaintgroup.com
09-799901512, 09-73174830, 09-5131799

FAME
**Nephrotec®**
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Urocrush®**
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 008245 (0717)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

**ဒဂုံမြို့သစ်**
အငှားပိုင်း
သိပ်စမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

"ပါကေးခင်းမယ်ဆိုရင် သတိရပါ၊ ဆက်သွယ်ပါ။ အိမ်ရှင်တိုင်း စိတ်ချမ်းသာစေရမည်"
**ပါကေးဦးထွန်းမိသားစု**
အရာလေး ဦးညွန့်ဖိုး ဖန်တီးသည်
နှစ်အလိုက် အာမခံချက် ပေးပါသည်။
ကျွမ်းကျင်သောဝန်ဆောင်မှု၊ မြေပြစ်သော ဆက်ဆံရေး၊ နွေးထွေးသော စေတနာ
ကိုယ်ပိုင်စက်ရုံမှ ထုတ်လုပ်၍ ဆန်းသစ်သောပုံစံများဖြင့် မြို့တိုင်းသို့ လိုက်လံဆောင်ရွက်သည်။
Hot Line 09-500 4036



**အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်**
**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**



# W.S.D Pile

Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507


ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

MCC.i



ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး
အလုပ်အကိုင်ပါတစ်ပါတည်း ရလိုသူများအတွက်

ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

Opening Date Sep 26

f www.facebook.com/mcc.institute
MCC.I (Yangon Campus) Ph - 01-245762, 249152, 395512
MCC.I (Mandalay Campus) Ph - 09-402671562, 011-202113
MCC.I (Naypyitaw Campus) Ph - 09-31354842, 09-254148940
MCC.I (Yatanarpon Campus) Ph - 02-5178112, 02-5178113, 02-5178132
MCC Polytechnic College (Monywa) Ph - 09-965676777, 09-265333120
MCC Polytechnic College (Pathein) Ph - 09-451888373, 09-773510899

AIT
Asian Institute of Technology



MPM
Professional Master's Program
Project Management in Construction

ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းစေရန် ရှေးရှုလျက်...

စိတ်ပါဝင်စားသူတိုင်းအား ဖိတ်ကြားအပ်ပါသည်။

- ❖ အကြောင်းအရာ — AIT ၏ ဘွဲ့လွန်(၁)နှစ်သင်တန်းအကြောင်း
- ❖ ဟောပြောမည့်ပုဂ္ဂိုလ် — Bonaventura H.W. Hadikusumo, PhD
- ❖ ဟောပြောမည့်နေ့ရက် — ၁၆ စက်တင်ဘာလ ၂၀၁၆ (သောကြာနေ့)
- ❖ ဟောပြောမည့်အချိန် — နံနက် (၉း၃၀) နာရီမှ (၁၁း၃၀) နာရီထိ
- ❖ ဟောပြောမည့်နေရာ — အစည်းအဝေးခန်းမ၊ ဒုတိယထပ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၂၂၈/၂၃၄ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

ဆက်သွယ်ရန်
ဦးအောင်မျိုးသိုက် (Program Partner)
09 785 157 276
unetwork2006@gmail.com

ဦးဝင်းကို
B.Com(Q), CPA, ACCA
Accounting Gold Medalist

LCCI LEVEL 4
- LEVEL 4 (၁)ဘာသာအောင်မြင်ရုံဖြင့်
- ACCA - Part (1)(၃)ဘာသာ

ကင်းလွတ်ခွင့်ရမည့် အခွင့်အရေး

ကျောင်းအပ်လက်ခံပြီ
အမှတ်(၂၃-B)ပထမထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်။
Tel: 09 550 7139, 09 511 8648

Jishugakkan Yangon Japanese Center(JYJC)
2017 April တန်းကျောင်းလျှောက်မည့်သူများအတွက် Promotion များရရှိပါမည်။
- (N - 5) အောင်မြင်ပြီးသူများအတွက် ကျောင်းလခ တစ်နှစ်စာ ဂျပန်ယန်း 703,500
- (N - 4) အောင်မြင်ပြီးသူများအတွက် ကျောင်းလခ ၁၀ လစာ ဂျပန်ယန်း 609,000
- (N - 3)(N-2) အောင်မြင်ပြီးသူများအတွက် ကျောင်းလခ ၈ လစာ ဂျပန်ယန်း 514,500

သာမေးသွင်းရပါမည်။(23.9.2016)(10am)တွင် Seminar နှင့် Interview ရှိပါသည်။

(N-5)(N-4)(N-3)နှင့်(sat,sun)တန်းခွဲသစ်များလည်းဖွင့်လှစ်ရန်ရှိပါသည်။
ဖုန်းနံပါတ် ။01-504268, 09-43139339
No.(101),Building(A),Yuzana Street,Highway Complex, Kamayut.

ရောင်းမည်
သာယာနိုးကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊(၆)လမ်း၊(၈)လမ်း၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း- 09-5401011, 09-73095677, 09-5002931

ရောင်းမည်
(၁၂½'×၅၀')မြေညီထပ် တစ်အိမ်လုံး ကြွေပြားခင်းပြီး၊ ရေချိုးခန်း၊ ရေကန်ပါ ကြွေပြားခင်းကာပ်၊ အိမ်သာ ဘိုထိုင် ကြွေပြားခင်းကာပ်၊ ပြူတင်းပေါက် သံပန်းတပ်ပြီး၊ အိမ်ရှေ့အလူမီနီယံတံခါး၊ ဘာဂျာတံခါး၊ ဆေးရှိုက်အမိုးတပ်ပြီး၊ BCC ရရှိပြီး အသင့်နေနိုင်။ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။ ဖုန်း၊ ၀၉-၄၂၀၇၆၇၅၉၇၊ ၀၉-၄၂၅၀၂၅၂၈၀

ASABA (JAPAN)

"အရည်အသွေးမြင့်ပြီး တာရှည်အသုံးခံသောဂျပန်နိုင်ငံမှထုတ်လုပ်သည့် ASABA အမှတ်တံဆိပ်လယ်ယာသုံး အထောက်အကူပြုပစ္စည်းများကို သင့်လယ်ယာလုပ်ငန်းခွင်တွင် ဂုဏ်ယူစွာဖြင့်သုံးစွဲကြပါစို့"



| AK-2700W(4-Stroke) | EP-200W4 | SP-15B | SA-25Z | SN-8 | AK-2600W(2-Stroke) |
|---|---|---|---|---|---|
| ဂျပန် မြက်ရိတ်စက် | ဂျပန် ဆေးဖျန်းစက် | ဂျပန် ဆေးဖျန်းပုံး | ဂျပန် မြေသြဇာကြဲစက် | ဂျပန် ပဲကြဲစက် | ဂျပန် မြက်ရိတ်စက် |

Distributed by
VSK INTERNATIONAL CO.,LTD.
No.(47/49),Phone Gyi Street, Lanmadaw Township,Yangon
No.(A-8G) Between 31 st x 32 st , 77 Street , Mandalay
YGN Ph- 01-2303013, 01-2303014, 01-225648,Ext-2 / MDY Ph- 02-21279, 02-30791-5

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ကြော်ငြာ

**GOLDEN STAR** Travels & Tours
- ပုပ္ပါး(အဘထွက်ပွဲ) - ပုဂံ - ပုဂံ - ပခုက္ကူ Sep-16,17
- တောင်ကြီး - အင်းလေး - ပင်းတယ Oct-14
- ကျိုက်ထီးရိုး / ရောင်းသာ / ဇွဲကဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480, 09-5081580

ဓမ္မအလင်း တရားအသံတော်ဖြန့်ချိရေး
(MP 3 စက်၊ USB - MicroStick) တရားအသံတော်များကို သက်သာသောနှုန်းဖြင့်ဆောင်ရွက်ပေးပါသည်။ 01 - 200747 - 1315 , 09 - 73009841
ဆိုင် - L7 - ယုဇနပလာဇာ မြေညီ။ ဝင်ပေါက် (၂၂)
အိမ်-၃၅၊ကြောင်မျက်ရှင်လမ်း၊ တိုကျာဆံရပ်ကွက်၊
ဗဟန်းမြို့နယ်။ (ပုလဲလမ်း - မြလမ်း မှတ်တိုင်)

ဈာပိုးသား (၆၄)ကြိမ်မြောက်အဘထွက်ပွဲဒါနခရီးစဉ်
(40000) (35000)
Ph:09425334456,0949323965,0949578205

**Fully Light** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်..
လိပ်စာ - ဒဂုံစင်တာ(၁)၊ ဘီဆောင် - ၈၀၁၊ မြေနီကုန်း၊ စမ်းချောင်း။
01-503815 ,09-333 777 82,09-42 101 3085

**Myanmar Classic Group Co.,Ltd.**

## Air Conditioning Training

(Basic Course)

- သင်၏အနာဂတ်မှာ Professional တစ်ယောက်အဖြစ်ရပ်တည်လိုပါကအတတ်ပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိစေမည့် သင်တန်းဖြစ်သည်။
- Air-Con ပညာရပ်ကို စိတ်ပါဝင်စားသူများအတွက် စာတွေ့၊လက်တွေ့များအား ထိရောက်စွာသင်ကြားပေးမည်။
- On Job Training နှင့် Practical အတွေ့ဦးစားပေးမည့်သင်တန်းဖြစ်သည်။

- သင်တန်းအမှတ်စဉ် - (6)
- သင်တန်းစတင်မည့်ရက် - 3.10.2016
- သင်တန်းကာလမှာ - (၂) လ တိတိ
- သင်တန်းရက် - တနင်္လာနေ့ မှ သောကြာနေ့ အထိ
- သင်တန်းနေရာ - အမှတ်(၂၃၂/က) အောက်ကြည့်မြင်တိုင်လမ်း၊ အလုံစာတိုက်မှတ်တိုင်အနီး အလုံမြို့နယ်၊ ရန်ကုန်မြို့။

သင်တန်းသားများစတင်လက်ခံနေပါပြီ၊

အသေးစိတ်သိရှိလိုပါကဖုန်းနံပါတ် ၀၁-၂၂၇၀၃၄၊ ၂၃၀၂၀၈၂၊ ၂၃၀၂၀၈၃ သို့စုံစမ်းမေးမြန်း နိုင်ပါသည်။

ကိုရီးယား နံပါတ် 1, CJ Foods Myanmarမှ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း။
**ဖြန့်ချိမည့်ပစ္စည်း**-ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ၊
စားအုန်းဆီ၊ နေကြာဆီ
လက်ရှိ ဇူလပိုင်းတွင် ရေဒီယို ကြော်ငြာထုတ်လွှင့်နေပြီး၊ ၁၀လပိုင်း ၁ရက်နေ့တွင် TVကြော်ငြာ ထုတ်လွှင့်မည့်အစီအစဉ်ရှိခြင်း။ လက်ရှိ မော်လမြိုင်၌ စားသောက်ကုန်နှင့် နေ့စဉ် လူသုံးကုန် ပစ္စည်း ဖြန့်ဖြူးနေသော **လက်ကား**ဆိုင်များအား ဦးစားပေးမည်။ စိတ်ဝင်စားပါက ဖုန်း-၀၉-၇၉၃၁၇၅၇၄၆သို့ ဖုန်းဆက်နိုင်ပါသည်။

စိန်ရတနာ အမှတ် ၇၆၊ ၃၂လမ်း(အောက်)။ 09 510 2750
စတစ်ကာ (၇၅၀ကျပ်) မှ စတင်၍ အလုပ်ပမာဏပေါ်မူတည်ပြီး (၆၀၀၊ ၅၀၀၊ ၄၀၀ကျပ်) တို့ဖြင့် ဆောင်ရွက်ပေးနေပါသည်။
Sq-Ft ၁သောင်းနှင့်အထက် ဗီနိုင်း ၁ပေ ပတ်လည် ၈၅ ကျပ်
Sq-Ft ၂သောင်းနှင့်အထက် ဗီနိုင်း ၁ပေ ပတ်လည် ၈၀ ကျပ်
A4 ကျောကပ်(၁)မျက်နှာ ၈.၅ ကျပ်
အစုံ(၁၀၀) နှင့်အထက် A4 ကျောကပ်(၁)မျက်နှာ ၇ကျပ်
အစုံ(၅၀၀) နှင့်အထက် A4 ကျောကပ်(၁)မျက်နှာ ၆ကျပ်

Since 1996
Home
Think of House, Think of Home
ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
Buy "Floor" ❷ ကျင်း → Get " Wall Covering" ❶ ကျင်း လက်ဆောင်
100,000 ကျပ် ဝန်းကျင် မှစတင်၍
READY MADE FLOOR
** Selected items only ** Terms & conditions applied
အမှတ် F.( 2~8 ) ပ-ထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာဈေးဈောင်ညွှန့်၊ ရန်ကုန်။ ဖုန်း - 09 730 84 840, 09 730 84 841



Facebook ကို
အကန့်အသတ်မရှိ သုံးနိုင်ပြီ
Facebook ဗီဒီယိုကြည့်မလား၊
ပုံတင်မလား၊ ချက်တင်လုပ်မလား
ကြိုက်သလို မရပ်မနားအသုံးပြုနိုင်ပါပြီ
ooredoo
နေ့စဉ် ၁၉၉ ကျပ် အကန့်အသတ်မရှိ
အပတ်စဉ် ၉၉၉ ကျပ် အကန့်အသတ်မရှိ
အစီအစဉ်ကို ရယူရန် *133# ကို ခေါ် ဆိုပါ
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

# BiBo လေး ရန်ကုန်ရောက်ရှိ ပရိသတ်များနှင့် တွေ့ဆုံမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံမှ ကလေးငယ် BiBo လေးနှင့် သူ့မိခင် သည် စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် စင်ကာပူနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကလေးချစ်သူများက We love Bibo Salman ဆိုင်းဘုတ်များကိုင်ဆောင်ကာ ကြိုဆိုခဲ့ကြသည်။

ထို့နောက် Bibo လေးနှင့် သူ့မိခင်သည် စက်တင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ရွှေတိဂုံဘုရားသို့ လာရောက်ဖူးမြော်ခဲ့ပြီး မြန်မာဝတ်စုံ ပုဆိုးလေး ဝတ်ဆင်ထားသည့် Bibo လေး၏ အမူအရာများကို ဗီဒီယိုမှတ်တမ်းရိုက်ကူးခဲ့သည်။စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် MRTV-4 မင်္ဂလာပါ အစီအစဉ်တွင် ပါဝင်မည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် ကရဝိက်နန်းတော်၌ သူ့ကိုချစ်သည့် ပရိသတ်များနှင့် တွေ့ဆုံသွားမည်ဟု သိရသည်။

Bibo Salman ခေါ် Le Salmanလေးကို ၂၀၁၅ ခုနှစ် မတ် ၂ ရက်တွင်မွေးဖွားခဲ့သည်။ Bibo လေးသည် ယခုအချိန်တွင် အသက် တစ်နှစ်ခွဲခန့်ပေါင်ချိန် ၄၅ ပေါင်အရွယ်ရှိသည့် ကလေးငယ်တစ်ဦး ဖြစ်သည်။ သူ၏ အသက်ကိုးလအရွယ်မှစတင်ကာ ချစ်စဖွယ် အမူအရာလေးများကို ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် အမှတ်တရ ဓာတ်ပုံရိုက်တင်ရာမှ ကလေးချစ်သူများအကြား ရေပန်းစားလာခဲ့သည်။

"ဒါကတော့ သူ့ရဲ့ကုသိုလ်ကံပေ့ါ။ သူ့မျက်နှာလေးကလည်း ချစ်ဖို့ကောင်းတယ်။ ဖြူဖြူလုံးလုံးလေးဆိုတော့ သူ့ကို လူတိုင်းက ချစ်ကြတယ်။ ပြီးတော့ အပြင်မှာ ပိုချစ်ဖို့ကောင်းတယ်"ဟု We love Bibo Myanmar Fan Page မှ ပွဲစီစဉ်သူ မထက်ထက်ထွန်းက ပြောသည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားရန်ပြင်ဆင်နေဟု အိုဘားမားပြောကြား

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းမှုမှာ ပြီးပြည့်စုံမှုသို့မရောက်သေးသည့်တိုင် မှန်ကန်သည့်လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်သဖြင့် အမေရိကန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားရန်ပြင်ဆင်နေကြောင်း သမ္မတ အိုဘားမားက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စက်တင်ဘာ ၁၄ ရက်က အိမ်ဖြူတော်၌တွေ့ဆုံစဉ် ပြောကြားသည်။

အမေရိကန်သမ္မတက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အမေရိကန် စီးပွားရေးအဖွဲ့အစည်းများကို မက်လုံးပေးဆွဲဆောင်သွားမည်ဟုလည်း ပြောဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ယခုအချိန်သည် မြန်မာနိုင်ငံ၏ စီးပွားရေးကို ထိခိုက်နိုင်သည့် ပိတ်ဆို့အရေးယူ မှုအားလုံးကို ဖယ်ရှား ပေးရမည့်အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် လွန်ခဲ့သည့်နှစ်ရွေးကောက်ပွဲတွင် NLD ပါတီအနိုင်ရရှိခဲ့ပြီးနောက်ပိုင်း အိမ်ဖြူတော်သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်အရ သိရသည်။ **(ကြေးမုံ)**



ဓာတ်ပုံ - ရိုက်တာ



မြန်မာအသင်းနှင့် ဩစတြေးလျ အသင်းတို့ ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ -MFF

# အာဆီယံယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်းရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအုပ်စု (ခ)ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းရှုံးပွဲကြုံတွေ့ခဲ့သည်။

**ဩစတြေးလျ ယူ-၁၉ - သုံးဂိုး**
**မြန်မာ ယူ-၁၉ - ဂိုးမရှိ**

ပထမပွဲတွင် နိုင်ပွဲရရှိခဲ့သည့် မြန်မာနှင့် ဩစတြေးလျအသင်းတို့တွေ့ဆုံခြင်းဖြစ်ပြီး ဩစတြေးလျအသင်းက ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ နှစ်ပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၉အသင်းသည် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင်နှစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အင်ဒိုနီးရှားကို အနိုင်ရခဲ့သည့် ပွဲထွက်လူစာရင်းကို လေးနေရာအထိ အပြောင်းအလဲလုပ်ခဲ့ပြီး ဩစတြေးလျအသင်းမှာလည်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာပြုလုပ်ခဲ့ သည်။ ပွဲအစတွင် မြန်မာအသင်းက ခံစစ်အသားပေးကစားခဲ့သောကြောင့်

**စာမျက်နှာ ၇ ကော်လံ ၂ သို့○**

# (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

(၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိသည်။

ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသားသက်ငယ် (၄၂)ကီလိုတန်းတွင် မျိုးခန့်ကျော် (ဧရာဝတီတိုင်းဒေသကြီး)က မင်းကျော်ဇ(ကရင်ပြည်နယ်)ကိုလည်းကောင်း၊ သက်ပိုင်ဖြိုးကိုဦး (တနင်္သာရီတိုင်းဒေသကြီး)က ရန်ပိုင်(မန္တလေးတိုင်းဒေသကြီး)ကိုလည်းကောင်း၊ အမျိုးသားသက်ငယ်(၄၆) ကီလိုတန်းတွင် အောင်ခန့်မော် (ဧရာဝတီတိုင်းဒေသကြီး)က လှိုင်းထက်ဇော် (မန္တလေးတိုင်းဒေသကြီး) ကိုလည်းကောင်း၊ ဝင်းပိုင်(မွန်ပြည်နယ်)က သန့်ဇင်အောင် (စစ်ကိုင်းတိုင်းဒေသကြီး) ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားသက်ငယ် (၄၈)ကီလိုတန်းတွင် ချစ်မိုး (ဧရာဝတီတိုင်းဒေသကြီး)က ရဲလင်းထွန်း (ရန်ကုန်တိုင်းဒေသကြီး) ကိုလည်းကောင်း၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့✳**

